
www.burmeseclassic.com

အောင်မြင်စာပေ ဂန္ထ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# ကြိသါ်

မျှောက်ကိုတခိုရှုမှ
တခိုပွဲစားတောကတော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## ပုံနှိပ်မှတ်တမ်း

၈၉၅.၈၃

ကြီးသစ်

မျောက်တစ်ရာမှ တစ်ပွဲစားတာတော / ကြီးသစ်။ – ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၀၉။

၂၄၀ – စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။

(၁) ကြီးသစ်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၆၆၂၀၁၀၉၊

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၁၅၀၁၀၉၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ပထမအကြိမ် ၂၀၀၉ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀၀) ကျပ်။




www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



www.burmeseclassic.com

## ဒ သ န လက် ဆောင်

လက်ခံချင်သည်ဖြစ်စေ၊
လက်မခံချင်သည်ဖြစ်စေ
အကောင်းနှင့်အဆိုးကို သယ်ဆောင်၍
မလွဲမသွေ ရောက်ရှိလာမည့် ညွှန်သည်မှာ
"ကံကြမ္မာ" ပင် ဖြစ်၏။

နေရောင်ခြည်ကို မျက်နှာချင်း မဆိုင်ချင်သူသည်
မိုးရွာသောအခါ မိုးရေစက်များက သင့်ဦးခေါင်းကို
ထုနှက်ကြပေလိမ့်မည်။

အမှားကို ကျူးလွန်သူသည် အမှားက တကူးတက
ရောက်လာခြင်း မဟုတ်ပေ။ အိပ်ပျော်နေသော အမှား
ကို သင်က လှုပ်နှိုးလိုက်ခြင်းသာဖြစ်သည်။

BURMESE CLASSIC .com

လူတစ်ယောက်ကို
အခြားနည်းများဖြင့်
ခြိမ်းခြောက်ခြင်းထက် မေတ္တာတရားဖြင့်
သိမ်းသွင်းခြင်းကသာ သင့်ဘက်သို့
ပါနိုင်သော နည်းလမ်းကောင်းဖြစ်သည်။

အောင်မြင်မှု လမ်းဆီသို့ သွားလိုသူအတွက်
အဖော်ကောင်း လိုပါသည်။
(၁) စတင်လုပ်ဆောင်ဖို့ ဝန်မလေးပါနှင့်။
(၂) အစဉ် ဂရုတစိုက် လုပ်ဆောင်ဖို့ အားထုတ်ပါ။
(၃) အခက်အခဲကြုံတိုင်း စိတ်မပျက်ပါနှင့်။
၎င်းအဖော်သုံးယောက်နှင့် သွားပါက တစ်နေ့ကျလျှင်
အောင်မြင်မှု ပန်းတိုင်သို့ ရောက်ပါလိမ့်မည်။

မိတ်ဆွေအချင်းချင်း လမ်းခွဲကြသည့်အခါ အပြုံးဖြင့်
လမ်းခွဲခြင်းသာလျှင် နောင်တစ်ချိန် ပြန်လည်
ဆက်သွယ်နိုင်မှုအတွက်
ကြိုးစတစ်စဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

- အချစ်စိတ်ကြောင့် အရာအားလုံးကို ယုံကြည်လွယ်ကြလေသည်။ ထိုယုံကြည်လွယ်ခြင်းများက...အချစ်ကို ဖျက်ဆီးတတ်ပေ၏။

- လိုချင်တာကို ရဖို့ထိုင်စောင့်နေရုံနဲ့တော့ ဘာမှ ရလာမှာ မဟုတ်ပါဘူး။ ရနိုင်မယ့် နည်းလမ်းကို ရှာမှ လိုချင်တာ ရမှာပါ။


- ချမ်းသာကြွယ်ဝခြင်းသည် ဘဝအတွက် အထောက်အကူတစ်ခုသာဖြစ်သည်။ အစဉ်အမြဲ ဖက်တွယ်ထား၍ ရအပ်သောအရာ မဟုတ်ပေ။

BURMESE CLASSIC .com

- အချစ်ကို စမ်းသပ်ခြင်းသည် ကိုယ်မစားဖူးသော သစ်သီးတစ်လုံးကို အရဲစွန့်၍ စားရခြင်းနှင့် တူလှသည်။ ချိုမြိန်၍ အရသာ ရှိချင်ရှိမည်။ ခါးသီး၍ အဆိပ်သင့်ချင်သင့်မည်။

- မစ္ဆရိယစိတ်သည် အခြားသူများထံသို့ မရောက်မီ မိမိကိုယ်ကို အရင်ဆုံး နှိပ်စက်လေ့ရှိသည်။

- အချစ်သည် တစ်ခါတစ်ရံ၌ မျက်မမြင် လမ်းပြတစ်ယောက်နှင့် တူလေသည်။ သူ့နောက်မှ လိုက်သူအားလုံးကို မျက်စိရှိပါလျက် မမြင်နိုင်အောင် ကာဆီးထားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) အမှောင်ရိပ်အတွင်းမှ ငါးဖမ်းသောလက်မည်း

အခန်း(၂) တစ်ပွဲစားနှင့် လျှို့ဝှက်ချက်များ

အခန်း(၃) လမုပင်စောင့် သရဲ

အခန်း(၄) တောနက်တွင်းမှ ချစ်သူ့ဝိညာဉ်

အခန်း(၅) ဓနိတောအတွင်းမှ ထူးဆန်းသော ခြောက်လှန့်မှု

အခန်း(၆) ရေသူမလား မိစ္ဆာလေလား

အခန်း(၇) ချစ်သူ့ဝိညာဉ် လဗ္ဗပင်

အခန်း(၈) ထူးခြားသော မင်္ဂလာပွဲ

အခန်း(၉) ညှမြင်နွေပျောက် သတို့သမီး

အခန်း(၁၀) ဝိညာဉ်နှင့် လျှို့ဝှက်ချက်များ

အခန်း(၁၁) တစ်ပွဲစားနှင့် မိစ္ဆာတို့ ရန်စွယ်

အခန်း(၁၂) မိစ္ဆာတို့ အနိုင်ရသောနေရာ

အခန်း(၁၃) အိမ်အလယ်ခေါင်တိုင်မှ မိစ္ဆာဘီလူး

အခန်း(၁၄) တစ်ပွဲစားနိဂုံး

အခန်း(၁၅) သစ်ဘီလူးနှင့် တစ်ပွဲစားဝိညာဉ်

အခန်း(၁၆) ချစ်ခြင်းဖြင့် သံသရာတည်စေ




### အခန်း [ ၁ ]

## အမှောင်ရိပ်အတွင်းမှ ငါးဖမ်းသောလက်မည်း

လရောင်ဆမ်းထားသော လတာမြင်သည် ညိုညစ်နေသော ပါးမြင်ပေါ်မှာ အရောင်တင် မိတ်ကပ်များ လိမ်းခြယ်ထားသကဲ့သို့ အရောင်တလက်လက် တောက်ပနေသည်။

ကမ်းစပ်တစ်လျှောက်တွင် စီတန်းပေါက်နေသော လမုပင်များ၏လတာပြင်ပေါ်သို့ ထိုးကျနေရာ အချို့နေရာများ၌ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။

ဒီရေကျသွားပြီး ကမ်းစပ်တစ်လျှောက် လတာပြင်များ ပေါ်လာသောအခါ ဂဏန်းနှင့် ငါးဖျံများ၏လှုပ်ရှားမှုများက



www.burmeseclassic.com

www.burmeseclassic.com



နေရာအနှံ့ ပေါ်လာသည်။

နုံးတင်နေသော လတာမျက်နှာပြင်ပေါ်၌ ၎င်းတို့၏ ခြေရာများမှာ မကန်းကွက်များ ခြစ်ထားသကဲ့သို့ ရှုပ်ထွေးနေတော့သည်။

လတာပြင်ပေါ်သို့ တန်ဆောင်မုန်းလဆန်းည၏ လရောင်က ဖြာဆင်းကျနေရာ နေရောင်တလက်လက် တောက်ပလျက် ရှိနေရာ ထိုအလှတို ငါးဖျန်နှင့် ဂဏန်းတို့၏ခြေရာများက ဖျက်ဆီးသကဲ့သို့ ရှိနေသည်။

မြန့်ပြူးညီညာသော လတာမျက်နှာပြင်ပေါ်မှာ အစင်းကြောင်းများ ထင်နေတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့ ကမ်းစပ်ရှိ လမုပင်တန်း ပေါ်မှ မျောက်အော်သံများ ပေါ်ထွက်လာသည်။

ဒီရေက လတာပြင်တစ်ဝက်ရောက်အောင် ကျသွားပြီမို့ တာပြင်ပေါ်၌ ကျက်စားကြသော ဂဏန်းများကို ဖမ်းယူစားသောက်ရန်အတွက် ကမ်းစပ်သို့ ဆင်းတော့ကြခြင်း ဖြစ်လေသည်။

မျောက်တစ်အုပ်က လမုပင်ပေါ် ရောက်သောအခါ ကမ်းစပ်မှ အခြေအနေတို အကဲခတ် ကြည့်ကြသည်။

ယိုးအာတော်ဝေးဝေးနေရာမှာ ငါးဖမ်းလှေတစ်စင်း ဆိုက်ကပ်ထားသည်မှလွဲ၍ ကမ်းခြေတစ်လျှောက်မှာ ရှင်းလင်းလျက်ရှိနေသည်။

ထိုအတွက်တော့ ပူစရာ မရှိပေ။

အကယ်၍ လှေပေါ်မှ လူများ ကမ်းပေါ်သို့ တက်လာ





ပါက ကမ်းစပ်ရှိ လမုကိုင်းများအပေါ်သို့ တက်ပြေးလိုက်ရုံသာ ရှိသည်။

ထိုသို့ စိတ်ချရတော့မှ လမုကိုင်းများပေါ်မှ လတာပြင် ပေါ်သို့ ဆင်းရန်ပြင်သည်။

မျောက်အုပ်မှာ ဆယ်ကောင်ခန့် ရှိသည်။

လတာပြင်ပေါ်မှ ဂဏန်းများကတော့ အန္တရာယ် ကင်းရှင်းသည်အထင်နှင့် မိမိတို့ တွင်းများနှင့် ဝေးရာသို့ ရောက်အောင် သွားလာနေကြသည်။

မျောက်များမှာ လတာပြင်ပေါ်သို့ ဆင်းသည့် နည်းဗျူဟာမှာ တစ်ကောင်းချင်း တန်းစီလျက် ဆင်းလာခြင်းမျိုး မဟုတ်ပဲ နေရာအနှံ့မှ တပြိုင်နက်တည်း ခုန်ဆင်းလာကြခြင်း ဖြစ်၏။

နေရာအနှံ့မှ တပြိုင်နက် ဆင်းလာသောကြောင့် လတာပြင်ပေါ်မှ ဂဏန်းများမှာ အလန့်တကြား ဖြစ်ကြကာ မိမိကိုတွင်းရှိရာသို့လည်း ရောက်အောင် မပြေးနိုင်၊ ဘယ်တွင်းဝင်ရမှန်း မသိပဲ ဟိုပြေးဒီပြေး ဖြစ်နေစဉ်မှာ မျောက်များက တစ်ကောင်ပြီးတစ်ကောင် ကောက်ယူ၍ ကိုက်ဝါးပစ်လိုက်ကြလေသည်။

၎င်းတို့ အသုံးပြုသောနည်းမှာ သားကောင်ကို ခြောက်လှန့်၍ လျှပ်တပြက် ဝင်ဖမ်းသောနည်းဖြစ်သည်။

ထိုနည်းကို အသုံးပြု၍ ဖမ်းသဖြင့် ဂဏန်းနှင့် ငါးဖျံတို့မှာ မျောက်များ၏စားသောက်ခြင်းကို ခံကြရလေသည်။

လှေပေါ်မှာ ရှိသော လူသုံးယောက်က မျောက်များ



www.burmeseclassic.com

www.burmeseclassic.com



ဂဏာန်းဖမ်းပြီးသည်အထိ ထိုင်စောင့်နေကြသည်။

ငှင်းတို့သုံးယောက်မှာ ဧထော်ပိုင်ရွာမှ ငါးဖမ်းသမား သုံးယောက်ဖြစ်ကြပြီး ဘဝင်းပိတ်ရန်အတွက် ထိုင်စောင့်နေကြခြင်းဖြစ်သည်။

ဘဝင်းပိတ်သည်ဆိုရာတွင် ယင်းဖြင့် ပိတ်သော ဘဝင်းနှင့် ပိုက်ဖြင့် ပိတ်သောဘဝင်း နှစ်မျိုးရှိသည်။

ဘဝင်းပိတ်သည် ဆိုခြင်းမှာ လတာပြင်တစ်လျှောက်ယင်း သို့မဟုတ် ပိုက်ဖြင့် တား၍ ပိတ်ဖမ်းသော ငါးဖမ်းနည်းဖြစ်သည်။ ပိုက်ကို အသုံးပြုပါက ရေကျသွား၍ လတာပြင် ပေါ်သောအခါ ပိုက်များက လတာပြင်အောက်၌ မြှုပ်ထားပြီး ရေပြည့်သောအခါ ရေလွှတ်အောင် အပေါ်သို့ ဆွဲတင်ထားလိုက်ရုံပင်။

ရေတက်ချိန်တွင် ကမ်းစပ်သို့ တက်၍ အစာရှာဖွေကြသော ငါးနှင့် ပုဇွန်တို့မှာ ပိုက်တားလိုက်သဖြင့် ပြန်ဆင်း၍ မရတော့ပဲ ရေကျသွားသောအခါ ပိုက်ခြေ၌ တင်ကျန်နေခဲ့ပြီး အဖမ်းခံရခြင်း ဖြစ်သည်။

ယင်းချပ်များကို အသုံးပြု၍ ဖမ်းမည်ဆိုပါက ရေကျချိန်တွင် လတာပေါ်မှာ တိုင်များ စိုက်ထားပြီး အနားနှစ်ဖက်ထိပ်၌ ယင်းအတိုများ စိုက်ထောင်ထားရသည်။

ရေပြည့်သောအခါ ယင်းအရှည်များကို လိုက်စိုက်ပြီး တိုင်များဖြင့် တွဲချည်ကြရသည်။

ပိတ်ဘဝင်း ပိတ်ရသည်နှင့်စာလျှင် ယင်းဘဝင်းပိတ်ရ





သည်က ယင်းလိပ်ကြီးများကို သယ်ရချရသောကြောင့် ပို၍ပင်ပန်းသည်။

သို့သော်လည်း ပိုက်များ တွင်ကျယ်စွာ မပေါ်သေးသောကြောင့် ရှေးနည်းအတိုင်း ယင်းလိပ်ကြီးများကိုသာ အသုံးပြုနေရဆဲဖြစ်သည်။

တမ်းစပ်တစ်နေရာ၌ ဆိုက်ကပ်ထားသော လှေသုံးယောက်တို့မှာ မလှမ်းမကမ်း လတာပြင်ပေါ်၌ ဂဏာန်းဖမ်းနေကြသော မျောက်များကို လှမ်းကြည့်ကြသည်။

"ရေကျသွားပြီ ယင်းတိုင် စိုက်ကြတော့မလား အဘ"

တင်ရွှေက ဆေးမတ်လိပ်ဖွာရင်း မေးလိုက်ရာ ခေါင်းဆောင်ဖြစ်သူ ဦးရေစွန်းက ပါးစပ်တွင်းမှ ကွမ်းတံတွေးကို ပစ်ခနဲထွေးချလိုက်သည်။

"နေပစေဦး. . . မျောက်တွေ ပြန်တက်သွားတော့မှ စိုက်ကြတာပေါ့"

"ဘာဖြစ်လို့လဲ အဘ"

မလှမ်းမကမ်းမှာ ထိုင်နေသော စိန်သန်းက မေးလိုက်ရာ ဦးနေဒွန်းက ပြောပြသည်။

"တစ်အချက်က မုဆိုးအချင်းချင်းဆိုတာ စည်းထားရတယ်၊ သူတို့လည်း ဝမ်းစာရှာနေတဲ့မုဆိုးပဲ၊ ငါတို့လည်း ဝမ်းစာအတွက် လာအလုပ်လုပ်နေတဲ့ မုဆိုးတွေပဲ မဟုတ်လား၊ သူအစာရှာနေတဲ့အချိန်မှာ မနှောင့်ယှက်ရဘူး၊

မုဆိုးချင်း စည်းဖောက်ရာ ရောက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ချက်ကရော အဘ"

"နောက်တစ်ချက်က မျောက်အုပ်စားသွားတဲ့ ငါးဖွဲ့နဲ့ ဂဏန်းအကြွင်းအကျန်တွေက သောင်ပြင်ပေါ်မှာ ပြန့်ကျဲပြီး ကျန်ခဲ့လိမ့်မယ်၊ အဲဒီငါးညှီနံ့တွေကြောင့် ရေတက်လာတဲ့အချိန်မှာ မြစ်ထဲမှာ ရှိတဲ့ ငါးပုဇွန်တွေ တက်လာကြလိမ့်မယ်၊ သူတို့ကို ငါးစာချပြီး မျှားခေါ်သလိုပေါ့ကွာ၊ တို့ မလုပ်နိုင်တာတွေကို မျောက်တွေက လာလုပ်ပေးနေတာပေါ့"

ဟု ပြောပြတော့မှ တင်ရွှေနှင့် စိန်သန်းတို့မှာ သဘောပေါက်သွားကြတော့သည်။

ဖောင်ဝင်မြစ်အတွင်း၌ ရေစစ်ကာနီး အချိန်ရောက်ရောက်တော့ မျောက်များမှာ တောပေါ် ပြန်တက်သွားတော့သည်။

ထိုအခါမှ သုံးယောက်သား ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်၍ လတာပြင်ပေါ်သို့ တက်ခဲ့ကြလေသည်။

ဦးနေဒွန်းက လတာပြင်တစ်လျှောက် ယင်းစိုက်ရမည့်နေရာများကို သတ်မှတ်ပေးပြီး ကျန်တစ်ယောက်က ချောတိုင်နှင့် ယင်းလိပ်များကို လတာပြင်ပေါ်သို့ သယ်တင်ပြီး ယင်းလမ်းဖောက်သူကဖောက် ယင်းတိုင် စိုက်သူကစိုက်နှင့် မနားရအောင် ရှိကြလေသည်။

ယင်းလမ်းဖောက်ရာမှာလည်း ယင်းချပ်များကို စိုက်သည့်အခါ အောက်ဖက်မှ သစ်တုံးသစ်ကိုင်းကဲ့သို့ အမာခံများ ခံမနေစေရန် အရေးကြီးသည်။





ယင်းစိုက်သောအခါမှ အောက်ဖက်မှ အမာခံများ ရှိနေလျှင် အပေါက်ဖြစ်လျှင် ထိုအပေါက်မှ ငါးပုဇွန်များ ထွက်ကုန်ပေမည်။

ယင်းကာပ်ရန် တိုင်စိုက်ရာမှာလည်း အရေးကြီးသည်။

ယင်းချပ်အလေးချိန် ရေတွန်းအားအရှိန် ခံနိုင်အောင် မြေအောက်သို့ နက်နိုင်သမျှ နက်အောင် စိုက်ရသည်။

တိုင်စိုက်ပြီးသောအခါ ထိပ်တစ်ဖက်တစ်ချက် ကမ်းစပ်ပေါ်၌ ဘက်နားတို ယင်းများ စိုက်ရသည်။

ယင်းအရှည်များကို လက်နားယင်းတိုများနှင့် တွဲကာ ထောင်လျှက် လိပ်ထားရသည်။

ရေတက်လာပြီး ပြည့်သောအခါမှာ ယင်းများကို ဖြန့်၍ စိုက်ရမည် ဖြစ်သည်။

အားလုံး ပြင်ဆင်ပြီးသောအခါ သုံးယောက်သား လှေရှိရာသို့ ဖြန်ဆင်းရန် လမုပင်အုပ်များအောက်မှ ဖြတ်ဆင်းကြသည်။

"ရွှပ် . . . ရွှပ် . . . ရွှပ်"

သူတို့ခြေသံနှင့်အတူ ကမ်းစပ်အပေါ်တောဘက်မှ လျှောက်လာသော ခြေသံကြီးကို ကြားလိုက်ကြရသည်။

ထို့ကြောင့် သုံးယောက်သား ရပ်ကာ နားစွင့်ကြည့်သောအခါ ပြန်လည်တိတ်ဆိတ်သွားလေသည်။

သို့ဖြင့် ဆက်လျှောက်လာသောအခါ လမုတောအတွင်းမှ နင်းလိုက်လာသော ခြေသံကြီးကို အတိုင်းသား ကြားရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဂွှတ်. . . ဂွှတ်. . . ဂွှတ်"

"အဘ တောစပ်က ခြေသံလိုလို ကြားရတယ်"

ဦးနေဒွန်းက တစ်ချက်နားစွင့်လိုက်ပြီး . . .

"တောကောင်တစ်ကောင်ရဲ့ခြေသံမျိုးလား"

ဟု တိုးတိုးမေးသည်။

"ခြေသံကတော့ တောကောင်ခြေသံမျိုး မဟုတ်ဘူး၊ လူတစ်ယောက်ရဲ့ခြေသံမျိုးနဲ့ တူတယ်"

"ဘယ်သူက တကူးတက ငါတို့ကို လိုက်ချောင်းမှာမို့လဲ"

"မသိဘူး အဘ"

"ဒီလိုဆိုရင် လမ်းလျှောက်ရင်းနဲ့ ခြေသံကြားတဲ့ဘက်ကို မျက်စိရှင်ရှင်ထားပြီး ကြည့်ကြစမ်း"

"ဟုတ်ကဲ့. . ."

အချိန်က ညဦးပိုင်းအချိန် ရောက်နေကာ ကောင်းကင်၌ လရောင်က ရှိနေသည်။

သို့သော်လည်း မြူနှင်းများ တောရိပ်များကြောင့် ဝိုးတဝါး ဖြစ်နေသည်။

လမုပင်တန်းများ အုံ့ဆိုင်းနေရာ တစ်လျှောက်မှာတော့ မှောင်နေသည်။ သုံးယောက်သား သတိဖြင့် ဆက်လျှောက်လာရင်း ခြေသံကြားရာဘက်သို့ ဂရုစိုက်၍ ကြည့်လိုက်တော့ သစ်ပင်များကို လက်ဖြင့် ဖြဲ၍ လိုက်လာသော မည်းမည်းသဏ္ဌာန် တစ်ခုကို ဝိုးတဝါး လှမ်းမြင်ရသည်။





"ဘာမြင်ရသလဲ"

"ဘာလဲတော့ မသိဘူး အဘ၊ တောစပ်မှာတော့ မည်းမည်းတစ်ကောင် လိုက်လာတာတော့ လှမ်းမြင်ရတယ်"

"လူများလား"

"လူတော့ မဟုတ်လောက်ဘူး၊ အရပ်မြင့်မြင့် အလုံးအထည်ကလည်း အတော်ကြီးတယ်"

ဦးနေဒွန်းမှာ တံငါလုပ်သက် ကြာပြီဖြစ်သောကြောင့် ထိုအခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။

"တို့ကို သရဲခြောက်နေတာပဲ၊ လှေဆီ ရောက်အောင်သာ ပြန်ဆင်းကြပေတော့"

ဟု ပြောကာ သုံးယောက်သား ခြေလှမ်းခပ်သွက်သွက်နှင့် လှေရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

ပေကျံနေသော ရွှံ့နွံများကို မြစ်ရေနှင့်ပင် ဖြစ်သလို ဆေးကြော၍ လှေပေါ်သို့ တက်ကြလေသည်။

လှေပေါ် ပြန်ရောက်မှ စိတ်မချသဖြင့် တောစပ်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ လမုကိုင်းတစ်ကိုင်းပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးကို အတိုင်းသား လှမ်းမြင်ကြရသည်။

"အဘ. . . ဟိုလမုကိုင်းပေါ်မှာ မည်းမည်းသဏ္ဌာန် အကောင်ကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်ပြီး ကျွန်တော်တို့ကို လှမ်းကြည့်နေတယ်"

"ဟုတ်ပါရဲ့. . . မျက်လုံးကြီးတွေကလည်း နီရဲနေတာ



www.burmeseclassic.com

www.burmeseclassic.com

ပဲ၊ ဘယ်လိုလုပ်ကြမလဲ အဘ"

"သရဲခြောက်တာပဲ. . . ဘာလုပ်စရာ လိုမလဲ၊ အချိန်တန်စတော့ ရပ်သွားလိမ့်မယ်၊ ကိုယ်လုပ်စရာရှိတာ လုပ်ကြ၊ ငါ တစ်ရေးလောက် မှေးလိုက်ဦးမယ်၊ ရေပြည့်ကာနီးကျရင် ငါ့ကို နှိုးကြ"

ဟု ပြောဆိုကာ လှေပဲ့ပိုင်းသို့ သွားကာ စောင်ကြမ်းတစ်ထည်ကို ခြုံကာ ကွေးအိပ်လေတော့သည်။

အတန်ကြာတော့ ဟောက်သံ တခေါခေါကိုပင် ကြားရသည်။

လှေဦးပိုင်းမှာတော့ တင်ရွှေနှင့် စိန်သန်းတို့နှစ်ယောက်မှာ အချမ်းပြေ ဆေးပေါ့လိပ်ဖွာရင်း စကားပြောနေကြသည်။

ထိုအချိန်အထိ လမုကိုင်းပေါ်မှာ ထိုင်နေသော မည်းမည်းသဏ္ဌာန်ကြီးက ရှိနေဆဲပင်။

"ငါတော့ ဒီအကောင်ကြီးကို တယ်ပြီး မသင်္ကာချင်ဘူး စိန်သန်း"

"ဘာဖြစ်လို့လဲ တင်ရွှေရာ"

"ငါတို့လည်း ချောင်းဆင်းကာနီးမှာ ထုံးစံအတိုင်း တင်မြှောက်ပသစရာ ရှိတာတွေ လုပ်ခဲ့ကြတာ မဟုတ်လား"

"အေး. . . လုပ်ခဲ့တယ်လေ"

"လုပ်ရဲ့သားနဲ့ အခုလို အနှောင့်အယှက် အခြောက်အလှန့်တွေနဲ့ တွေ့ရတယ်၊ ထူးဆန်းတယ်လို့ မထင်ဘူးလား"

"မင်းက ဘယ်လိုထင်လို့လဲ"





"ငါကတော့ တစ်ပွဲစား ဦးတာတေရဲ့လက်ချက်လို့ ထင်တာပဲ"

"ဟုတ်ပါ့မလား တင်ရွှေရ"

"မင်းစဉ်းစားကြည့်လေ. . . ငါတို့ ထော်ပိုင်ရွာမှာတင် မဟုတ်ဘူး၊ အနီးအနားက ရွာတွေမှာ ရှိတဲ့ ငါးရှာတဲ့လူတွေက တစ်ပွဲစား ဦးတာတေကို စားပွဲတစ်ပွဲ တင်ရတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီလို စားပွဲဆက်ပြီး အလုပ်ဆင်းရင် အနှောင့်အယှက်တွေ ကင်းပြီး ငါးပုဇွန်တွေလည်း ပိုရကြတယ် မဟုတ်လား"

"အားလုံးကတော့ အဲဒီလိုပဲ ထင်နေကြတာပဲ"

"ဒါပေမယ့် ငါတို့အဘ ဦးနေဒွန်းကတော့ ဦးတာတေနဲ့ အလုပ်ဖော်ကိုင်ဖက် အချင်းချင်းတွေလည်းဖြစ်၊ တစ်ယောက်အကြောင်း တစ်ယောက် သိနေသူတွေလည်း ဖြစ်တော့ အဲဒါတွေကို ယုံလည်း မယုံဘူး၊ လုပ်လည်း မလုပ်ဘူး မဟုတ်လား"

"ဒါကတော့ သူတို့က တစ်ရွာတည်းသား ငယ်ပေါင်းကြီးဖော်တွေဆိုတော့ ဘယ်လုပ်ပါ့မလဲ"

"အဲဒီလို မလုပ်လို့များ ငါတို့ အခုလို အခြောက်အလှန့်ခံနေရရောလားကွာ"

"ဟုတ်မယ်မထင်ပါဘူး တင်ရွှေရာ၊ ဦးတာတေကြီးကတော့ ငါတို့တတွေကို ဒီလိုမျိုး လုပ်မယ် မထင်ပါဘူး"

"ပြောနိုင်မလားကွ. . . ဦးတာတေက လူတစ်ပိုင်းယောင်ရဲ့ တစ်ပိုင်းလောက် ဖြစ်နေပြီဆိုတော့ သူက မလုပ်ပေမယ့် သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



တပည့်လက်သား သရဲသဘက်တွေက လုပ်ချင်လုပ်ကြမှာပေါ့"

ဟု အမျိုးမျိုး ထင်ကြေးပေးကာ ပြောဆိုနေကြလေသည်။

ထိုအခိုက်မှာပင် ကောင်းကင်ပေါ်မှာ လရောင်က တဖြည်းဖြည်း မြင့်တက်လာသလို မြစ်အတွင်း၌ ရေကလည်း ပြန်တက်လာချေပြီ၊ ကမ်းခြေတစ်လျှောက် ဒီရေတက်သံ၊ လှိုင်းခတ်သံနှင့်အတူ လမုတောများအတွင်းမှ ဘုတ်ငှက်များ အီသံ (အော်သံ)များက နေရာအနှံ့မှ ပေါ်လာသည်။

ရေတက်ဦးအချိန်တွင် တောင်လေက မြူးလာသောကြောင့် မြစ်အတွင်းမှာ လှိုင်းကြက်ခွပ်ကလေးများ ထလာသည်။

ရေထဦးရက် ဖြစ်သဖြင့် ရေစီးအားက ကောင်းသလို ရေတက်နှုန်းကလည်း မြန်သည်။

ပင်လယ်နှင့်နီးသော မြစ်ဝကျွန်းပေါ် အရပ်ဒေသများ၌ လဆန်းလဆုတ် (၁၁)ရက်နေ့ ရောက်လာလျှင် ရေထရက် ဖြစ်လာပြီး ရေထဦးရက်ဟုလည်း ခေါ်ကြသည်။

ထိုရက်များတွင် ငါးပုဇွန် မြူးသောအချိန် ဖြစ်သဖြင့် ငါးပုဇွန် ရှာဖွေသူများ အရအမိ များကြသည်။

လဆန်း(၁၁)ရက်မှ လပြည့်ကျော် နှစ်ရက်သုံးရက် အချိန်ရောက်လာလျှင် ဒီရေအမြင့်ဆုံးရောက်အောင် တက်လေ့ရှိသည်။

လပြည့်ကျော်သွားလျှင် ရေတက်နှုန်း များလာသလို ရေစီးအားကလည်း ကောင်းလာတော့သည်။





ထိုအချိန်မျိုးတွင် ရေစီးကြမ်းလာပြီ ဖြစ်သဖြင့် ငါးပုဇွန်ရှာဖွေ၍ မကောင်းတော့ပေ။

လပြည့်ကျော် သုံးရက်နေ့တွင် ဒီရေ အမြင့်ဆုံး တက်ပြီးနောက် တဖြည်းဖြည်း ရေတက်နှုန်း ပြန်လျော့သွားရာ (၇)ရက် (၈)ရက်ကျော်လျှင် ရေသေရက်ဟု သတ်မှတ်ကြသည်။

ထိုရက်မျိုးတွင် ငါးပုဇွန် ရှာဖွေသူတို့ အရအမိ နည်းသောကြောင့် အလုပ်နားကာ ပိုက်ဖာ၊ လှေပြင်၊ ယင်းကျစ် အစရှိသော ငါးဖမ်းကိရိယာများကို ပြုပြင်ကြသောအချိန်ဖြစ်သည်။

နှစ်ရက်သုံးရက် နားကာ ပြုပြင်စရာရှိတာ ပြုပြင်ကြပြီး (၁၁)ရက်နေ့ ရောက်၍ ရေပြန်ထလာသောအခါ ချောင်းထဲမြစ်ထဲသို့ အလုပ်ဆင်းကြရပြန်လေသည်။

ဤသို့ဖြင့် သူတို့၏ဘဝများမှာလည်း လှေဦးစိုလျှင်စို၊ လှေဦးခြောက်လျှင်ခြောက်ဖြင့် ဆင်းရဲခြင်း သံသရာ လည်နေကြရလေသည်။

လှေဦးစိုလျှင် ဆိုသောအဓိပ္ပါယ်မှာ ချောင်းထဲ၌ အလုပ်ဆင်းနေစဉ် လှေဦးရေစိုပြီး သားငါးရသောအခါ ငွေကြေးလည်း အဆင်ပြေပြီး ပြေပြေလည်လည် စားကြရ သောက်ကြရလေသည်။

အလုပ်မဆင်းရ၍ လှေဦးခြောက်နေသောအချိန်တွင် ငွေကြေးအဆင်မပြေကြသဖြင့် အစားအသောက် ချို့တဲ့ကာ ငမ်းခြောက်သည်ကို ပြောကြခြင်း ဖြစ်သည်။

ရေပြည့်ချိန် ရောက်သောအခါ ယင်းလိပ်များကို ဖြည့်



www.burmeseclassic.com

ရန်အတွက် ကမ်းခြေသို့ သွားရန် ပြင်ကြသည်။

ထိုအချိန်မှာ ညဦးပိုင်းက လမုပင်ပေါ်မှာ တွေ့ခဲ့ရသော မည်းမည်းသဏ္ဍာန်ကြီးကို မတွေ့ရတော့ပေ။

သို့သော်လည်း သူတို့စိတ်ထဲမှာ တစ်နေရာ၌ ရှိနေဦးမည်အထင်နှင့် စိတ်မချ ဖြစ်နေကြသည်။

ထိုအချိန်မှာ ဦးနေဖွန်းလည်း အိပ်ယာမှ ပြန်နိုးလာပြီဖြစ်၍ ယင်းတားရန် ပြင်ကြလေသည်။

ထိုအချိန်အထိတော့ အနှောင့်အယှက် မတွေ့ရပေ။

ယင်းလိပ်များကို ဖြန့်ရာတွင် တစ်ချပ်နှင့်တစ်ချပ် တွဲကပ်ရာတွင် လစ်ဟာမှု မရှိစေရန် ကနော်တံ(ဝါးချွန်တံ)များနှင့် တွဲရလေသည်။

ထိုအခါ အပေါ်မှ လုပ်၍မရပဲ ရေအောက်သို့ ငုပ်၍ တွဲကြရသည်။ ထိုသို့ တွဲရင်းမှပင် စေ့စေ့စပ်စပ် ရှိစေရန် ဂရုပြုကြရသည်။

တင်ရွှေက ယင်းချပ် ဖြန့်ပေးသောအခါ စိန်သန်းက ရေအောက်ငုပ်၍ ကနော်တံ ကပ်သည်။

စိန်သန်း ရေအောက်ငုတ်၍ ကနော်တံ ကပ်သည့်အလှည့်ရောက်သောအခါ၌ ရေအောက်မှ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင်က သူ့ခြေထောက်ကို လက်ကြမ်းကြီးနှင့် လာရောက်ဆုပ်ကိုင်သဖြင့် အလန့်တကြား ရုန်းကာ ရေပေါ်သို့ ပြန်တက်လေသည်။

"ဟော့ . . . တင်ရွှေ၊ ကြောက်ရတဲ့ကြားထဲမှာ အဲဒီလို





တော့ မနှောက်နဲ့ကွာ"

ထိုစကားကြောင့် တင်ရွှေမှာ မျက်လုံးပြူးသွားသည်။

"မင်းကို ငါက ဘာနှောက်လို့လဲ"

"ရေအောက်က ခြေထောက်လာဆွဲတာ မင်းရဲ့လက် မဟုတ်လား"

"မဟုတ်ပါဘူးကွာ . . . ငါ အပေါ်မှာပဲ ယင်းချပ် တွဲနေတာပါ၊ မင်း မယုံရင် အဲဒါကို မေးကြည့်ပါလား"

"ဒါဖြင့် ငါ့ခြေထောက်ကို ဘာကောင် လာဆွဲတာလဲ မသိဘူး၊ ငါတော့ ကြောက်လာပြီ၊ တင်ရွှေ . . . မင်း တလှည့်ငုပ်ဦးကွာ"

သို့ကြောင့် တင်ရွှေက ရေအောက်သို့ တစ်လှည့် ငုပ်ပြန်လေသည်။ ထိုသို့ ငုပ်သောအခါမှာလည်း ရေအောက်မှ လက်ကြမ်းကြီးတစ်ဖက်က လာရောက်ဆွဲပြန်သဖြင့် အလန့်တကြားနှင့် ပြန်တက်ပြေးလာပြန်သည်။

"အေး . . . မင်းပြောတာ ဟုတ်တယ်ကွ၊ ဘာကောင်လဲ မသိဘူး၊ ငါ့ခြေထောက်ကိုလည်း လာဆွဲတယ်"

ဟု ပြောသည်။

နောက်တော့ တစ်ယောက်တည်း မငုတ်ဝံ့တော့သဖြင့် နှစ်ယောက်တွဲ၍ ငုတ်သောအခါ နောက်ထပ် အနှောင့်အယှက် မတွေ့ရတော့ပေ။

အားလုံးပြီးသောအခါ လှေပေါ် ပြန်တက်ကြပြီး အချမ်းပြေ မီးလှုံရင်း အသင့်ကြိုထားသော လက်ဖက်ရည်ကြမ်း ပူပူ



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးကို သောက်ကြလေသည်။

ယင်းတားပြီးသောအခါ အလုပ်မရှိတော့ပေ။

"ကိုင်း. . . မင်းတို့နှစ်ယောက် တစ်လှည့်အိပ်ကြတော့၊ ငါပဲ မိုးလင်းတဲ့အချိန်အထိ စောင့်တော့မယ်"

ဟု ပြောသဖြင့် တင်ရွှေနှင့် စိန်သန်းတို့ နှစ်ယောက်က လှေဝမ်းအလယ်မှာ အိပ်ကြလေရာ ဦးနေဒွန်း တစ်ယောက်ထံ လက်ဖက်ရည်ကြမ်း သောက်ရင်း ထိုင်စောင့်နေသည်။

ရေပြန်ကျသောအချိန်မှာ သန်းခေါင်ယံ ကျော်ပေပြီ။ လရောင်က အနောက်ဘက် သစ်တောများအနောက်သို့ ဝင်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေသည်။

ရေတစ်ဝက်ခန့် ကျသွားသောအခါ ယင်းများ တားထားသော အတွင်းဘက်၌ ငါးများ တဗွမ်းဗွမ်း ခုန်နေသည်ကို အတိုင်းသား ကြားနေရသည်။

ရေပြည့်ချိန်၌ တောစပ်ရောက်အောင် တက်လာကြသော ငါးပုဇွန်များမှာ ရေကျချိန် ပြန်ဆင်းလာချိန်တွင် ယင်းများ ပိတ်တားထားကြသည်နှင့် တွေ့ရသဖြင့် တဖွမ်းဖွမ်း တဖျန်းဖျန်း ထခုန်နေကြတော့သည်။

ယင်းတိုင်မှာ လှေကြိုးချည်ထားပြီး ရေနွေးကြမ်း သောက်ရင်း အခြေအနေကို စောင့်ကြည့်နေသော ဦးနေဒွန်းမှာ ထိုအသံများ ကြားရသည်နှင့် စိတ်ထဲမှာ ကျေနပ်နေလေသည်။

"အင်း. . . ဒီကနေ့တော့ အထိအမိ များမယ်ထင်





တယ်"

ဟု တွေးနေစဉ် လှေရှိရာ အနီးမှာပင် ကပ်ဘီလူး ငါး တစ်ကောင်က 'ဝုန်း' ခနဲ ထခုန်လိုက်သည်။

ထိုအခိုက်မှာပင် ကမ်းစပ်တစ်နေရာရှိ လမုပင်ပေါ်မှာ လှုပ်ရှားသံများကို ကြားရသည်။

ထိုလမုပင်မှာ လှေကပ်ထားရာနေရာနှင့် မဝေးလှသောကြောင့် ရေနွေးကြမ်းသောက်ရင်း မော့ကြည့်လိုက်ရာ ရေထဲသို့ တိုင်းကျနေသော လမုကိုင်းပေါ်မှာ ထိုင်နေသော မည်းမည်း သဏ္ဌာန်တစ်ကောင်ကို မြင်ရသည်။

အမှောင်ရိပ်များကလည်း ရှိနေ၊ သစ်ကိုင်းသစ်ရွက်များကလည်း ကွယ်နေသဖြင့် သစ်ကိုင်းပေါ်မှာ ရှိနေသော သတ္တဝါကို သဲသဲကွဲကွဲတော့ မမြင်ရပေ။

ဦးနေဒွန်းမှာ မျက်စိကလည်း သိပ်မကောင်းသဖြင့် လှမ်းကြည့်သော်လည်း ဘာကောင်မှန်း မသိရပေ။

စိတ်ထဲမှာတော့ မျောက်ကြီးတစ်ကောင်ကောင် ဖြစ်လိမ့်မည်ဟု ထင်နေသည်။

သူ ကြည့်နေစဉ်မှာ သစ်ကိုင်းကြားမှာ လက်တစ်ဖက် ထွက်လာပြီး ရေထဲသို့ လိုက်စမ်းနေသည်။

သစ်ကိုင်းရှိသောနေရာနှင့် ရေရှိသောနေရာမှာ အနည်းငယ် ဝေးသော်လည်း ထိုလက်တံက အောက်သို့ ကောင်းစွာ မီနေသည်။ ခဏကြာတော့ ငါးကြီးတစ်ကောင်ကို ဖမ်းမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြားသို့ ဆွဲယူသွားပြီး တကျိုးကျိုး တဂျွပ်ဂျွပ်ဖြင့် ဝါးစားနေရာ အတိုင်းသား ကြားနေရသည်။

"အတော်ကြီးတဲ့မျောက် ဖြစ်မယ်"

ဦးနေဒွန်းမှာ ကြောက်တတ်သူ မဟုတ်သဖြင့် လက်ဖက်ရည်ကြမ်း အသောက်မပျက်ပဲ ထိုင်မြဲထိုင်နေသည်။

ခဏကြာတော့ လက်ကြီးထွက်လာပြီး ငါးများကို လိုက်စမ်းပြန်သည်။ တစ်ကောင်ရသည်နှင့် သစ်ပင်ပေါ်သို့ ယူသွားပြီး စားပြန်လေသည်။

"ဂျွပ်. . . ဂျွပ်. . . ဂျွပ်"

ရေက တဖြည်းဖြည်း နည်းသွားရာ ယင်းအောက်ခြေပင် ပေါ်ကာနီးနေပြီ။

လမုကိုင်းက အပေါ်ဘက် အတော်မြင့်မြင့်မှာ ကျန်နေခဲ့သော်လည်း အပေါ်မှ လက်မည်းကြီးကတော့ အောက်ဖက်မှ ငါးများကို ဖမ်းယူစားသောက်နေဆဲပင် ဖြစ်သည်။

လရောင်မရှိတော့သော်လည်း ကောင်းကင်မှ တစ်စွန်းတစ်စ ရှိနေသော အလင်းရောင်ကြောင့် အောက်ခြေတစ်ဝိုက်၌ ငါးပုဇွန်များ စုပုံနေသည်ကို မသဲမကွဲ မြင်နေရသည်။

သို့စေကာမူ လမုပင်ပေါ်မှ လက်တံရှည်ကြီးက ဖမ်းမိထားသော ငါးကြီးငါးကောင်းများကို တစ်ကောင်ပြီးတစ်ကောင် ကောက်ယူစားသောက်နေသောကြောင့် မိုးလင်းချိန်ရောက်လျှင် ယင်းဝိုင်းအတွင်းမှ ငါးပုဇွန်တွေ ကျန်မှ ကျန်ပါတော့မလားဟု စိုးရိမ်ပူပန်သွားမိသည်။





သို့ကြောင့် အိပ်ပျော်နေသော နှစ်ယောက်ကို နှိုးလိုက်သည်။

"စိန်သန်းနဲ့ တင်ရွှေတို့ ထကြစမ်းဟ"

တစ်ခါနှစ်ခါ နှိုးတော့မှ နှစ်ယောက်သား ထလာကြသည်။

"မိုးတောင် မလင်းသေးဘူး၊ ဘာဖြစ်လို့လဲ အဘ"

"ဟိုလမုပင်ပေါ်ကို မျက်စိကောင်းကောင်းနဲ့ လှမ်းကြည့်ကြစမ်း၊ ဘာကောင်လဲ မသိဘူး၊ ဘဝင်းထဲက ငါးတွေကို တစ်ကောင်ပြီးတစ်ကောင် နှိုက်စားနေတယ်"

"ဟင်. . ."

ထိုစကား ကြားသောအခါ နှစ်ယောက်သား အိပ်ချင်နေသောစိတ်ပင် ပျောက်သွားပြီး လန့်ဖြန့်သွားတော့သည်။

"ဘယ်. . . ဘယ်မှာလဲ အဘ"

"ဟိုလမုကိုင်းပေါ်မှာ ထိုင်နေတယ်"

ဦးနေဒွန်းက လှေနှင့် မလှမ်းမကမ်းမှာ ရှိသော လမုတိုင်းကို လက်ညှိုးထိုးပြသဖြင့် နှစ်ယောက်သား ကြည့်လိုက်တော့ ဘာမှ မမြင်ရပေ။

ပထမတော့ အမှောင်ရိပ် ဖုံးနေသောကြောင့် မမြင်ရတာလားဟု ထင်ကာ အသေအချာ ကြည့်တော့လည်း လမုကိုင်း လမုရွက်များမှလွဲ၍ အခြားဘာမှ မတွေ့ရပေ။

"ကျွန်တော်တို့နှစ်ယောက် ကြည့်တာတော့ ဘာမှ မတွေ့ရဘူး အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဟ. . . မစာစောကတောင် အဲဒီနေရာမှာ ရှိနေသေးတာပဲ"

"သေချာပါတယ် အဘရဲ့၊ တောပေါ်က မျောက်ကြီးတစ်ကောင် ဆင်းလာပြီး ငါးနှိုက်စားနေတာ ဖြစ်မှာပေါ့"

ဟု ပြောဆိုနေစဉ်မှာ အရှေ့ဘက်မှ အရုဏ်ဦး အလင်းရောင်များ တက်လာချေပြီ။

တဖြည်းဖြည်း ပြန်ကျသွားသော ရေကလည်း ယင်းချပ်များ၏အောက်ခြေပင် ပေါ်ကာ လတာပြင်အစပ်သို့ ပြန်ရောက်သွားချေပြီ။

သို့ကြောင့် ငါးပုဇွန် ဖမ်းရန်အတွက် ဒိုင်းဝန်းခြင်းတောင်းများ ယူ၍ ဘဝင်းအတွင်းသို့ ဆင်းသွားကြသည်။

အတွင်းသို့ ရောက်သောအခါ သုံးယောက်သား မျက်လုံးပြူးသွားကြလေသည်။

ငါးနုပ် ငါးသေးနှင့် ပုဇွန်ဆိတ်ကလေးများမှလွဲ၍ ငါးကြီးငါးကောင်းနှင့် ပုဇွန်ထုပ်ကြီးများ တစ်ကောင်တစ်လေမှပင် မတွေ့ကြရတော့ပေ။





## အခန်း [ ၂ ]

## တစ်ပွဲစားနှင့် လျှို့ဝှက်ချက်များ

ထော်ပိုင်ရွာသည် ရွာဟုသာ အမည်တပ်၍ ခေါ်ရသော်လည်း စင်စစ်အားဖြင့်တော့ သစ်တောအတွင်း၌ တည်ထားသော ရွာငယ်တစ်ရွာမျှသာ ဖြစ်သည်။

(၁၉၅၀)ခုနှစ် မတိုင်ခင်က ဖောင်ဝင်မြစ် မြောက်ဖက်ဆောင်ဘက်ကမ်းတစ်လျှောက်၌ လူနေအိမ်ခြေများ မရှိလှပဲ သစ်တောကြီးများသာ ရှိပေသည်။

နောက်ပိုင်းရောက်လာတော့ မီးသွေးဖုတ်ခွင့် လိုင်စင်များ ချပေးခဲ့ရာမှ ဓါးပြချောင်းချွန်းထိပ်၌ မီးသွေးဖိုများ လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တည်ကြသည်မှ အစပြုကာ လူနေအိမ်ခြေအချို့ စတင်ရောက်လာခြင်း ဖြစ်သည်။

သို့စေကာမူ ထော်စီထော်ပိုင်ဘက်မှာ အိမ်ခြေသိပ်မရှိလှပဲ သစ်ခုတ်သူများ၊ ဝါးရှာသူများ၊ အမဲလိုက်သူများ စုဝေးနေထိုင်ကြသည့် ရွာငယ်ကလေးများသာ ရှိသေး၏။

ထိုရွာကလေးများ၌ နေထိုင်ကြသူ အများစုမှာလည်း ကရင်လူမျိုးများသာ များလေသည်။

နောက်ပိုင်းမှ မြန်မာလူမျိုးများ တစ်စတစ်စနှင့် ရောက်လာကြကာ ရောနှောနေထိုင်ကြခြင်း ဖြစ်သည်။

ထော်ပိုင်ဘက်ကမ်းမှာ ဖောင်ဝင်မြစ်ကြီး၏ မြောက်ဘက်တမ်းဖြစ်သည်။

တောင်ဘက်ကမ်းတစ်လျှောက်မှာတော့ ပျဉ်ဒရယ် (ယခု ပြင်ဒရယ်)သစ်တောကြီးပိုင်း နယ်နိမိတ်အတွင်း၌ ပါဝင်သော နာမည်ကျော် မိန်းမလှကျွန်းကြီး ရှိလေသည်။

ထိုကျွန်းပေါ်တွင် မွန်မြို့စားကြီး ဗညားဇေယျ တည်ထားခဲ့သော မျှောက်တစ်ရာဘုရား ရှိသဖြင့် မျှောက်တစ်ရာကျွန်းဟုလည်း အလွယ်တကူ ခေါ်ကြသည်။

ထိုကျွန်းဘက်မှာတော့ တောကြမ်းလွန်းသောကြောင့် ဘယ်သူမှ အခြေတကျ မနေဝံ့လှပေ။

ထော်စီထော်ပိုင် ချောင်းဖျားဘက်၌ ချောင်းအတွင်း နစ်မြုပ်နေခဲ့တာ ကြာပြီဖြစ်သဖြင့် သဲနုန်းများအောက် ရောက်နေသော ရှေးခေတ်သုံး လောင်းလှေကြီးတစ်စင်း ရှိသည်။





လှေဦးပိုင်းနှင့် ပဲ့ပိုင်းက အနည်းငယ် ပေါ်နေပြီး အလယ်ပိုင်းကတော့ ရေအောက်သို့ စုံးစုံးနစ်မြုပ်လျက် ရှိသည်။

ကျွန်းသားဖြင့် ပြုလုပ်ထားသောကြောင့်သာ မဆွေးမမြေ့ ကျန်နေခြင်း ဖြစ်သည်။

ထိုလောင်းလှေကြီးမှာ မြို့စားကြီး ဗညားဇေယျတို့ စီးနင်းလာသော လောင်းလှေကြီး ဖြစ်သည်ဟု အထင်ရှိကြသည်။

သက္ကရာဇ် ၁၁၁၉(၁၇၅၇)ခုနှစ်က ကျုံတုံးမြို့ကြီးကို မြေလှန်ဖျက်စီးခဲ့ပြီး အောက်ဖက်သို့ ထွက်ပြေးလာသော မြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါတို့ စီးနင်းလာသော လှေကြီးဖြစ်ပြီး ၎င်းတို့သည် ထော်ပိုင် ချောင်းဖျားဖက်၌ အခြေချနေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

(၁၉၅၀)ခုနှစ်ဆိုလျှင် နှစ်ပေါင်း နှစ်ရာဝန်းကျင်ခန့် ကြာမြင့်ခဲ့ချေပြီ။

ထော်ပိုင် ချောင်းဖျားတစ်ဝိုက်ရှိ တောများအတွင်း၌ ၎င်းတို့ နေထိုင်ခဲ့သော နေရာဟောင်းများနှင့် စိုက်ပျိုးထားခဲ့သော သရက်ပင်၊ ဒညင်းပင်၊ ပိန္နဲပင်၊ မရမ်းပင် အစရှိသည့် သစ်ပင်ကြီးများကို တွေ့နိုင်သေးသည်။

ထို့ပြင် ငြုပ်ကောင်းပင်နှင့် ကွမ်းပင်ကြီးများပင် ရှိသေး၏။

ကွမ်းရွက်ကြီးများမှာ တောဝင်နေပြီ ဖြစ်သောကြောင့် သားရေပြားကဲ့သို့ ဖြစ်ကာ ဝါး၍ပင် မရတော့ပေ။

သဲကုန်းတန်းတစ်ဝိုက်မှာတော့ စစ်ရေးလေ့ကျင့်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မြင်းစိုင်းကုန်း ရှိရာ ယခုအချိန်အထိပင် မြက်နှင့် သစ်ပင်များ မပေါက်ပေ။

မြို့စားကြီး ဗညားဇေယျနှင့်အတူ ရွှေငွေရတနာပစ္စည်း များစွာ ယူဆောင်လာသည်ဆိုသော မှတ်တမ်းများ ရှိသော်လည်း ၎င်းတို့ ကွယ်လွန်သွားကြသောအခါ ထိုရတနာပစ္စည်းများ ဘယ်နေရာ ရောက်သွားသည်ဆိုတာကိုတော့ ဘယ်သူမှ တိတိကျကျ မသိကြရတော့ပေ။

အချို့ကလည်း မြို့စားကြီး ဗညားဇေယျ မကွယ်လွန်မီက မျောက်တစ်ရာ ဘုရားတည်ရင်းနှင့် ထိုဘုရားမှာပင် ဌာပနာ ထည့်ကာ မြှုပ်နှံထားခဲ့သည်ဟု ထင်သည်။

အချို့ကလည်း ၎င်းတို့ နေထိုင်သွားခဲ့သော နေသူရိန် ကုန်းတန်းတစ်ဝိုက်မှာပင် လျှို့ဝှက်စွာ ထားခဲ့သည်ဟု ခန့်မှန်းကြလေသည်။

ထိုသို့ အထင်ရှိသဖြင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လျှို့ဝှက်စွာ သွားရောက်၍ ရှာဖွေကြသူများလည်း ရှိကြသည်။

ထိုသို့ ရှာဖွေရာမှာတော့ ရှေးခေတ်က အသုံးအဆောင် ပစ္စည်းအချို့ကိုသာ ရရှိပြီး ရတနာပစ္စည်းများ၏အစအနကိုမျှ မတွေ့ကြရပေ။

နောက်တစ်ချက်က ထိုနေရာများသို့ လာရောက်၍ ဥစ္စာပစ္စည်း ရှာဖွေကြသူများမှာ အန္တရာယ်များ၊ အနှောင့် အယှက်များနှင့် တစ်ခုမဟုတ်တစ်ခုနှင့် ကြုံကာ အသက်သေဆုံး ကြရသည်များ ရှိလေသည်။





အချို့လည်း အသက်လုပြေးသဖြင့် အသက်မသေသော်လည်း နောက် ထိုနေရာသို့ မလာဝံ့အောင်ပင် ကြောက်လန့်သွားကြလေသည်။

နေသူရိန် ကုန်းတန်းတစ်ဝိုက်သို့ ဥစ္စာပစ္စည်း ရှာဖွေကြသူများမှာ ထိုနေရာနှင့် အနီးဆုံးဖြစ်သော ထော်ပိုင်ရွာသို့ စခန်းအထောက် နားပြီးမှ လိုရာသွားကြလေရာ တစ်ခါတစ်ရံ ထိုရွာမှ သူများသည် အခကြေးငွေ အနည်းငယ်ဖြင့် လမ်းပြလိုက်ပို့ပေးရသည်လည်း ရှိသည်။

ရွာသူရွာသားများမှာ တောတွင်းမှာ နေရပြီး ရိုးသားသူများ ဖြစ်သဖြင့် ငွေအနည်းငယ် ပေး၍ ခေါ်သွားလျှင်ပင် လိုက်သွားကြသည်။

ထိုနေရာသို့ မိမိတို့ရွာမှ လူများ လမ်းပြလိုက်သွားသည်ကို သိလျှင် သဘောမကျသူတစ်ဦး ရှိလေသည်။

အခြားမဟုတ်ပေ။

တစ်ပွဲစား ဦးတာတေဆိုသူ ဖြစ်သည်။

တစ်ပွဲစား ဦးတာတေ၏ အသက်မွေးဝမ်းကျောင်း အလုပ်မှာ သားငါးရှာသောအလုပ် ဖြစ်သော်လည်း နေသူရိန် ကုန်းတန်းဘက်သို့ ပစ္စည်းရှာမည့်သူများ ရောက်လာပါက နှစ်ဘက်မှု မရှိလှပေ။

ထိုလူများကို တွေ့လျှင်. . .

"အင်း. . . တောထဲမှာတော့ သရဲတစ္ဆေတွေ ထမ်ရိုး ဦးတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မကြားတကြား ပြောလေ့ရှိသည်။

ထိုသို့ နိမိတ်ဖတ်လိုက်သည့်အတိုင်းပင် . . .

တောထဲသို့ ပစ္စည်းရှာ သွားကြသည့်လူတိုင်း တစ်ယောက်မဟုတ်တစ်ယောက် သေကြသည်က များသည်။

"ဒီလူကြီးပါးစပ်က ပြောလိုက်ရင် တယ်မှန်ပါလား၊ အမြင်အကြားများ ရနေရော့သလား"

"သူက အမြင်အကြား ရတာ မဟုတ်ဘူး၊ တစ်ပွဲစား ဖြစ်နေတာလေ"

"တစ်ပွဲစားဆိုတာ ဘာလဲ"

"တစ်ပွဲစားဆိုတာ မဒေါခင်ကတည်းက သရဲတစ်ပိုင်း ဖြစ်နေတာလေ၊ ဘယ်နေရာမှာ ငါးရှိတယ်၊ ဘယ်နေရာ ရှာရင် ငါးပုဇွန် ဘယ်နှစ်စီးသာ ရမည်ဆိုတာကိုပါ မှန်အောင် ပြောနိုင်တယ်၊ ဒါကြောင့် သားငါးရှာထွက်တဲ့လူတွေက သူ့အတွက် စားပွဲတစ်ပွဲ တင်ပြီး ငါးပုဇွန် များများရဖို့ ဆုတောင်းရင် များများ ရတယ်"

"တယ်ဟုတ်ပါလား . . . တောထဲကို ပစ္စည်းသွားရှာရင် အခြားလူတွေကို လမ်းပြခေါ်သွားတာနဲ့စာရင် သူ့ကိုပဲ လမ်းပြ ခေါ်သွားရရင် ပိုမကောင်းဘူးလား"

"ဒါပေမယ့် သူက အဲသည်လို ခေါ်လို့မှ မလိုက်တာ" ဟု အချင်းချင်း ပြောဆိုနေကြသည်။

ဦးတာတေမှာ အသက်ငါးဆယ်ကျော် အရွယ်ခန့် ရှိပြီး အသားမည်းမည်း၊ အရပ်က ထောင်ထောင်မောင်းမောင်း ဖြစ်





သည်။

အဖြူတစ်ဝက် နီကြောင်ကြောင် ဆံပင်ရှည်အချို့ကို ကျိုးတိုးကျဲတဲဖြင့် မျက်နှာပေါ် ကျနေသည်။

ငယ်စဉ်ကတည်းက တောထဲမှာ နေရင်း အမဲလိုက် ငါးရှာ အလုပ်လုပ်ခဲ့သည်မှာ ယခု အသက်အရွယ်အထိ ဖြစ်သည်။

ဦးတာတေ သတ်ခဲ့သော သားကောင်အရေအတွက်မှာ မရေတွက်နိုင်တော့သလို ငါးပုဇွန်များကို သတ်ဖြတ်ခဲ့သည်မှာလည်း နေ့စဉ်နှင့်အမျှ ဖြစ်သည်။

ဦးတာတေ အရွယ်ရလာသောအခါ အရပ်သူတစ်ယောက်နှင့် အိမ်ထောင်ကျကာ သမီးနှစ်ယောက် ရခဲ့ပြီးမှ မိန်းမက သေဆုံးသွားခဲ့လေသည်။

ထိုသမီးနှစ်ယောက်ကိုလည်း သားငါးရှာဖွေခြင်းအလုပ်ဖြင့်သာ လုပ်ကိုင်ကျွေးမွေးခဲ့ရာ ယခုအခါ သမီးမှာ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့် ရှိလေသည်။

အကြီးမ၏အမည်မှာ နှင်းမြဖြစ်ပြီး အငယ်မ၏အမည်မှာ နှင်းလှဖြစ်သည်။

အကြီးနှင့်အငယ်မှာ နှစ်နှစ်ကွာသဖြင့် အကြီးမ နှင်းမြက အသက်နှစ်ဆယ် ပြည့်သောအချိန်တွင် ညီမဖြစ်သူ နှင်းလှက (၁၈)နှစ်သာ ရှိသေးသည်။

အဖေက မြန်မာ၊ အမေက ကရင်လူမျိုး ဖြစ်သဖြင့် ကရင်ကပြားသွေးပါသော နှင်းမြနှင့် နှင်းလှတို့ ညီအစ်မနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တို့မှာ တောထဲမှာမွေး၊ တောထဲမှာပင် ဖြစ်သလို ကြီးခဲ့ကြသော်လည်း တသွေးတမွေးနှင့် လှပချောမောကြသူများ ဖြစ်ကြသည်။

အသားဖြူဖြူ၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်နှင့် တောပန်းအလှများ ဖြစ်ကြသည်။

သို့သော်လည်း နှင်းမြနှင့် နှင်းလှတို့ညီအစ်မနှစ်ယောက်တို့မှာ အရွယ်ရောက်စကတည်းက အလှအပများနှင့် ထိတွေ့ခွင့် မရကြပဲ ဘဝအတွက် ရုန်းကန်ရင်ဆိုင်မှုများနှင့်သာ အချိန်ကုန်ခဲ့ကြသည်။

ဖခင်ဖြစ်သူ ဦးတာတေ အလုပ်ဆင်းလျှင် နှစ်ယောက်စလုံး လိုက်ကြရသည်။

လှေလှော်လှေခတ် အလုပ်များဆိုလျှင် တော်ရုံ ယောက်ျား တစ်ယောက်ကဲ့သို့ လုပ်ကိုင်နိုင်ပြီး သားငါးရှာဖွေသော အလုပ်ဆိုလျှင်လည်း အားလုံးနီးပါး လုပ်ကိုင်နိုင်ကြသည်။

ယောက်ျားတစ်ယောက်ကဲ့သို့ 'ချ' တောင်ကွန်ကို ဖူးချာပွင့်အောင် ပစ်နိုင်ပြီး ကွန်ငြိလျှင် ရေအောက်သို့ ဆင်းငုပ်ရမှာလည်း ဝန်မလေးလှပေ။

တန်းကြိုး၌ မိနေသော ငါးဒန်တစ်ကောင်ကို မှိန်းဖြင့် ထိအောင် ထိုးနိုင်သကဲ့သို့ လှေအနားသို့ ကပ်လာသော မိကျောင်းတစ်ကောင်ကိုလည်း စလွတ်ဖြင့် မလွဲအောင် ထိုးနိုင်သူများ ဖြစ်ကြသည်။

ဦးတာတေအဖို့လည်း သမီးနှစ်ယောက် မွေးထားရ





သည်ဆိုစေကာမူ သားယောက်ျားလေးနှစ်ယောက် မွေးထားရသကဲ့သို့ များစွာအားကိုးရလေသည်။

သမီးနှစ်ယောက်ကလည်း ဖခင်ကြီး သွားရာနောက်သို့ တကောက်ကောက် လိုက်ကာ ဒိုးတူပေါင်ဖက် လုပ်ကိုင်ပေးကြသည်။

ဦးတာတေမှာ ငယ်ရွယ်စဉ်အချိန် တောထဲမှာမွေး၊ မြစ်ရေပြင်ပေါ်၌ ကြီးပြင်းခဲ့သူဖြစ်ရာ ရေလုပ်ငန်း မှန်သမျှကို နှံ့စပ်ကျွမ်းကျင်သောကြောင့် ၎င်းသိကျွမ်းထားသော လျှို့ဝှက်ချက်များကိုလည်း သမီးနှစ်ယောက်ကို လက်တွေ့ပြသကာ သင်ကြားပေးခဲ့လေသည်။

"ငါ့သမီးနှစ်ယောက်စလုံး အဖေမရှိတော့တဲ့နောက်ပိုင်းမှာ ယောက်ျားယူကြသည်ဖြစ်စေ၊ မယူကြသည်ဖြစ်စေ၊ အဖေ့ဆီက ပညာတွေ ရထားရင် ထမင်းတစ်လုပ်တော့ ဝအောင် စားလို့ရတယ်၊ သေသေချာချာ မှတ်ထားကြ"

ဟု အစချီကာ ငါးဒန်၊ ငါးမြင်း၊ ကပ်သပေါင်း၊ ကပ်သမျှင်၊ ငါးခူ၊ ငါးတွေဆိုတာ ဘယ်လိုသဘောရှိတယ်၊ ဘယ်လိုရက်မျိုးမှာ ဘယ်နေရာမှာ ခိုနေပြီး ရေသေရက်၊ ရေထရက်မျိုးမှာ လမုပင်၊ လဗပင်၊ ကမ္ဘလာပင်တွေအောက်မှာ ငါးမြှားချိတ်ရင် ဘယ်နှစ်ပိဿာ ထွက်မယ့်ငါး ရလိမ့်မယ်၊

ဘယ်လိုရက်မျိုးမှာ ဘယ်ချောင်းကို စစ်ပြီး ယင်းထိုးပိတ်ရင် ငါးဘယ်နှစ်ပိဿာ၊ ပုဇွန်ဘယ်နှစ်ပိဿာ ရလိမ့်မယ်၊

လဆန်းဘယ်နှစ်ရက်နေ့မှာ ဘယ်ကွန်ချက်မှာ ပစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုင်ငါးမျိုးတွေ ပိုသာဘယ်လောက်ထိ ရနိုင်တယ်၊

ဘယ်ချောက်က ဘယ်လို၊ ဘယ်ကမ်းပါးက ဘယ်လို၊ ရေသေ ရေထရက်တွေရဲ့သဘောက ဘယ်လို၊

လထွက်ချိန်၊ လဝင်ချိန်တွေရဲ့သဘောက ဘယ်လို၊ စသည့် ငါးပုဇွန် ရနိုင်သော လျှို့ဝှက်ချက်များကို လက်တွေ့ပြသရင်း သင်ကြားပေးသလို တစ်ဖက်မှလည်း အန္တရာယ် ရှိနိုင်သော အကြောင်းများကိုပါ သင်ကြားပေးလေသည်။

"ငါးမန်းဆိုတာ အမြင်အာရုံ မကောင်းဘူး၊ အကြားအာရုံနဲ့ အနံ့ခံကောင်းတယ်၊ ရေလှိုင်းလှုပ်လိုက်ရင် အဝေးကြီးက သိနိုင်တယ်၊ ပင်လယ်မှာ ရေကူးတဲ့လူတွေ ငါးမန်းလာကိုက်တာ ရေလှိုင်းလှုပ်တာကြောင့်ပဲ၊

နောက်တစ်ချက်က သွေးနံ့ပဲ ရေထဲမှာ သွေးထွက်ရင် အဲဒီသွေးနံ့ကို အဝေးမှာရှိတဲ့ ငါးမန်းက ချက်ချင်းသိပြီး ရောက်လာလေ့ရှိတယ်၊ ဒါကြောင့် ရေအောက်ဆင်းတဲ့အခါ တစ်စုံတစ်ခုနဲ့ ထိခိုက်မိလို့ သွေးထွက်ပြီဆိုရင် ချက်ချင်း အပေါ်ပြန်တက်ရတယ်၊

ငါးမြားမှာ ငါးဒန်မိတဲ့ အချက်ပေး ခလောက်သံ ကြားရင်လည်း ငါးမန်းရောက်လာသလို ငါးမြားချိတ်မိတဲ့ ငါးပါးစပ်က သွေးနံ့ကြောင့်လည်း ငါးမန်းက ချက်ချင်းရောက်လာပြီး မိနေတဲ့ ငါးကို စားသွားတတ်တယ်၊

ဒါကြောင့် ငါးမိနေတာကို ချက်ချင်းမသိလို့ မဖြုတ်နိုင်ရင် ငါးရဲ့ခေါင်းပိုင်းပဲ ရလိုက်တာမျိုးပေါ့၊





မိကျောင်းဆိုတာမျိုးကတော့ ရေထဲမှာ ကြောက်စရာအကောင်းဆုံးပေါ့၊

ရေစပ်မှာ ရှိတဲ့ ကျွဲနွားတိရစ္ဆာန်နဲ့ လူတွေ၊ လှေပေါ်မှာ ...တဲ့လူတွေကို အမြီးနဲ့ ရိုက်ချပြီးမှ ပါးစပ်နဲ့ ကိုက်ယူသွားလေ့ ...တယ်၊

မိကျောင်းမှာ အမိက လက်နက်ကြီးနှစ်ခု ရှိတယ်၊ ...န်မာတဲ့အမြီးရိုက်ချက်နဲ့ သန်မာရှည်လျားပြီး ကိုက်အား ...ကောင်းတဲ့ ပါးစပ်ကြီးပဲ၊

မိကျောင်းပါးစပ်ထဲမှာ အစွယ်တွေ သွားတွေ ရှိပေမယ့် ...ခြားသတ္တဝါတွေလို ကိုက်ဖြတ်စားနိုင်လို့ မရဘူး၊

အကောင်လိုက် မျိုချင်မျို၊ ဒါမှမဟုတ် အကောင်ကြီးရင် ...တ်အောင် ထားပြီးမှ စားလို့ရတယ်၊

လူ ဒါမှမဟုတ် သတ္တဝါတစ်ကောင်ကို အမြီးနဲ့ ရိုက်ချလို့ ...ရထဲ ကျလာရင် ကိုယ်လုံးနဲ့ ဖိသတ်လိုက်တယ်၊

ပြီးရင် သူ့ရဲ့ကျောပေါ်က အလောင်းစင်လို့ ခေါ်တဲ့ ...တောင်တွေအပေါ် တင်ပြီး သူတို့ရဲ့သားရဲတွင်းထဲကို သယ် ...သွားတယ်၊ အဲဒီရောက်တော့ ချက်ချင်းစားလို့မရတော့ ချထားရ ...တယ်၊ ပုတ်သွားတော့မှ ပါးစပ်နဲ့ ကိုက်ခါပစ်တယ်၊

အရိုးတစ်ခြား အသားတစ်ခြား၊ တစ်စစီ ဖြစ်သွားတော့မှ ...စ်လုပ်ချင်း မြိုပြီးစားရတယ်၊

တချို့လူတွေဆိုရင် သတိမေ့နေရုံ မေ့နေလို့ သားရဲတွင်း ...ထဲ ရောက်ကာမှ သတိပြန်ရလာပြီး ထွက်ပြေးကြရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိကြတယ်၊

မိကျောင်းတွေဟာ ရေသတ္တဝါဆိုပေမယ့် ရေအောက်မှာ ကြာရှည်မနေနိုင်ကြဘူး၊

လေနဲ့ အသက်ရှူရတာဆိုတော့ ရေမျက်နှာပြင်ပေါ်မှာ ဖော်နေရင်နေ၊ မဟုတ်ရင် သောင်ပြင်ပေါ်မှာ တက်နေတာများတယ်၊

မိကျောင်းရဲ့မျက်လုံးက နီရဲနေတော့ မီးရောင်နဲ့ ထိုးကြည့်ရင် အလွယ်တကူ သိနိုင်တယ်၊

ညမှောင်နေတဲ့အချိန်မှာ မီးရောင်နဲ့ ထိုးကြည့်ရင် မိကျောင်းရဲ့မျက်လုံးက အနီရောင်ကို အဝေးကြီးက လှမ်းမြင်နိုင်တယ်၊

တကယ်လို့ မိကျောင်းက ကိုယ့်ရဲ့လှေနားကို ချဉ်းကပ်လာပြီဆိုရင် စူးစူးဝါးဝါး ညှီစော်နံလာလိမ့်မယ်၊ ဒါကို သတိထားတတ်ရတယ်၊

နောက်တစ်ချက်က မိကျောင်း လှေနားကို ကပ်လာရင် ရေမျက်နှာပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးတွေ စိပ်လာတာကိုလည်း သတိပြုတတ်ရတယ်၊

နောက်ဆုံး မိကျောင်းပုတ်ချလို့ ရေထဲ ကျသွားရင်တောင်မှ အကြောက်မလွန်ဖို့ အရေးကြီးတယ်၊

မိကျောင်းရဲ့ကျောပေါ် ရောက်အောင်တက်ပြီး ဖက်ထားနိုင်ရင် မိကျောင်းက ဘယ်လိုမှ အန္တရာယ် မပေးနိုင်ဘူး

အဲဒီလို ဖက်ထားပြီး မိကျောင်းရဲ့မျက်လုံးကို စမ်းပြီး





လက်နဲ့ ကုတ်ရင် မိကျောင်းက ရေထဲမှာ မနေနိုင်တော့ပဲ ကမ်းပေါ်ကို တက်ပြေးရတယ်၊

အဲဒီလိုဆိုရင် လွတ်နိုင်တယ်၊

ချောင်းထဲ ဆင်းတော့မယ်ဆိုရင် နနွင်းရေကို ဖျော်ပြီး လောင်းချတာတို့ နနွင်းတောင့်ကို လက်မောင်းမှာ ချည်ထားရင်သော်လည်းကောင်း၊ မိကျောင်း အနားမလာဝံ့ဘူး၊

နောက်ထပ် ရေထဲမှာ လူတွေကို အန္တရာယ်ပေးနိုင်တဲ့ သတ္တဝါတွေ အများကြီး ရှိသေးတယ်၊

အဖေ ပြောပြမယ်"

ဟု ဦးတာတေက ၎င်း၏သမီးနှစ်ယောက်ကို အလုပ်သွားသည့်အခါတိုင်း ခေါ်သွားပြီး သားငါးရှာခြင်းနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို ပြောပြလေရာ နှင်းမြ၊ နှင်းလှတို့ နှစ်ယောက်မှာ ထိုအချက်အတော်များများကို သိထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၃ ]

## လမ်းပြင်ဆောင့် သရဲ

ထော်ပိုင် ရွာထိပ်ဘက်တွင် အိမ်တန်းလျားကဲ့သို့ ဆောက်ထားသော အိမ်ကြီးတစ်ဆောင် ရှိလေသည်။

ထိုအိမ်ကြီး၏ပိုင်ရှင်များမှာ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ ဖြစ်ကြကာ ခနိုပ်ွဲရုံလုပ်ငန်း၊ ငါးပုဇွန်များကို ဖောက်သည် ဝယ်ယူတာ မြို့မှ ငါးရှဲလှေများနှင့် အဆက်အသွယ်ပြုကာ ရောင်းချကြလေသည်။

၎င်းတို့သည် မချမ်းသာကြသော်လည်း ရွာ၌ စီးပွားရေး အတန်အသင့် ကောင်းသူများ ဖြစ်ကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုလုပ်ငန်းများကို သားဖြစ်သူ နီမောင်ကပင် ဦးစီးလုပ်ကိုင်လေသည်။ နီမောင်မှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့် ရှိပြီး မိဘများကို လုပ်ကျွေးနေသူ ဖြစ်လေသည်။

နီမောင်သည် မိဘများက အတန်အသင့် ချောင်လည်ပြီး ရိုးသားသော လူရွယ်တစ်ယောက် ဖြစ်သောကြောင့် ရွာထဲမှ သမီးရှင်များက မျက်စိကျနေသူဖြစ်သည်။

သို့သော်လည်း နီမောင်က အခြားမိန်းကလေးများကို သဘောမကျပဲ မိမိဆီသို့ ငါးပုဇွန် လာရောင်းလေ့ရှိသော ဦးတာတေ၏သမီးနှစ်ယောက် ရှိသည့်အနက်မှ အကြီးဖြစ်သူ နှင်းမြကို သဘောကျလေသည်။

အခါအခွင့်သင့်၍ နှင်းမြနှင့် တွေ့ပြီး ချစ်စကားပြောသောအခါ အတန်တန် ငြင်းဆန်လေသည်။

"မဖြစ်နိုင်ပါဘူး နီမောင်ရယ်၊ နင်နဲ့ငါနဲ့ ဘဝအခြေအနေချင်းက အတော်ကွာပါတယ်၊ တို့နှစ်ယောက်ကို နင့်မိဘတွေကလည်း သဘောတူနိုင်မယ် မထင်ပါဘူး"

"ဒီအရွယ်ရောက်မှတော့ ငါ့အနေနဲ့ ငါနှစ်သက်တဲ့ အိမ်ထောင်ဖက်တစ်ယောက်ကို သဘောကျ ရွေးချယ်ခွင့် ရှိပါတယ်၊ ငါက နင့်ကို တကယ်မေတ္တာရှိတာပါ။ နင် ငါ့ရဲ့အချစ်ကို လက်ခံမယ်ဆိုရင် လူကြီးတွေကို ဖွင့်ပြောပြီး မင်္ဂလာဆောင်ယူပါ့မယ်"

ဟု အတန်တန် ပြောလေရာ နောက်ဆုံး နှင်းမြခမျာ မငြင်းသာတော့ပဲ နီမောင်မေတ္တာကို လက်ခံရလေတော့သည်။

"နီမောင်ရယ်. . . နင် အတန်တန် ပြောလို့သာ ငါ





လက်ခံရတာ၊ အချိန်တန်လို့ နင့်ဘက်က လူကြီးမိဘတွေ သိသွားရင် ဘယ်နည်းနဲ့မှ သဘောတူနိုင်မယ် မထင်ပါဘူး၊ အဲဒီအချိန်ကျရင် ဘယ်လိုလုပ်ကြမလဲဟင်"

ဟု စိတ်ပူပန်စွာ မေးလေသည်။

"အို. . . ဒီအတွက် ဘာမှ စိတ်မပူနဲ့၊ အဖေတို့ အမေတို့ သဘောမတူဘူးဆိုရင် ငါ နင့်ဆီကို ဆင်းလာပြီး အတူနေပါ့မယ်"

ဟု ပြောရာ နှင်းမြခမျာ စိတ်မအေးရသော်လည်း နီမောင်အချစ်ကို လက်ခံကာ ချစ်သူဘဝနှင့် နေထိုင်လာကြရင်း နှင် တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင် မခွာရက် ဘဝသို့ ရောက်ခဲ့ကြလေသည်။ အခွင့်သာသည်နှင့် နှင်းမြနှင့်အတူ တောထဲသို့ သွားကာ ချိန်းတွေ့ကြလေသည်။

"နီမောင်"

"ဟင်. . . ဘာလဲ"

"နင်. . . ငါ့ကို တကယ်ချစ်ရဲ့လားဟင်"

"ချစ်တာပေါ့ အေးမြရယ်၊ ဒီလောက် ချစ်သူဘဝရောက်တာ အတော်ကြာခဲ့တာတောင် ငါ့အချစ်ကို မယုံသေးဘူးလားဟင်"

"အို. . . နင့်အချစ်ကိုတော့ ယုံတာပေါ့၊ ဒါကြောင့်လည်း လက်ခံခဲ့တာပေါ့၊ ဒါပေမယ့် အခြေအနေဆိုတာ ပြောလို့မရတာ၊ တကယ်လို့ နင့်မိဘတွေ ခွဲလို့ တို့နှစ်ယောက် ကွဲကြရင်တော့ ငါတော့ ဘယ်လိုမှ နေလို့ရမှာ မဟုတ်ဘူး"

"စိတ်မပူပါနဲ့ နှင်းမြရယ်၊ ငါ နင့်ကို တကယ်ချစ်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဖျက်လို့မှ မပျက်စေရပါဘူး၊ တစ်နှစ်တစ်ခါလောက် အချိန်ယူပြီး တို့နှစ်ယောက် လက်ထပ်ကြဖို့ အဖေတို့ကို အသိပေးရမယ်"

"ငါတော့ သိပ်ကြောက်တာပဲ၊ တကယ်လို့ နင်နဲ့မပေါင်းရရင်တော့ သေမှာပဲ"

နှင်းမြက ကရင်သွေးပါသူပီပီ စကားကို ပွင့်ပွင့်လင်းလင်း ပြောလေ့ရှိသည်။

၎င်းတို့နှစ်ယောက်၏ချစ်ခရီးလမ်းမှာ လူကြီးများ မသိခင် အချိန်အထိတော့ သာယာဖြောင့်ဖြူးသယောင် ရှိလေသည်။

ဦးစွာသိသူက နှင်းမြ၏ဖခင် ဦးတာတေ ဖြစ်သည်။

"နှင်းမြရယ်. . . ဒီအရွယ်ရောက်မှာမှ ဘာဖြစ်လို့ ဒီလောက် မိုက်ရတာလဲ၊ နီမောင်က ယူချင်တယ်ပဲ ထားပါဦး၊ နင်က ငြင်းရမှာပေါ့၊ သူ့မိဘတွေ သိရင် ဘယ်နည်းနဲ့မှ သဘောတူနိုင်မှာမှ မဟုတ်တာ သမီးရယ်၊ ဘာကြောင့် ကိုယ့်အပူ ကိုယ်ရှာချင်ရတာလဲ"

ဟု အပြစ်တင်စကား ပြောလေသည်။

"အဖေရယ်. . . နီမောင်က ကျွန်မကို တကယ်ယူမှာပါ"

"တကယ်လို့ သူက မယူရင် နင်ဘယ်လိုလုပ်မလဲ"

ထိုသို့မေးပြန်တော့လည်း နှင်းမြခမျာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေသည်။

"အေး. . . ဘာပဲဖြစ်ဖြစ် တစ်ခုတော့ ပြောထားမယ်





နော်၊ ငါ့ရဲ့အကြောင်းကိုလဲ နင်တို့နှစ်ယောက် အသိဆုံးပဲ၊ ငါ့သားသမီးကို အရှက်တကွဲ အကျိုးနည်းအောင် လုပ်လိုကတော့ ဘယ်နည်းနဲ့မှ သည်းခံနိုင်မယ် မဟုတ်ဘူး"

ဟု လေသံမာမာဖြင့် ပြောလေရာ နှင်းမြခမျာ ဖခင်အကြောင်းကို အသိဆုံး ဖြစ်သဖြင့် များစွာစိတ်ပူပန်သွားလေသည်။

တစ်နေ့တော့ ထိုအကြောင်းများကို နီမောင် မိဘများက သိသွားကြလေတော့သည်။

"ဟဲ့. . . နီမောင်၊ မင်း ဦးတာတေသမီး အကြီးမလေးနဲ့ ဖြစ်နေကြတယ်ဆို ဟုတ်လား"

"ဟုတ်ပါတယ် အမေ"

"ဖြစ်မှဖြစ်ရလေ သားရယ်၊ မင်းမှာ ကြိုက်စရာ မိန်းကလေး ဒီလောက်တောင်မှ ရှားလို့ ဒီတစ်ပွဲစား သမီးနဲ့မှ ဖြစ်ရသတဲ့လားကွယ်၊ မင်း တစ်ရွာတည်း နေပြီး ဦးတာတေရဲ့ အကြောင်းကို နည်းနည်းကလေးမှ သတင်းမကြားမိဘူးလား မောင်"

နီမောင်က ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားလေသည်။

"ဦးတာတေဆိုတာ လူတစ်ပိုင်း သရဲတစ်ပိုင်း ဖြစ်နေတာဟဲ့၊ ငါးရာတဲ့လူတွေက သူ့အတွက် စားပွဲတစ်ပွဲ တင်ပေးနေရတာ၊ နင်မသိဘူးလား"

"အမေတို့ ထင်သလို ဟုတ်မယ်မထင်ပါဘူး အမေ၊ သူတို့သားအဖ တတွေက ဘယ်သူ့ကိုမှ ဒုက္ခပေးကြတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဘာပဲဖြစ်ဖြစ် ဒီလိုလူမျိုးရဲ့သမီးနဲ့တော့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး၊ မင်းလုပ်နေတာတွေကို ချက်ချင်းရပ်၊ မရပ်ရင်တော့ အမေနဲ့ အတွေ့ပဲ"

ဟု ပြောကာ နီမောင်ကိုလည်း မျက်ချည်ပြတ်မပေးတော့ပေ။ ယခင်ကဲ့သို့ ငါးပုဇွန် ဝယ်ယူသည့်နေရာကိုပင် မဆင်းရတော့သဖြင့် နှင်းမြနှင့်လည်း မတွေ့ရတော့ပေ။

မိဘများက သူ့ကို အပြင်ထွက်ခွင့် မပေးတော့သလို အိမ်မှာ နေရင်းနှင့်ပင် စောင့်ကြည့်နေသူများကြားမှာ နေရလေသည်။

"ကိုဘရှိန်. . . တော့်သားကို ဒီအတိုင်း ထားလို့တော့ မဖြစ်တော့ဘူး၊ ဟိုလူကြီးက သူ့သမီးနဲ့ ပေးစားဖို့ ဘာတွေညာတွေနဲ့ လုပ်ချင်လုပ်ထားမှာ၊ ဒီတော့ သူ့ကို သင့်တော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အမြန်ဆုံးပေးစားလိုက်ရင် မကောင်းဘူးလား"

"အင်း. . . ကောင်းတော့ ကောင်းသားပဲ၊ မင်းက ဘယ်သူနဲ့ ပေးစားမယ် စိတ်ကူးထားလို့လဲ"

"ကျုပ်ကတော့ စက်စုရွာက ကျုပ်တို့မိတ်ဆွေ ဦးဘတင့်ရဲ့သမီးလေးနဲ့ အမြန်ဆုံး နေရာချပေးလိုက်ရင် ကောင်းမယ်လို့ ထင်တာပဲ"

"အေး. . . ဒီလိုဆိုရင်လည်း လူကြီးချင်းတွေ ပြောဆိုဆွေးနွေးပြီး ဒီနွေမှာပဲ အကောင်အထည် ဖော်လိုက်တာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဒီအကြောင်းတွေကို မင်းရဲ့သား





လုံးဝမရိပ်မိဖို့တော့ လိုတယ်"

"စိတ်ချပါတော်. . . ကျုပ်စီစဉ်ပါ့မယ်"

ဟု ပြောဆိုတိုင်ပင်ကာ ဒေါ်ကျင်မေက ထိုအစီအစဉ်ကို တိုးတိုးတိတ်တိတ် စီစဉ်ဆောင်ရွက်လေတော့သည်။

နီမောင်ခမျာ နှင်းမြနှင့် မတွေ့ရတာ ကြာပြီဖြစ်သဖြင့် တွေ့ချင်သော်လည်း အိမ်မှ ချုပ်ချယ်မှု များသဖြင့် တွေ့ခွင့်မရခဲ့ပေ။

နှင်းမြတစ်ယောက်ကတော့ နီမောင်နှင့် တွေ့ခွင့်မရတော့သဖြင့် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာသည်။

ထိုအခြေအနေကို မြင်တော့ ညီမဖြစ်သူ နှင်းလှကလည်း စိတ်မချမ်းသာသလို ဖခင်ဖြစ်သူ ဦးတာတေကလည်း သမီးဖြစ်သူအပေါ် ဂရုဏာဒေါသ ဖြစ်မိလေသည်။

"ငါ့ အတန်တန် တားတဲ့ကြားက ဖွတ်တိုးချင်တော့ အခုမှတော့ မျက်ရည်ကျမနေနဲ့တော့"

"အဖေရယ်. . . ကျွန်မ မိုက်ခဲ့ပါတယ်၊ ဒါပေမယ့် နီမောင်မှာ အပြစ်မရှိပါဘူး၊ အခုကိစ္စက သူ့မိဘတွေကြောင့် ဖြစ်ရတာပါ"

"ဒီလို သားသမီးချင်း ကိုယ်ချင်းမစာ လုပ်လို့ကတော့ ဘယ်တရားပါ့မလဲ၊ သူတို့ဘက်က လက်ခံတာ လက်မခံတာ အပထား၊ ငါတို့ဘက်ကတော့ မိဘဝတ္တရားအရ အသိပေးတင်တာပေး၊ ပြောသင့်တာ ပြောရမှာပဲ"

ဟု ပြောကာ နီမောင်တို့အိမ်သို့ သွားရန်ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပြင်ပြင်းတော့လည်း နှင်းမြခမျာ များစွာစိုးရိမ်သွား ပြန်လေသည်။

"မသွားပါနဲ့ အဖေရယ်၊ ကျွန်မဘဝနဲ့ ကျွန်မသာ ရှိပါစေတော့၊ တော်ကြာ အဖေ တစ်ခုခု ဖြစ်သွားမှ ရင်ကျိုးနေရပါဦးမယ်"

ဟု တားသော်လည်း မရတော့ပဲ နီမောင်တို့အိမ်သို့ ထွက်သွားလေတော့သည်။

ဦးဘရှိန် ဒေါ်ကျင်မေတို့မှာ ညနေစောင်း နေဝင်ကာနီး အချိန်တွင် မျက်သောင့်နီကြီးနှင့် ရောက်လာသော ဦးတာတေကို မမျှော်လင့်ပဲ တွေ့မြင်ရသဖြင့် အနည်းငယ်တော့ ထိတ်လန့်သွားကြလေသည်။

"ဘာ. . . ဘာကိစ္စရှိလို့လဲ ဦးတာတေ"

"တခြားတော့ မဟုတ်ပါဘူး၊ ကလေးတွေကိစ္စ ပြောချင်လို့ လာခဲ့တာပါ"

"ဘာများ ပြောမှာပါလိမ့်. . . င်ပါဦး"

ဦးတာတေက တွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လေသည်။

"ကျုပ်ပြောချင်တာက ကျုပ်သမီးလေး နှင်းမြနဲ့ ဒီက မောင်နီမောင်တို့က လူငယ်ချင်း သဘာဝ ချစ်ခင်နှစ်သက်နေကြပါတယ်၊ ခင်ဗျားတို့ သားကိုလဲ မေးကြည့်ပါ၊ အဲဒီတော့ သူတို့ရဲ့ ချစ်ခြင်းကို မခွဲပဲ လက်ထပ်ပေးစေချင်ပါတယ်"

ဟု လိုရင်းစကားကိုသာ ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ ဒေါ်ကျင်မေက မဲ့ပြုံးတစ်





ချက် ပြုံးလိုက်လေသည်။

"ကလေးတွေကတော့ ဒီလိုပဲ မိုက်ကြတာပဲ ဦးတာတေရဲ့ ကိုယ့်သားသမီး ကိုယ်ထိန်းထားပေါ့ရှင်၊ ကျွန်မသား နီမောင်က ဒီနွေမှာ စက်စုက မိတ်ဆွေတစ်ယောက်ရဲ့သမီးနဲ့ ပေးစားဖို့ သူကြီးချင်းတွေတောင် ပြောဆိုပြီးနေပြီ၊ စကားတွေလည်း လွန်အားကြပြီဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူးရှင်"

"မဟုတ်ဘူးလေ. . . ကျုပ်ပြောတာက လူကြီးတွေ စီစဉ်တာထက် လူငယ်တွေ မေတ္တာမျှဖို့က အဓိကပဲ မဟုတ်လား၊ ကလေးတွေရဲ့ချစ်ခြင်းကို မခွဲကြပါနဲ့ဗျာ၊ ကျုပ် ရှေ့မျက်နှာ နှောက်ထားပြီးပဲ တောင်းပန်ပါရစေ"

"အော်. . . ဦးတာတေရယ်၊ ပြောရဆိုရတာ တယ်လည်း ခက်ပါလား၊ ကျွန်မတို့ စီစဉ်တယ်ဆိုတာ အဆင့်အတန်း တူတဲ့လူချင်း ပေးစားမှာဆိုတော့ ရှင်လာပြောတဲ့ကိစ္စကို ဘယ်လိုမှ အဆင်ပြေအောင် လုပ်မပေးနိုင်တာ စိတ်မကောင်းပါဘူးရှင်"

ဟု စကားကို အပြီးအပြတ် ပြောလိုက်ရာ ဦးတာတေမှာ လွန်စွာစိတ်မကောင်းဖြစ်လျက် အံကို တင်းတင်းကြိတ်ကာ အိမ်သို့ ပြန်ခဲ့ရလေသည်။

အိမ်သို့ ပြန်ရောက်သောအခါ ဒေါ်ကျင်မေ ပြောလိုက်သော စကားအစုံကို နှင်းမြအား ပြန်လည်ပြောပြလိုက်ရာ နှင်းမြခမျာ ချုံးပွဲချကာ ငိုကြွေးလေတော့သည်။

ထိုအချိန်မှစ၍ အချိန်ရှိသရွေ့ နှင်းမြတစ်ယောက်မှာ တမှိုင်မှိုင် တတွေတွေ ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံလည်း တစ်ယောက်တည်း တောထဲသို့ သွားကာ ထိုင်နေလေ့ရှိသည်။

ထိုအခါ ညီမဖြစ်သူ နှင်းလှက နောက်မှ လိုက်လံရှာဖွေ၍ခေါ်ရလေသည်။

"မမရယ်. . . ဒီလောက်လည်း ကိုယ့်ကိုယ်ကို မနှိပ်စက်ပါနဲ့၊ သူနဲ့ကိုယ်နဲ့ ဖူးစာမဆုံ အကြောင်းမပါလို့ မညားကြတာပဲလို့ပဲ သဘောထားပြီး ကိုယ့်စိတ်ကိုယ် ဖြေပါတော့နော်"

ဟု နှင်းလှက ဖျောင်းဖျပြောဆိုလေသည်။

"ဒီလိုကွဲကွာရတာ နီမောင်မှာ ဘာမှ အပြစ်မရှိပါဘူး သူ့မိဘတွေကြောင့် တို့နှစ်ယောက် ကွဲရတာ ငါ သူ့အပေါ်မှာ သစ္စာရှိရိုးမှန်ရင် ဒီဘဝ မပေါင်းရလဲ နောက်ဘဝတော့ ပေါင်းရမှာပေါ့"

ထိုစကားကြားသောအခါ နှင်းလှမှာ မျက်လုံးပြူးသွားလေသည်။

အစွဲအလန်း ကြီးမားသော အစ်မဖြစ်သူ၏စိတ်ကိုလည်း နားမလည်နိုင်အောင် ဖြစ်မိလေသည်။

ဦးတာတေ တစ်ယောက်မှာလည်း သမီးဖြစ်သူ ပူဆွေးသောက ရောက်နေသည်ကို မြင်သောအခါ စိတ်မချမ်းမသာ ဖြစ်ရလေသည်။ သို့ကြောင့် အရက်ကို မကြာခဏ မူးအောင်သောက်ကာ စိတ်ဖြေလေ့ရှိသည်။

အရက်မူးလာသည့်အခါတိုင်း စိတ်ထဲမှာ ရှိသည်များကို တတွတ်တွတ်ဖြင့် ပြောဆိုနေလေ့ရှိသည်။





"ငါ့သမီးလေးကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် လုပ်တဲ့ မိသားစုတွေ ဒင်းတို့လည်း တစ်နေ့ကျရင် ဒီလိုဒုက္ခမျိုးတွေ ခံစားစေရမယ်၊

ဒင်းတို့တွေ ဒုက္ခတွေ တစ်ခုပြီးတစ်ခု တွေ့အောင် ကျိန်ဆဲရမယ်"

ဟု ရေရွတ်နေလေ့ရှိသည်။

တစ်နေ့သ၌ ဦးတာတေ ရှိရာသို့ တင်ရွှေနှင့် စိန်သန်းတို့နှစ်ယောက် ရောက်လာသည်။

၎င်းတို့လက်ထဲမှာ အရက်တစ်ပုလင်းနှင့် ငါးတစ်တွဲ ပါလာသည်။

"အဘ စားဖို့ ငါးဟင်းစား လာပို့ပေးတာပါ၊ အရက်လည်း ပါလာတယ် အဘ"

"အေး. . . ကောင်းတာပေါ့ကွာ"

စိန်သန်းနှင့် တင်ရွှေတို့မှာ အလန့်တကြားဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"သူ့နေရာမှာ သွားပြီး အလုပ်လုပ်ရင် သူ့ကို မကျွေးဘဲ လုပ်လို့ရမှာ မဟုတ်ဘူး၊ သူ့ကို မကျွေးပဲ လုပ်ရင် မင်းတို့ရတဲ့ ငါးပုဇွန်တွေကို နှိုက်စားမှာပေါ့"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ အဘ"

"ဒီတစ်ခါသွားရင် သူ့အတွက် ကျွေးဖို့မွေးဖို့ တစ်ခါလည်း ယူသွားပေါ့၊ ပြီးရင် လမုပင်အောက်မှာ ပုံကျွေးလိုက်၊ အဲဒီလိုလုပ်ရင် ခါတိုင်းထက် ငါးပုဇွန်တွေ ပိုရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာကြားလိုက်ရာ တင်ရွှေနှင့် စိန်သန်းတို့လည်း ဝမ်းသာအားရ ပြန်ခဲ့ကြသည်။

ထို့နောက်. . .

နောက်တစ်နေ့ အလုပ်ဆင်းသောအခါ အမဲသား တစ်တွဲ ယူသွားကာ ဘဝင်းပိတ်မည့် သောင်ပြင်သို့ ရောက်သောအခါ တစ်နေ့က မည်းမည်းသဏ္ဌာန်ကြီး တွေ့ရသော လမုပင်အောက်သို့ သွားပို့ပေးလိုက်ကြသည်။

ဦးနေဒွန်းကတော့ သူတို့နှစ်ယောက် ပြုလုပ်နေသည်ကို ကြည့်ပြီး ဘာမှ ဝင်မပြောပေ။

ထိုနေရာမှာပင် ထပ်မံ၍ ဘဝင်းပိတ်ကြရာ မနက်လင်းသောအခါ ဘဝင်းအောက်ခြေ၌ မကုန်နိုင်လောက်အောင် ဖမ်းမိနေသည်ကို အံ့ဩစွာ တွေ့မြင်ကြရလေသည်။





## အခန်း [ ၄ ]

## တောနက်တွင်းမှ ချစ်သူ့ဝိညာဉ်

နီမောင်ခမျာ အိမ်တွင်းမှ အိမ်အပြင် ထွက်ခွင့်မရသည်ဘာ တစ်ကြောင်းကြောင့် နေမထိထိုင်မသာ ဖြစ်နေတော့သည်။

သို့ကြောင့် အလုပ်သမားတစ်ယောက်ကို ပိုက်ဆံပေး၍ နှင်းမြသတင်းကို စုံစမ်းခိုင်းရလေသည်။

ထိုအခါ နှင်းမြတစ်ယောက် အိမ်မှာ နေသည် မရှိလှပဲ တောထဲသို့သာ သွားနေကြောင်း သိရသဖြင့် များစွာစိတ်ပူပန်ရလေသည်။

"ကိုယ့်ကို အထင်မလွဲပါနဲ့ နှင်းမြရယ်၊ နှင်းမြအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သစ္စာပျက်ချင်လို့ ပျက်ရတာ မဟုတ်ပါဘူး၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် နှင်းမြနဲ့ နီးစပ်အောင် ကိုယ်ကြိုးစားပါ့မယ်”

စိတ်ထဲမှာ ဆုံးဖြတ်ထားလေသည်။

ထိုရက်များအတွင်းမှာလည်း မိဘများက ၎င်းတို့ စီစဉ်ထားသော မိန်းကလေးနှင့် လက်ထပ်ယူရန် နားချကြသည်။

“ကျွန်တော် အမေတို့စကားကို နားထောင်ပြီး နှင်းမြနဲ့ အဆက်အသွယ် မလုပ်တော့ပါဘူး၊ ဒါပေမယ့် လောလောဆယ် အိမ်ထောင်မပြုချင်သေးလို့ ဒီအတိုင်းပဲ နေပါရစေ”

ဟု တောင်းပန်ထားရလေသည်။

“အေးလေ. . . မင်း မယူချင်သေးဘူးဆိုရင်လည်း မိန်းကလေးဘက်က မိဘတွေကို အကျိုးသင့် အကြောင်းသင့် ပြောပြထားရင် ရတယ်၊ ဒါပေမယ့် မင်းဘက်ကတော့ ကတိတည်ရမယ်၊ နှင်းမြနဲ့ လုံးဝ အဆက်အသွယ် မလုပ်ရဘူး. . . ဒါပဲ”

ဟု ရာဇသံ ပေးလေသည်။

သို့ကြောင့် အချိုသတ်ကာ နေရသည့်သဘောဖြစ်၍ မိဘများက သဘောကျအောင် နေရလေသည်။

တစ်နေ့တော့ သူ စနည်းနာခိုင်းထားသော အလုပ်သမားက တိုတိုးတိတ်တိတ် လာပြောလေသည်။

“ကိုနီမောင်. . . နှင်းမြတစ်ယောက် ပျောက်နေလို့တဲ့”

“ဘယ်လိုပျောက်တာတဲ့လဲ”

“အချိန်ရှိသမျှ တောထဲမှာပဲ သွားထိုင်နေတာတဲ့၊ ခါတိုင်းတော့ ပြန်ပြန်လာတာ၊ အခု ပြန်မလာတာ တစ်ရက်





နှစ်ရက် ရှိပြီလို့ ပြောတယ်”

“ဟင်. . .”

နီမောင်မှာ နှင်းမြအတွက် များစွာ စိတ်ပူမိသော်လည်း ဘာမှ မတတ်နိုင်သော အခြေအနေမို့ သတင်းကို နားစွင့်နေရုံသာ ရှိတော့သည်။ နောက်တစ်နေ့တွင် ရွာထဲမှာ စိတ်မကောင်းစရာ သတင်းတစ်ခု ထွက်လာလေတော့သည်။

“နှင်းမြတစ်ယောက်တော့ သေရှာပြီ၊ ကံဆိုးလိုက်တဲ့ ကလေးမရယ်”

“ဘယ်လိုသေတာတဲ့လဲ”

“ခါတိုင်းတော့ တောထဲမှာ တစ်ယောက်တည်း သွားပြီး ထိုင်နေတယ်လို့ ကြားတာပဲ၊ တစ်ရက်နှစ်ရက်ကြာလို့ ပြန်မလာတော့မှ သိပြီး သူ့အဖေက လိုက်ရှာတာ၊ သစ်ပင်တစ်ပင်အောက်မှာ ခွေခွေကလေး သေနေတယ်လို့ သတင်းကြားတာပဲ”

“သနားစရာဟယ်. . . ဖြစ်မှဖြစ်ရပလေ၊ ဒါထက် အခု ဘယ်လိုလုပ်လိုက်ကြသလဲ”

“တောထဲမှာ သေတာဆိုတော့ ရွာထဲကို ပြန်ယူလို့ မရဘူးလေ၊ ဒါကြောင့် သူ့အဖေကြီးက တောထဲမှာ သင်္ဂြိုဟ်လိုက်တယ်လို့ ပြောသံကြားတာပဲ၊ ရွာထဲက လူတွေတောင် မသိလိုက်ကြပါဘူး”

“ဖြစ်မှဖြစ်ရလေဟယ်. . . ကလေးမလေး ကံဆိုးလိုက်တာ၊ အဲဒီလို ဖြစ်ရတာ ဘာမှမဟုတ်ဘူး၊ ကိုယ်နဲ့ မမှီတဲ့ပန်းကို တုံးခုလို့ လှမ်းမိလို့ အခုလို ဒုက္ခတွေ့ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"အို. . . ဒါကလည်း နီမောင်အပြစ်တော့ မရှိပါဘူး၊ နီမောင်က နှင်းမြကို လက်ထပ်ယူမယ်လို့ ပြောနေတာပဲ၊ ဖြစ်နေတာက သူ့မိဘတွေပေါ့၊ သူတို့သားကို ရွှေလင်ပန်းနဲ့ အချင်းဆေးထားတဲ့အတိုင်း ဟိုလူနဲ့သဘောမတူ ဒီလူနဲ့ သဘောမကျ ဖြစ်နေကြတာ၊ အခု နှင်းမြနဲ့ နီမောင်တို့ ချစ်ရက်နဲ့ ကွဲကြရတာလဲ ဒင်းတို့လက်ချက်ပဲ"

"သူတစ်ပါးကို ဒုက္ခရောက်အောင် လုပ်တဲ့သူတွေကတော့ တစ်နေ့ကျရင် ဝဋ်ပြန်လည်ကြမှာပါ၊ ကြည့်သာနေ"

"အခုလဲ ဦးတာတေကြီးက မကျေနပ်ဘူးလို့ ပြောသံကြားတယ်၊ သူက တစ်ပွဲစား ဖြစ်နေတာဆိုတော့ တစ်နည်းနည်းနဲ့တော့ တုန့်ပြန်မှာ သေချာတယ်"

"အင်း. . . ဦးတာတေက သူ ခိုင်းစေထားတဲ့ သရဲသဘက်တွေကို လွှတ်ပြီး ဒုက္ခပေးရင်တော့ ခက်ဦးတော့မှာပဲ"

ဟု အမျိုးမျိုးအဖုံဖုံ ထင်ကြေးပေးကာ ပြောဆိုနေကြလေသည်။ နီမောင်၏မိဘများ ဖြစ်ကြသော ဦးဘရှိန်၊ ဒေါ်ကျင်မေတို့မှာလည်း နှင်းမြ သေဆုံးသွားသောသတင်းကြောင့် များစွာ ထိတ်လန့်သွားကြလေသည်။

အချို့ကလည်း. . .

"ကောင်မလေးက တောထဲမှာ အစိမ်းသေ သေသွားတာဆိုတော့ ဘယ်နည်းနဲ့မှ ကျွတ်မှာမဟုတ်ဘူး၊ နီမောင်ဆီ စိတ်ရောက်နေပြီး လာပြီးဒုက္ခပေးရင်တော့ အခက်ပဲ"

ဟူသော စကားသံများကလည်း ထွက်လာကြရာ





နီမောင့်မိဘများမှာ ပိုမိုထိတ်လန့်ကြလေသည်။

နှင်းမြသေသွားပြီးသောအခါ နီမောင်လည်း ခါတိုင်းလို ချုပ်ချယ်မခံရတော့ဘဲ အနည်းငယ် လွတ်လပ်ခွင့်ရလေသည်။

သို့ကြောင့်. . .

နှင်းမြအတွက် ရည်စူး၍ ရက်လည်ဆွမ်းသွပ်သောနေ့က သူကိုယ်တိုင် သွားလေသည်။

သူ့ကို မြင်တော့ ဦးတာတေက မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်သည်။

"မင်း ဘာလာလုပ်တာလဲ"

"ဟို. . . ဟို. . . နှင်းမြအတွက် ကုသိုလ်ကောင်းမှုပြုဖို့ ကျူငွေလာပို့ပေးတာပါ ဦးလေး"

"မလိုတော့ပါဘူးကွာ. . . အပြစ်မရှိတဲ့ ငါ့သမီးလေးကို အသက်သေအောင် သတ်ပြီးမှတော့ ဒီငွေက ဘာလုပ်ဖို့လဲ၊ ပြန်သာ ယူသွားပါကွာ၊ တစ်ခုတော့ ငါပြောလိုက်မယ်၊ ကံကြမ္မာဆိုတာ လေးထောင့်ကျောက်ပြားတစ်ချပ်လို မြေကြီးမှာ စိုက်နေတာ မဟုတ်ဘူး၊ အဝိုင်းသဏ္ဌာန် ရှိတဲ့ လှည်းဘီးတစ်ခုလိုပဲ အမြဲလည်ပတ်နေတာဆိုတော့ ကိုယ်က အသာစီးရတဲ့အခါ အပေါ်ကနေ ဖိပြီး နှိပ်စက်မယ်လို့တော့ စိတ်မကူးနဲ့ပေါ့ကွာ၊ အဲဒီလို နှိပ်စက်ခဲ့ရင် တစ်နေ့ ကိုယ့်အောက်ကို ရောက်တဲ့အလှည့်မှာ သူတပါးကလည်း နှိပ်စက်ကြလိမ့်မယ်"

အသံသြသြကြီးနှင့် ပြောနေသော ဦးတာတေ၏စကားကို နားထောင်ရင်း အသည်းနှလုံးကို ရေခဲတုံးနှင့် ထိလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



စိမ့်တနဲ့ ဖြစ်သွားသည်။

"မင်းတို့ ငါ တစ်ခုတော့ ပြောလိုက်မယ် နီမောင်၊ တစ်နေ့တော့ရင် မင်း ငါ့သမီးလေးနဲ့ ပတ်သက်ပြီး နောင်တရစရာတွေနဲ့ ကြုံရလိမ့်မယ်"

နီမောင်လည်း ဘာမှ ပြန်မပြောဘဲ စိတ်မချမ်းမြေ့စွာဖြင့် ပြန်လာခဲ့လေသည်။

အိမ်သို့ ပြန်ရောက်တော့လည်း နှင်းမြကိုသာ သတိရနေပြီး နားထဲမှာလည်း သူမ၏အသံများကိုသာ ကြားယောင်နေမိသည်။

"ငါတော့ နင်နဲ့ ခွဲရမှာ သိပ်ပြီးကြောက်တာပဲ၊ တကယ်လို့ နင်နဲ့သာ ခွဲရရင်တော့ သေမှာပဲ"

ညအချိန်များမှာလည်း တော်တော်နှင့် အိပ်မပျော်ပဲ နှင်းမြကိုသာ သတိရနေမိသည်။

စွဲလန်းစိတ်ကြောင့်ပေလား။

နောက်ပိုင်းညများတွင် နှင်းမြကို အိပ်မက်ထဲမှာ တွေ့မြင်လာရသည်။

သူမသည် ဆံပင်ကို ဖားလျားချကာ ဖြူလျော်နေသော အသားများနှင့် ဖြစ်နေပြီး ရုပ်ကလည်း အသက်မသေမီက တွေ့ရသော မျက်နှာမျိုး မဟုတ်တော့ပေ။

"ဟင်. . . နှင်း. . . နှင်းမြ"

"နီမောင်. . . နင် ငါ့ကို သတိရသေးရဲ့လားဟင်"

"သတိရတာပေါ့ နှင်းမြရယ်၊ ငါ နင့်ကို နေ့တိုင်း သတိရ





နေပါတယ်၊ ဒါထက် နင် အခု ဘယ်မှာ နေတာလဲဟင်"

"ငါ တော့ထဲက သစ်ပင်ကြီးတစ်ပင်မှာ နေရတယ်၊ နင်ငါ့ကို တကယ်ချစ်တယ်ဆိုရင် ငါနဲ့အတူ လာနေပါလားဟင်"

ထိုစကားကြားသောအခါ နီမောင်မှာ စိုးရိမ်ထိတ်လန့်မှုဖြစ်သွားလေသည်။

"နင်နဲ့ငါနဲ့က ဘဝခြားသွားပြီဆိုတော့ ဖြစ်နိုင်တော့မယ်မထင်ပါဘူး နှင်းမြရယ်"

"နင် ငါနဲ့ လာနေရမှာ ကြောက်နေတယ် မဟုတ်လား"

"ကြောက်တော့ မကြောက်ပါဘူး၊ ဒါပေမယ့် ငါတို့ချင်းသာ ဘဝခြားနေပြီဆိုတော့ ဘယ်လိုနေလို့ရမှာလဲ နှင်းမြရယ်"

"ဒီလိုဆိုရင် ငါ နင်နဲ့ လာနေမယ်လေ"

"ဟင်. . . နင်က ငါနဲ့ လာနေမယ် ဟုတ်လား၊ ဘယ်လိုလုပ်ပြီး လာနေမှာလဲဟင်"

"လွယ်ပါတယ်. . . ငါ အခုနေတဲ့ သစ်ပင်ကြီးကိုခုတ်ယူ လာပြီး နင့်အိမ်မှာ ထားရင် ငါနဲ့ နေလို့ရတာပေါ့"

"ဖြစ်ပါ့မလား နှင်းမြရယ်၊ တော်ကြာ ဒုက္ခတွေ များကုန်ပါဦးမယ်"

"အေးလေ. . . အစကတည်းက ငါကသာ နင့်အပေါ်မှာ အသက်နဲ့ လဲပြီးချစ်ခဲ့ရပေမယ့် နင်က ငါချစ်သလိုမှ မချစ်ခဲ့ပဲ၊ ဒီစကားမျိုး ပြောမှာပေါ့"

"ဒီလိုလဲ အထင်မလွဲပါနဲ့ဟာ၊ နင်ပြောသလို မဟုတ်ပါဘူး၊ နင်ချစ်သလို ငါကလည်း ချစ်ပါတယ်၊ ဒါပေမယ့် နင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကို ဘယ်နည်းဘယ်ပုံ အိမ်ရောက်အောင် သယ်ယူရမယ်ဆိုတာ စဉ်းစားနေတာပါ"

"ဒါကတော့ နင်ကသာ ငါပြောတာကို လက်ခံရင် ဘယ်လိုရတဲ့နည်း ရအောင် ငါလုပ်ပေးမယ်"

ဟု ပြောလေရာ နီမောင်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေပြီး အတော်ကြာအောင် စဉ်းစားနေရလေသည်။

"နင် ဆုံးဖြတ်ရ ခက်နေရင်လည်း စဉ်းစားဦးပေါ့၊ ဒါပေမယ့် ငါ နင့်ကို သိပ်ပြီးသတိရတာပဲ. . . လွမ်းတာပဲ၊ နင့်စိတ်နဲ့ သေခဲ့ရတာဆိုတော့ နင့်ကိုပဲ စွဲလန်းနေမိတော့တာပဲ၊ နင် ငါ့ကို မသနားဘူးလားဟင်"

"သနားပါတယ် နှင်းမြရယ်"

"ဒီလိုဆိုရင် ငါရှိတဲ့နေရာကို တစ်ခေါက်လောက် လာခဲ့ပါလားဟင်"

"နင်က ဘယ်နေရာမှာ နေတာလဲဟင်"

"ငါနေတဲ့နေရာက ထော်ပိုင်ချောင်းဖျားဖက်မှာ လှေပျက်ကြီး ရှိတဲ့နေရာနဲ့ နီးတယ်၊ လှေပျက်ကြီးရဲ့လှေဦးတုံးရဲ့ တည့်တည့်နေရာလောက်မှာ လဗပင်ကြီးတစ်ပင် ရှိတယ်၊ အဲဒီ လဗပင်ကြီးမှာ နေတယ်၊ နင် လာခဲ့ပါလားဟင်"

ဟု ပြောလေသည်။

"အေး. . . ငါလာခဲ့ပါ့မယ်"

"ငါ ဝမ်းသာလိုက်တာ နီမောင်ရယ်၊ နင်လာလို့ အဖော်တွေ ပါလာရင်လည်း တခြားဝေးဝေးမှာ ထားခဲ့နော်၊ သူတို့ ပါ





လာရင် ငါနဲ့ တွေ့လို့ရမှာ မဟုတ်ဘူး"

"အေးပါ. . ."

ထိုသို့မှာကြားပြီးနောက် နှင်းမြမှာ ပြန်လည်ပျောက်သွားရာ နီမောင်မှာလည်း အိပ်ပျော်ရာမှ ပြန်လည်နိုးလာတော့သည်။ အချိန်မှာ သန်းခေါင်ယံအချိန်လောက်သာ ရှိသေးသော်လည်း ပြန်၍အိပ်မပျော်တော့ပေ။

တစ်ညလုံးလိုလို အဝေးမှ မျှော်နေသော နှင်းမြ၏ ခေါ်သံလိုလို ကြားနေရပြီး သူမ၏မျက်နှာကိုသာ မြင်ယောင်နေတော့သည်။

နောက်တစ်နေ့တွင် ဂျင်းတို့ဆီမှာ အလုပ်လုပ်နေသော ဆောထီးနှင့် ငမဲအောင်တို့ကို ခေါ်ကာ တောထဲ သွားရန် ပြင်လေသည်။

သူ ပြင်ဆင်နေတာ မြင်တော့ ဖခင်ဖြစ်သူက မေးသည်။

"နီမောင် ဘယ်သွားမလို့ လှေပြင်နေတာလဲ"

"ချောင်းဖျားဘက် သွားမလို့ အဖေ၊ သစ်ကလေးဘာလေး သွားရှာမလို့ပါ"

"ဘာလုပ်ဖို့လဲ"

"အိမ်တိုင်အတွက်ပါ"

"တို့ အိမ်ပြင်ဆောက်မှာ မိုးဦးကျမှဆိုတော့ လိုပါသေးတယ်ကွာ၊ နွေကျမှ လုပ်ရင်လည်း ရပါတယ်"

"အခုကတည်းက တိုင်ခုတ်ပြီး လှဲရွှေထားတော့ အသားသေသွားတာပေါ့ အဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ လွ၊ ဓါး စသည်တို့ကို ယူ၍ သုံးယောက်သား လှေတစ်စင်းဖြင့် လှော်ထွက်သွားကြလေသည်။

ဦးဘရှိန် စိတ်ထဲမှာ နီမောင်တစ်ယောက်အိမ်မှာ မနေချင်၍ သွားတာပဲဟု တွေးမိသော်လည်း ဘာမှတော့ မပြောတော့ပေ။ နီမောင်တို့သုံးယောက်လည်း လှေကို မှန်မှန်လှော်၍ ချောင်းဖျားဘက်သို့ တက်ခဲ့ကြသည်။

"နီမောင်. . . ချောင်းဖျားဘက် ဘာသွားလုပ်မလို့လဲ"

"ကိစ္စရှိလို့ပေါ့ကွ"

"မင်းပြောခဲ့သလို သစ်ပင်သွားရှာမလို့ဆိုတာ မဟုတ်ဘူး မဟုတ်လား"

နီမောင်က ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ရုံ ညိတ်ပြသည်။

စောထီးနှင့် ငမဲအောင်မှာ အလုပ်သမားဆိုရင်လည်း ဟုတ်၊ ငယ်ပေါင်းကြီးဖက် ဆိုရင်လည်း ဟုတ်သဖြင့် တစ်ယောက်အကြောင်း တစ်ယောက်သိပြီး ညီအစ်ကိုလို ဆက်ဆံကြသူများ ဖြစ်သည်။

"ဘာလဲ. . . နှင်းမြ အလောင်းမြှုပ်ထားတဲ့နေရာကို သွားရှာမလို့ မဟုတ်လား"

"မဟုတ်ပါဘူးကွာ. . . သူ့အလောင်း မြှုပ်ထားတဲ့နေရာ ဘယ်နေရာမှာ ရှိမှန်းမှ ငါမသိတာ"

"မင်းကို အိပ်မက်မပေးဘူးလား"

"နေစမ်းပါဦး. . . မင်းက အဲဒါတွေ ဘယ်လိုသိနေတာ





လဲ"

နီမောင်က တအံ့တသြဖြင့် မေးလိုက်ရာ စောထီးက ရယ်နေလေသည်။

"နှင်းမြက မင်းစိတ်နဲ့ သေသွားတာဆိုတော့ ဘယ်နည်းနဲ့မှ ကျွတ်ဦးမှာ မဟုတ်ဘူး၊ စွဲလန်းစိတ်နဲ့ သေတဲ့လူတွေဟာ ချစ်တရက် ကျွတ်ဖို့ ခဲယဉ်းတယ်လို့ လူကြီးတွေ ပြောတာ ငါကြားဖူးတယ်၊ ငါပြောတာ မှန်တယ် မဟုတ်လား"

"အေး. . . ဟုတ်တယ်၊ ငါ နှင်းမြကို အိပ်မက်,မက်တယ်ကွ"

"ဘယ်လို မက်တာလဲ"

နီမောင်က အိပ်မက်အကြောင်းကို ပြောပြလိုက်သည်။

"ဒါဖြင့် မင်း သူနေတဲ့နေရာကို သွားမှာပေါ့၊ သတိလဲ ထားဦးနော်၊ သူနဲ့ကိုယ်နဲ့ ဘဝခြားနေပြီ"

"ရပါတယ်ကွာ. . . ကြည့်ရှုကြည့်မှာပါ"

သုံးယောက်သား စကားတပြောပြောနှင့် လှော်လာကြရာ ချောင်းများဘက်သို့ ရောက်လာကြလေသည်။ချောင်းဖျားပိုင်း ရောက်တော့ တဖြည်းဖြည်းနှင့် ကျဉ်းလာသည်။

ချောင်းကမ်းစပ်မှာ ပေါက်နေသော မိကျောင်းနွယ်ခြုံများ၊ ရေလယ်အထိ ကိုင်းကျနေသော ဗျူးပင်၊ လမုပင်တို့၏ကိုင်းများက တစ်ခါတစ်ရံ လှေသွား၍ မရအောင်ပင် အကိုင်းချင်းယှက်နေသည်။

သစ်ပင်များပေါ်မှာ ရှိနေကြသော တောကြက်ငှက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှဉ့်ငပေါ်များသာ ဝေးဝေးဝါးဝါး အော်ရင်း အပေါ်သို့ တက်ပြေးကြ သည်။

မျောက်များကတော့ သစ်ကိုင်းများပေါ်မှာ ထိုင်နေရာ လှေလာသည်ကို မြင်သောအခါ တစ်ကောင်နှင့်တစ်ကော ကြားလောက်အောင် အော်ဟစ်ကာ အချက်ပေးလိုက်ကြပြီ ချက်ချင်းဆိုသလို သစ်ရွက်များကို ဖင်ခုထိုင်ကာ ပုန်းလိုက်ကြ သည်။

သစ်ရွက်များကို ဖင်ခုထိုင်ထားသောကြောင့် အောက် ဘက်မှ လှမ်းကြည့်လျှင် ၎င်းတို့ ရှိသောနေရာကို အလွယ်တကူ လှမ်းမမြင်နိုင်တော့ပေ။

ချောင်းဖျားပိုင်းသို့ သစ်ခုတ်သူအချို့သာ တစ်ခါတစ် လာရောက်ကြသောကြောင့် ထိုမျှ ရှုပ်ထွေးနေခြင်း ဖြစ်သည်

ထော်ပိုင်ချောင်းမှာ တစ်ချိန်က မြို့စားကြီး ဗညားဓေ နှင့် နောက်လိုက်နောက်ပါများ လောင်းလှေကြီးတစ်စင်းနှ ရောက်လာပြီး လျှို့ဝှက်စွာ စခန်းချကြသောနေရာလည်း ဖြ သည်။

ချောင်းဖျားပိုင်း ရောက်တော့ ချောင်းအလယ် သဲနုန်းမျ အောက်၌ နစ်မြုပ်နေသော လောင်းလှေကြီးကို တွေ့ကြရသည်

လွတ်လပ်ရေး မရမီအချိန်က ထိုနေရာသို့ လူ အရောက်အပေါက် နည်းခဲ့ကြသည်။

လွတ်လပ်ရေး ရပြီးကာစ နောက်ပိုင်းမှာလည်း မြစ် ကျွန်းပေါ် သစ်တောများတစ်ဝိုက်ကို ရောင်စုံသူပုန်များ





အုပ်စီးနေရာယူထားသောကြောင့် အမှောင်နယ်မြေဟု သတ် မှတ်ကာ တော်ရုံလူတို့ မလာဝံ့ခဲ့ကြပေ။

သို့ကြောင့် ထိုအချိန်ကဆိုလျှင် လောင်းလှေကြီး၏ အစိတ်အပိုင်း အတော်များများကို တွေ့မြင်နိုင်သည့်အပြင် ရှေး သူတို့ အသုံးပြုခဲ့ကြသော စဉ့်ရေသုပ်ထားသည့် အိုးပန်းကန် များ၊ ကြွေရည်သုတ်ထားသော အိုးပန်းကန် အသုံးအဆောင် ပစ္စည်းများကို တွေ့ကြရသည်။

ထို့ပြင် ကြေးပန်းကန် ကြေးအိုးများအပြင် ကြေးနှင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ ရှိသော်လည်း ဘယ်သူမှ မယူဝံ့ကြပေ။

မသိသဖြင့် ယူလာခဲ့လျှင်လည်း မနေနိုင်အောင် ယားယံ ၍သော်လည်းကောင်း၊ အိမ်အထိ လိုက်လာပြီး ခြောက်လှန့်မှု များကြောင့်သော်လည်းကောင်း ချက်ချင်းပြန်ပို့ပေးကြရသည်။

ထို့ပြင် တောတွင်းတစ်နေရာ၌ စေတီဟောင်းတစ်ဆူ ရှိပြီး လပြည့်လကွယ်ရက်များတွင် ဘုရားရင်ပြင်ပေါ် တစ်ဝိုက်မှာ သူရိပ်လူခြည်များ တွေ့ကြရသည်ဟုလည်း အဆိုရှိသည်။

လောင်းလှေကြီးမှာ အတော်ကြီးပြီး အလျားကလည်း အတော်ရှည်လှသည်။

ရွံ့နွံများထဲမှ ပေါ်နေသော လှေဦးအဝိုင်းကြီးမှာပင် လူ ငါးယောက် ထမင်းဝိုင်းစား၍ ရအောက်အောင် ကြီးမားကျယ် ပြန့်လှသည်။

လှေဦးတုံးကြီးမှာ ရှေးယခင်က ရွှေချထားပုံ ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နှစ်ဝရိုရွှေဒေ တြာမြင့်ခဲ့ပြီဖြစ်၍ ရေညှိများကသာ ဖုံးလွှမ်းလျက်ရှိသည်။

ထိုနေရာသို့ ရောက်သောအခါ လှေကို ဆိုက်ကပ်လိုက်ကြသည်။

"မင်းတို့နှစ်ယောက် လှေကပဲ စောင့်ကြ၊ ငါ တက်သွားလိုက်ဦးမယ်"

"မင်းတစ်ယောက်တည်း သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . မင်းတို့ ပါလာရင် သူတို့ တွေ့ရမှာမဟုတ်ဘူး"

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က နီမောင်ကို စိတ်မချသော်လည်း ဘာမှတော့ ဆက်မပြောကြတော့ပေ။

"သတိနဲ့တော့ သွားနော်"

"အေးပါ"

နီမောင်က ဓါးတစ်လက်ကိုသာ ယူပြီး တောပေါ်သို့ တက်လေသည်။ ကမ်းစပ်မှာသာ ရွှံ့နုံးများ ရှိသော်လည်း အပေါ်ဘက် ရောက်တော့ သဲမြေများသာ ဖြစ်သွားပြီး တောခြေကလည်း ရှင်းသည်။

ထိုနေရာတစ်ဝိုက် ရောက်တော့ ခြုံပုတ်များနှင့် ဆူးရှိသော သင်ပေါင်းဖျိုက်များ၊ အလိုလေးနွယ်ခြုံများ၊ သဘော့ဖျိုက်များ မတွေ့ရတော့ပဲ အပင်ကြီးများသာ ရှိတော့သည်။

ကုန်းတန်းတစ်ဝိုက်မှာ ပေါက်လေ့ရှိသော ကနစိုပင်၊ လဗပင်၊ ကမ္ဘလာပင်၊ ကျွန်ပင်နှင့် သရောဖျိုက်တော၊ မဒမဖျိုက်





တောများသာ တွေ့ရတော့သည်။

နီမောင်က အိပ်မက်ထဲမှာ နှင်းမြ ပြောသွားသည့် အတိုင်း လောင်းလှေကြီး၏ဦးပိုင်းတည့်တည့်ကို လျှောက်လာသည်။ အတော်ဝေးဝေး ရောက်လာသည်အထိ လဗပင်ကို တွေ့ရသဖြင့် 'ဟုတ်မှ ဟုတ်ပါ့မလား' ဟု စိတ်ထဲမှ ထင်မိသည်။ သို့ကြောင့် အသံပြုပေးလိုက်သည်။

"နှင်းမြရေ. . . နှင်းမြ၊ ငါရောက်လာပြီဟေ့"

နီမောင်အော်သံက ပတ်ဝန်းကျင်တစ်ဝိုက်မှာ ပဲ့တင်ထပ်သွားတော့သည်။

အတန်ကြာအောင် စောင့်ကြည့်သော်လည်း တုန့်ပြန်သံ ကြားရပေ။

"နှင်းမြရေ. . နှင်းမြ. . ငါလာပြီဟေ့"

"နီမောင်ရေ ငါဒီမှာဟေ့. . . ဒီဘက်မှာ"

ဟု တောထဲမှ ပြန်အော်သံ ပေါ်လာသည်။

"ဟင်. . ."

ထိုအသံကြောင့် စိတ်ထဲမှာ နည်းနည်းတော့ လန့်သွားသည်။

ရှေ့ဆက်သွားရ ကောင်းနိုးနိုး၊ နောက်ပြန်လှည့်ရကောင်းနိုးနိုး ချီတုံချတုံ ဖြစ်သွားသည်။

တောနက်ထဲမှာ တျတ်များ၏ လှည့်စားခြင်းမှာ ကြောက်စရာအကောင်းဆုံး ဖြစ်ကြောင်းလည်း တောနှင့် မစိမ်းသော နီမောင်အနေနှင့် သိထားလေရာ ဘာလုပ်ရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်နေသည်။

"နီမောင်. . . ငါ ဒီဘက်မှာ ရှိတယ်၊ လာခဲ့လေ"

ထိုအသံကြောင့် နီမောင်စိတ်ထဲမှာ. . .

"တကယ်လို့ ကျတ်လှည့်စားတယ် ထင်ရင်လည်း နောက်ပြန်လှည့်ရုံပေါ့၊ နေ့ဘက်အချိန်ကြီးတော့ သူတို့ ငါ့ကို ဘာမှမလုပ်နိုင်ပါဘူး"

ဟု တွေးတောကာ အသံကြားရာဘက်သို့ ရှေ့ဆက်တိုးသွားလေသည်။ ရှေ့သို့ ကိုက်အနည်းငယ် လျှောက်သွားသောအခါ ကုန်းတန်းပေါ်မှာ ပေါက်နေသော လဗပင်တစ်ပင်ကို လှမ်းမြင်ရသည်။

လဗပင်မှာ အလုံးအရွယ်အစား အနေတော်ဖြစ်ပြီး အဖုအထစ် သိပ်မရှိပဲ ဖြောင့်တန်းလျက်ရှိသည်။

လဗပင်မှာ အဖုအထစ် အကိုင်းအခက်များသောအပင်ဖြစ်ပေရာ ထိုအပင်မှ ထူးထူးခြားခြား ဖြောင့်တန်းနေခြင်း ဖြစ်ပေသည်။

"နှင်းမြပြောတာ ဒီလဗပင်များ ဖြစ်မလား"

ဟု တွေးတောကာ ထိုသစ်ပင်အနီးသို့ လျှောက်သွားသည်။

သစ်ပင်နှင့် မလှမ်းမကမ်း ရောက်သွားသောအခါ သစ်ပင်နောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

"နှင်းမြ"

နီမောင်မှာ အလန့်တကြား ဖြစ်သွားသည်။





"နှင်. . . နှင်. . . သေပြီမဟုတ်လား နှင်းမြ"

"လူကတော့ သေသွားခဲ့တာ ကြာတော့ အခုလောက်ဆိုရင် အရိုးတောင် ကျနေရောပေါ့၊ ဝိညာဉ်ကတော့ ဘယ်သေပါ့မလဲ၊ နောက်ပြီး နှင်နဲ့ငါနဲ့ မပေါင်းရမချင်း လွှတ်ရာကျွတ်ရာကိုလည်း ငါမသွားနိုင်သေးဘူး"

နှင်းမြပြောသံကို နားထောင်ပြီး တအံ့တဩ ဖြစ်နေသည်။ သူမကို လှမ်းကြည့်တော့လည်း သာမန်အဝတ်အစားနှင့်သာ ဖြစ်ပြီး မျက်နှာကို ပုဝါတစ်ထည်နှင့် အုပ်ထားသဖြင့် မျက်နှာကိုတော့ သေသေချာချာ မမြင်ရပေ။

"ငါ. . . ငါ. . . ဘယ်လိုလုပ်ရမှာလဲ"

"ငါ ဒီသစ်ပင်မှာ နေတယ်၊ ဒီသစ်ပင်ကို ခုတ်ယူပြီး အိမ်တိုင်အဖြစ် သုံးလိုက်ရင် ငါ နှင်တို့အိမ်ကို လိုက်နေလို့ရမယ်၊ နောက်ပြီး နှင်နဲ့ငါနဲ့ မင်္ဂလာဆောင်ကြမယ်၊ အဲဒီလို မင်္ဂလာဆောင်ပြီးရင် နှင်တို့မိသားစုတွေကို စီးပွားဥစ္စာ တိုးတက်အောင် ငါလုပ်ပေးမယ်"

"နှင်က ဝိညာဉ်၊ ငါက လူ၊ ဘယ်လိုလုပ်ပြီး မင်္ဂလာဆောင်လို့ ရမှာလဲ"

"ဝိညာဉ်နဲ့လူ ညားပြီး ကလေးရတဲ့အဖြစ်တွေ အများကြီး ရှိတာ နှင် မကြားဖူးဘူးလား"

"ဥစ္စာစောင့်နဲ့လူနဲ့ ပေါင်းတာတော့ လူကြီးတွေပြောသံ ကြားဖူးပါတယ်"

"ငါလည်း အဲဒီလိုပဲ၊ လူနဲ့ ပေါင်းသင်းနေထိုင်လို့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆောင့်မှာပဲ ရှိပါသေးတယ်၊ နင် ငါ့ကို တကယ်ချစ်ရင် ငါ ပြောတဲ့အတိုင်းသာ လုပ်ပါ”

ဟု ပြောဆိုကာ တောတွင်းသို့ ပြန်လှည့်ဝင်သွားလေသည်။

“နှင်းမြ . . . နှင်းမြ”

ခေါ်သော်လည်း ပြန်ထွက်မလာတော့ပေ။

ထိုအလိုက်မှာပင် နောက်ဘက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို တွေ့ရလေသည်။

“မင်း . . . မင်းတို့ နှင်းမြကို မြင်လိုက်ရသလား”

နီမောင်က မေးတော့ နှစ်ယောက်စလုံး ဘာမှ ပြန်မဖြေကြဘဲ မျက်စိမျက်နှာ မကောင်းစွာဖြင့် . . .

“နီမောင် . . . ငါတို့ ပြန်ကြရအောင်ကွာ”

ဟု အတင်းခေါ်ကြသဖြင့် နီမောင်လည်း မလိုက်ချင် လိုက်ချင်နှင့် လှေဆိပ်သို့ ပြန်ဆင်းခဲ့ရတော့သည်။





## အခန်း [ ၅ ]

## ခနိုတောအတွင်းမှ ထူးဆန်းသော ခြောက်လှန့်မှု

နွေရာသီ ရောက်ပြီမို့ ခနိုပင်များ ခုတ်ယူရသောအချိန် ရောက်လာပေပြီ။

အိမ်မိုးရန်အတွက် အသုံးပြုရန် အဓိကပစ္စည်းဖြစ်သော ခနိုပင်များမှာ ရေချိုရေငန် ရောက်သော မြစ်ဝကျွန်းပေါ် အရပ်၌ များစွာပေါများလေသည်။

ခနိုပင်များမှာ လတာနုံး ထူထပ်သော ချောင်းကမ်းစပ်များ၌ ပေါက်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမိက အသုံးဝင်သည်မှာ ဓနိရွက်ပင်ဖြစ်သည်။

ဓနိပင်မှ အသီးသီးသော်လည်း နုလျှင် ထန်းသီးနုသကဲ့သို့ အရသာရှိပြီး ရင့်လျှင်တော့ မာသွားသဖြင့် စားမရပေ။

ဓနိအသီးခိုင် မထွက်မီ အဖူးတံ ထွက်သောအချိန်မှာ ဓနိရေခံ၍ရသည်။

ဓနိရေမှာ ထန်းရည်ကဲ့သို့ပင် ချိုပြီး ရင့်သွားလျှင် မူးသော အရသာရှိသည်။

ဓနိပင်မှာ ပုံသဏ္ဍာန်အရ အညာအရပ်၌ ပေါက်သော ထန်းပင်နှင့် ပုံသဏ္ဍာန် မတူသော်လည်း အသုံးဝင်ပုံမှာတော့ ထန်းပင်နှင့် များစွာတူလှသဖြင့် ပင်လယ်ထန်းပင်များဟုပင် တင်စားခေါ်ကြသည်။

ဓနိခုတ်ချိန် ရောက်ပါက ဓနိတောအတွင်း ဝင်၍ ဓနိကိုင်းများကို ခုတ်၍ စုပုံထားရသည်။

ဓနိပင်တစ်ရုံလျှင် ဓနိကိုင်းတစ်လက်နှင့် ဓနိဖူးတစ်ဖူးသာ ချန်ပြီး အားလုံးခုတ်ကြရသည်။

ပြီးတော့မှ ထိုဓနိကိုင်းများကို တစ်နေရာတည်း စုပုံပြီး ဓနိရွက်များကို သပ်ချယူရသည်။

တစ်ပေါစာ ရလျှင် ဓနိကြိုးနှင့်ပင် စည်း၍ ဓနိပေါ ဖြစ်အောင် စည်းရသည်။

ပြီးတော့မှ ဓနိထိုးသောရုံသို့ ရောက်အောင် ပို့ပေးရသည်။

ထော်ပိုင်ချောင်းတစ်ဝိုက်မှာ ရှိသော ဓနိခြံအတော်များ





များကတော့ ဦးဘရှိန်တို့ ပိုင်သော ဓနိခြံ များလေသည်။

ယခုလည်း ဓနိခုတ်ချိန် ရောက်ပြီဖြစ်သဖြင့် အလုပ်သမားများကို လွှတ်၍ ဓနိခုတ်ခိုင်းစဉ်မှာပင် အနှောင့်အယှက်များ တွေ့ရသဖြင့် အလုပ်သမားအချို့ ပြန်ပြေးလာကြသည်။

"ဘာဖြစ်ကြတာလဲ"

"ဓနိတောထဲက သရဲခြောက်လို့ ဦးလေး"

"ဟော. . . နေ့ခင်းအချိန်ကြီး ဘယ်က သရဲလာခြောက်တာလဲ"

"မြင်လည်း မမြင်ရဘူး၊ အလုပ်လုပ်လို့ မရအောင်ကို ခြောက်တာ၊ ကျွန်တော်တို့တော့ မခုတ်ဝံ့တော့ဘူး"

"ဒီကောင်တွေ မလုပ်ချင်လို့ တမင် ချေးများတာပဲ ဖြစ်ရမယ်၊ မင်းတို့ မခုတ်ချင်တော့လဲ နောက်တစ်ယောက်ပေါ့ကွာ၊ ပိုက်ဆံပေးခိုင်းတာပဲ. . . ဘယ်သူပေးခိုင်းခိုင်း ရပါတယ်"

ဟု ပြောကာ နောက်နှစ်ယောက် ထပ်လွှတ်လိုက်သည်။

နောက်နှစ်ယောက်မှာ စိန်ထွန်းနှင့် မှတ်ကြီးတို့ ဖြစ်ကြပြီး နှစ်ယောက်စလုံး အရက်သမားများ ဖြစ်ကြသည်။

အလုပ်လုပ်ရာသို့ပင် အရက်ပုလင်း ယူသွားလေသည်။

ဓနိတောအတွင်းသို့ ရောက်သောအခါ ထမင်းထုပ်နှင့် အရက်ပုလင်းကို တစ်နေရာမှာ ထားပြီး ဓနိတောအတွင်း ဝင်ခုတ်ကြသည်။

နေ့လည်ဘက်ဖြစ်သော်လည်း ဓနိတောအတွင်းမှာ အနည်းငယ် မှောင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ခနိုတောအတွင်းသို့ ဝင်လာသော ခြေသံကြီးတို့ အရင်ကြားကြရသည်။

"ဘာသံလဲကွ"

"ခြေသံလို့ ထင်တာပဲ"

"ခြေသံတလည်း ကြမ်းလှချည်လား၊ တောထဲက ဆင်တွေများ ဝင်လာရော့သလား"

"မသိဘူး"

"ဖွမ်း. . . ဖွမ်း. . . ဖွမ်း"

ခြေသံသာ တဖြည်းဖြည်း နီးလာသော်လည်း အကောင်အထည်ကိုလည်း မတွေ့ကြရသေးပေ။

အသံကြားရာသို့ လှမ်းကြည့်လိုက်တော့ ခနိုကိုင်းများကို လက်ဖြင့် ဖယ်၍ ဆင်းလာသဖြင့် ခနိုပင်များ လှုပ်ယမ်းနေသည်ကိုတော့ မြင်ရသည်။

"ဆင်တော့ မဟုတ်နိုင်ဘူး"

"ဆင်မဟုတ်ရင် ဒီလောက်ခြေသံကြီးတာ ဘာကောင်ဖြစ်မလဲ"

"ငါလည်း ဘယ်သိပါ့မလဲ"

နှစ်ယောက်စလုံးမှာ ခနိုတောအတွင်း မဝင်မီက အရက်အနည်းငယ် သောက်ထားကြရာ ခုကဲ့သို့ ဇဝေဇဝါနှင့် လှမ်းမြင်ရသောအခါ အရက်ရှိန်ကလေးပင် ပြေချင်သလို ဖြစ်သွားသည်။

ပထမတော့ ခြေသံက သူတို့နှစ်ယောက် ရှိရာဘက်သို့





ဆင်းလာပြီး မလှမ်းမကမ်း ရောက်တော့မှ ပြန်လှည့်သွားသည်။

အမှန်တော့ ထမင်းထုပ်နှင့် အရက်ပုလင်း ထားရာသို့ ပြန်လှည့်သွားခြင်း ဖြစ်လေသည်။

အတန်ကြာအောင် နားစွင့်ကြည့်တော့လည်း ဘာသံမှ မကြားရတော့ပဲ ငြိမ်နေပြီးမှ ခနိုတောထဲမှ လွင့်လာသော အရာဝတ္ထုတစ်ခုက သူတို့နှစ်ယောက် ရှိရာသို့ ရောက်လာပြီး အောက်သို့ ကျသည်။

"ဘုတ်"

"ဟင်. . ."

ကြည့်လိုက်တော့ သူတို့သုံးယောက်ဖို့ ယူလာသည့် အရက်ပုလင်းဖြစ်သည်။ ပုလင်းထဲမှာ အရက်ကတော့ မရှိတော့ပေ။

"ငါတို့ အရက်ပုလင်း ဘယ်ကောင် လာသောက်တာလဲကွ"

ဟု ဒေါသကြီးစွာဖြင့် ခနိုခုတ်ဓားများကို ကိုင်၍ ထိုနေရာသို့ ပြန်သွားကြသည်။

ထိုနေရာရောက်တော့ မည်းမည်းသဏ္ဍာန်တစ်ယောက်က သူတို့ ထားသော ထမင်းထုပ်များကို အားရပါးရ ထိုင်စားနေသည်။ ကျောပေးထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

"ဟေ့လူ. . . ဘာဖြစ်လို့ ထမင်းထုပ်တွေ ခိုးစားနေတာလဲ"

သူတို့က နောက်မှ အော်သော်လည်း ဂရုမစိုက်ပဲ ဆက်



www.burmeseclassic.com

www.burmeseclassic.com



စားမြိစားနေသည်။

သို့ကြောင့် နှစ်ယောက်သား သည်းမခံနိုင်တော့ပဲ အနားသို့ တိုးကပ်သွားသောအခါမှာ ငုတ်တုတ်ထိုင်ကာ ထမင်းထုပ်များကို ဖြေစားနေသူက နောက်ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။

"အမယ်လေး . . ."

နှစ်ယောက်သား ရှေ့ဆက်မတိုးဝံ့တော့ပဲ တန့်သွားသည်။

ထို့နောက် . . .

ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ နောက်ကြောင်းသို့ ပြန်လှည့်ပြေးကြတော့သည်။

အိမ်ပေါ်သို့ ကသောကမျော ပြေးတက်လာသော စိန်ထွန်းနှင့် မှတ်ကြီးတို့နှစ်ယောက်ကို ကြည့်ပြီး ဦးဘရှိန်မှာ မျက်လုံးပြူးသွားသည်။

"ဘာဖြစ်လာကြတာလဲ"

"သ . . . သရဲခြောက်လိုက်လို့"

"ဘယ်က ခြောက်လိုက်တာလဲ"

"ခနိုတောထဲက ခြောက်လိုက်တာ"

"ငါ ဒီခနိုခြံတွေ လုပ်လာတာ တစ်ခါမှ ဒီလိုမကြားခဲ့ဖူးပါဘူး၊ ဘယ်လိုခြောက်လိုက်တာလဲ"

"ပထမတော့ အော်သံကြီး ကြားရတယ်၊ နောက်တော့ အရက်ပုလင်းနဲ့ လှမ်းပစ်တယ်၊ အဲဒါနဲ့ သွားကြည့်တော့ အောင်





မယ်လေး ကြောက်စရာကောင်းလိုက်တာ ဦးလေးရာ၊ မျက်လုံးပြူး လျှာ ဘွဲလောင်းနဲ့ ထမင်းထုပ်တွေ ထိုင်စားနေတဲ့ သရဲတစ်ကောင်ကို တွေ့ခဲ့ရတာဗျ"

"ဟုတ်တယ် ကျုပ်တို့လည်း တော်ရုံဆိုရင် မကြောက်တတ်ပါဘူး၊ အခုလို ကြောက်အောင် ခြောက်တော့လည်း မလုပ်ဝံ့တော့ပါဘူး၊ ဦးလေး ခနိုခြံတော့ ငွေဘယ်လောက်ပေးပေး မလုပ်ဝံ့တော့ပါဘူးဗျာ"

ဟု ပြောဆိုကာ ကသောကမျော ပြန်သွားကြလေသည်။

ထိုသတင်းက ထော်ပိုင်တစ်ရွာလုံး ပျံ့နှံ့သွားတော့သည်။

အချို့ကလည်း မယုံကြည်ကြသဖြင့် အရဲစွန့်ကာ သွားလုပ်ကြသေးသည်။ သို့သော်လည်း တစ်နေ့ပင် မကုန်ပဲ ပြန်ပြေးလာကြရသည်။

ဤသို့ဖြင့် ဦးဘရှိန်၏ခနိုခြံများမှ ခနိုခုတ်မည့်သူ မရှိသောကြောင့် အချိန်တန်သော်လည်း ဒီအတိုင်းပင် ရှိနေတော့သည်။

နောက်ပိုင်းတော့ ရွာမှ အလုပ်သမားများက တစ်ယောက်မှ မလုပ်ဝံ့ကြသဖြင့် အခြားမှ အလုပ်သမားများကို သွားရောက်ခေါ်ကာ ခုတ်ခိုင်းပြန်တော့လည်း ထိုအလုပ်သမားများမှာ တစ်နေ့ပင် မကုန်ပဲ ပြေးကြရသည်။

နောက်ဆုံးတော့ ဦးဘရှိန်မှာ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ . . . ဓနိခုတ်ချိန်ကလည်း အတော်တောင် လွန်နေပြီ၊ သူများရုံတွေဆိုရင် ဓနိခုတ်ပြီးလို့ ဓနိပျစ်တွေတောင် ဖြစ်တုန်ကြပြီ၊ ဒီအတိုင်းဆိုရင် နောက်ကျပြီး ဓနိဈေးတွေ ကျတော့မှာပဲ"

"အဖေ . . . တခြားလူတွေ မလုပ်ဝံ့ရင် ကျွန်တော် ကိုယ်တိုင် သွားခုတ်ပါ့မယ်"

"မဖြစ်ပါဘူးကွာ"

"ဖြစ်ပါတယ် . . . ကျွန်တော် စောထီးနဲ့ ငမဲအောင်ကို ခေါ်ပြီး သွားခုတ်ပါ့မယ်"

ဦးဘရှိန်မှာ တခြားလူများကိုသာ ငွေပေး၍ ခိုင်းလိုက်ချင်သည်။ သားဖြစ်သူ နီမောင်ကိုတော့ လွှတ်ရမှာ စိတ်မချနိုင်ပေ။ သို့သော်လည်း တခြားအလုပ်သမားကို တစ်ယောက်မှ ရှာမရတော့သဖြင့် မတတ်သာ၍ လွှတ်ရမည့် အနေအထားဖြစ်သည်။

စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကလည်း သူတို့နှစ်ယောက်ချည်းတော့ မသွားဝံ့ပေ။

နီမောင် ပါလျှင်တော့ သွားမည်ဟု ပြောသဖြင့် နီမောင်ကိုယ်တိုင် အလုပ်ဆင်းရန် ဖြင့်ရလေသည်။

သို့သော်လည်း အလုပ်မဆင်းခင် တစ်ရက်တွင် ဦးတာတေဆီသို့ သွားပြီး အိပ်မက်အကြောင်းကို ပြောပြပြီး တောထဲ၌ နှင်းမြနှင့် တွေ့ခဲ့ရပုံပါ ပြောပြလိုက်သည်။

"မင်း သူနဲ့ တွေ့ရပြီလား"





"အိပ်မက်ထဲမှာ တွေ့ရရုံမကဘူး၊ သူပြောတဲ့အတိုင်း နေသူရိန်ကုန်းတန်း လိုက်သွားတော့လည်း တွေ့ရပါတယ်"

ဦးတာတေက ကွမ်းတမြုံ့မြုံ့ ဝါးရင်း သက်ပြင်းတစ်ချက် ချသည်။

"သူက ဘာပြောသလဲ"

"သူနဲ့ လက်ထပ်ရမယ်လို့ ပြောပါတယ်"

"မင်းသဘောကရော ဘယ်လိုလဲ"

ဦးတာတေက သူ့ကို မကြည့်ပဲနှင့် မေးသည်။

"ကျွန်တော်ကလည်း သူနဲ့ လက်ထပ်ပါ့မယ်လို့ ပြောလိုက်ပါတယ်"

ထိုအခါမှ တစ်ချက်ကြည့်သည်။

"မင်းသဘောက အဆန်းပါလားကွ၊ မိန်းကလေးတစ်ယောက်ကို အသက်ရှင်နေတုန်းကတော့ လက်ထပ်ရမှာ ငြင်းနေပြီး အခု သေပြီး တမလွန်ဘဝရောက်မှ လက်ထပ်မယ်ဆိုတော့ အထူးအဆန်း ဖြစ်မနေဘူးလား"

"ကျွန်တော် နှင်းမြကို တကယ်ချစ်တာပါ၊ လက်ထပ်ဖို့ ဖျက်ရတာကလည်း ကျွန်တော့်ကြောင့် မဟုတ်ပါဘူး"

"ထားပါတော့လေ . . . မင်း အခုလာတာ ဘာကိစ္စလဲ"

"ဦးလေးဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဘာများလဲကွ"

"အခု ကျွန်တော်တို့ရဲ့ ဓနိခြံတွေထဲမှာ မကောင်းဆိုးတွေ ရောက်နေပြီး ဘယ်သူမှ မလုပ်ဝံ့ကြလို့ ဘယ်လိုလုပ်ရရင်



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေမလဲလို့ လာမေးတာပါ"

"ခနိခြံထဲမှာ သရဲခြောက်တာပဲ. . . ဘာဆန်းသလဲကွ"

"ဒါပေမယ့် ဦးလေး အကူအညီပေးရင် ရနိုင်မယ် ထင်လို့ လာပြီး အကူအညီ တောင်းတာပါ"

ဦးတာတေက သဘောကျစွာဖြင့် ကွမ်းသွေးများဖြင့် မည်းနေသော သွားများပေါ်အောင် ပြုံးလိုက်သည်။

"အရေးကိစ္စ ကြုံလာတော့ အခုလို လာပြီး အကူအညီ တောင်းရမှန်းတော့ သိသားပဲကိုး၊ အဲဒီသဘောကို မင်းရဲ့မိဘတွေ အစောကြီးကတည်းက သိသင့်တာပေါ့ကွာ၊ ရွှေလည်း ရွှေနေရာမှာ တန်ဖိုးရှိသလို ရွှံ့လည်း ရွှံ့နေရာမှာတော့ အသုံးဝင်တာပါပဲ၊ အေးလေ. . . မင်းက ငါ့သမီးနဲ့ ပတ်သက်ခဲ့ဖူးတော့ မျောက်သား စားချင်ပေမယ့်လဲ မျောက်မျက်နှာ ကြည့်ရဦးမှာဆိုတော့ ငါပြောပြလိုက်ပါ့မယ်၊ ဒါပေမယ့် ဒီအကြောင်းကို မင်း ဘယ်သူ့မှ မသိစေနဲ့"

ဟု လျှို့ဝှက်သော အကြောင်းအချို့ကို ပြောပြလေသည်။ နီမောင်လည်း ထိုအကြောင်းကို သိသောအခါ အိမ်သို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့ မနက်လင်းသောအခါ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို ခေါ်ကာ ခနိတော ရှိရာသို့ ထွက်ခဲ့ကြလေသည်။

ခနိတော ရှိရာမှာ ချောင်းဝပိုင်း တောစပ်၌ ရှိပြီး ရွာနှင့် အနည်းငယ် ဝေးသည်။





"မင်းသွားတော့ ဦးတာတေကြီးက ဘာပြောလိုက်သလဲ"

စောထီးက မေးသည်။

"ဟိုရောက်တော့ သိရလိမ့်မယ်"

"မင်းကလည်း ငါတို့နှစ်ယောက်ကိုတောင် မပြောချင်ဘူးလား"

"မဟုတ်ပါဘူးကွာ. . . သူပြောတဲ့အတိုင်း ဟုတ် မဟုတ် မသိရသေးလို့ပါ"

ဟု ပြောဆိုရင်း လှေကို လှော်လာကြရာ ဆွမ်းခံပြန်ချိန်လောက်တွင် ခနိတောစပ်သို့ ရောက်ကြလေသည်။

ခနိတောအတွင်းမှာတော့ ပထမလူများ ခုတ်ထားခဲ့သည့် ခနိကိုင်းများ၊ မစည်းရသေးသော ခနိပေါ်ရော စည်းပြီးသား ခနိပေါ်များပါ နေရာအနှံ့ ပြန့်ကျဲနေသည်ကို စိတ်မချမ်းမြေ့စွာ တွေ့ရသည်။

"ခနိပေါ်တွေတောင် မသိမ်းနိုင်ပဲ ဒီအတိုင်း ထွက်ပြေးရတယ်ဆိုတော့ အခြေအနေကတော့ အတော်ကလေး ဆိုးတဲ့ပုံပဲ"

ဟု ငမဲအောင်က မှတ်ချက်ချသည်။

လှေကို ခနိတောစပ်မှာ ဝင်ကပ်ပြီး လှေကြိုးကို ခနိကိုင်းတစ်ကိုင်းမှာ ချည်ထားလိုက်သည်။

"တို့ ဘယ်လိုလုပ်ကြမှာလဲ နီမောင်၊ ဦးတာတေက ဘာပြောလိုက်တာလဲ"

"ငါတို့ ခနိတောရဲ့ အလယ်နေရာလောက်မှာ မြေပုံ


www.burmeseclassic.com

www.burmeseclassic.com



ဘောင်းတစ်ခု ရှိတယ်လို့ ပြောတယ်"

"ဟင်. . . အရင်က ပြောသံမကြားရပါလား"

"အရင်က ဘာပြဿနာမှ မဖြစ်တော့ မသိကြတာပါ"

"ဆက်ပြောပါဦး"

"အဲဒီမြေပုံပေါ်မှာ တစူးဝါးတစ်ချောင်း စိုက်ထားတာတွေ့လိမ့်မယ်တဲ့၊ အဲဒီတစူးဝါးကို နှုတ်ပစ်ပြီး ချောင်းထဲကို မျှောလိုက်ရမယ်လို့ ပြောတယ်၊ နောက်ပြီး အဲဒီမြေပုံပေါ်မှာ တို့ယူလာတဲ့ အမဲသားဟင်းတွေ ပုံပေးထားရမယ်လို့ မှာလိုက်တယ်"

"အဲဒီ တစူးဝါးက ဘယ်သူလာစိုက်ထားတာလဲ၊ သူကိုယ်တိုင်များ လာစိုက်ထားတာလား"

"ဒါတော့ ဘယ်သိမှာလဲကွာ၊ ဒီဓနိတောထဲမှာ မြေပုံရှိတယ်ဆိုတာ သိဖို့ လွယ်တာမှတ်လို့ အခုလို ပြောပြလိုက်တာကိုဲ ကျေးဇူးတင်ရဦးမယ်၊ ကိုင်း. . . သူပြောတဲ့အတိုင်း ဟုတ်မဟုတ် သိရအောင် ဓနိတောထဲ ဝင်ကြည့်ကြရအောင်"

ပြောဆိုတိုင်ပင်ကာ လိုအပ်သောပစ္စည်းများ ယူ၍ ဓနိတောအတွင်းသို့ ဝင်ခဲ့ကြသည်။

ဓနိတောအတွင်းမှာ ရက်အတော်ကြာကြာကတည်းက ခုတ်ထားသော ဓနိကိုင်း အတော်များများမှာ အရွက်သင်ပြီး မစည်းထားနိုင်ခဲ့သောကြောင့် အရွက်များ ခြောက်ပြီး တွန့်လိမ်နေချေပြီ။

လုံးဝ သုံးမရတော့ပေ။

ထိုကဲ့သို့ သွေ့ခြောက်နေသော ဓနိကိုင်း ဓနိရွက်များမှ





ဓနိတောတစ်ဝက်ပင် မကတော့ပေ။

နီမောင်မှာ ထိုအခြေအနေကို ကြည့်ပြီး အတော်ကလေး စိတ်မချမ်းမသာ ဖြစ်သွားမိလေသည်။

"အင်း. . . ဒီအတိုင်းသာဆိုရင်တော့ ဒီနှစ် ဓနိခြံက တစ်ဝက်တောင် ရမှာ မဟုတ်တော့ပါဘူးကွာ"

"ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ကျန်တဲ့ဓနိပင်တွေကို ဝင်ခုတ်နိုင်ဖို့က အရေးကြီးတယ်၊ ကဲ. . . ဓနိတောထဲကို ဝင်ကြရအောင်"

ဟု ပြောကာ သုံးယောက်သား ဓနိတောအတွင်းသို့ ဝင်လာကြသည်။

နီမောင်မှာ ဓနိခြံရှင် ဖြစ်သော်လည်း ခါတိုင်းနှစ်များတွင် အလုပ်သမားများကသာ ဝင်ရောက်ခုတ်ယူကြသဖြင့် ဓနိခြံအတွင်းသို့ အရောက်အပေါက် နည်းလှပေသည်။

တစ်ခါတစ်ရံမှသာ ရောက်လေ့ရှိသည်။

သို့ကြောင့်လည်း ဓနိခြံအတွင်း၌ ဘယ်နေရာမှာ ဘာရှိမှန်း မသိပေ။

သုံးယောက်သား ဓနိခြံအတွင်း လှည့်၍ ကြည့်ရှုကြရာ အလယ်သို့ ရောက်သောအခါ ဓနိကိုင်းများနှင့် မိချောင်းနွယ်ခြုံများ ဖုံးအုပ်နေသော မြေပုံကဲ့သို့ နေရာတစ်ခုကို တွေ့ကြရသည်။

ထိုမြေပုံပေါ်၌ ဘယ်အချိန်က စိုက်ထားမှန်း မသိသော ဝါးချွန်တစ်ချောင်းကိုပါ တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ ဦးတာတေ ပြောလိုက်တဲ့ မြေပုံဟောင်းဆိုတာ ဖြစ်မယ်၊ ဒီမှာ စိုက်ထားတာကလည်း တစူးဝါး မဟုတ်လား"

"ဟုတ်မယ် ထင်တယ်"

"တဲ့ . . . ဒါဖြင့် သူမှာလိုက်တဲ့အတိုင်း ဒီဝါးကို နှုတ်ပြီး ရေထဲ သွားပစ်လိုက်ကွာ၊ ပြီးရင် တို့ယူလာတဲ့ အမဲသားဟင်းကို ဒီမြေပုံပေါ်မှာ ဖက်နဲ့ ခင်းပြီး ပုံထားခဲ့ရမယ်"

ဟု ပြောကာ နီမောင်က စိုက်ထားသောဝါးကို ဆွဲနှုတ်လိုက်လေသည်။

ဝါးမှာ တစ်ဖက်အဖျားချွန်ထားသောကြောင့် လူသေမီးရှို့ရာတွင် အသုံးပြုသောဝါးဖြစ်မှန်း သိသာသည်။

ငမဲအောင်က ထိုဝါးကို ယူသွားပြီး ချောင်းထဲသို့ သွားပစ်နေချိန်မှာ နီမောင်နှင့် စောထီးတို့နှစ်ယောက် ဖက်များကို ခင်းပြီး အမဲသားတင်းများကို ပုံပေးလိုက်သည်။

"တဲ့ . . . စားစရာရှိတာ စားပြီးရင် ကျုပ်တို့အလုပ်ကိုလည်း မနှောင့်ယှက်ဖို့ တောင်းပန်ပါတယ်"

ဟု ပြောဆိုကာ ထားခဲ့လေသည်။

ထိုနေ့က သုံးယောက်သား ဓနိခုတ်သူက ခုတ်၊ ဓနိပေါ်များကို စည်းသူကစည်းနှင့် အလုပ်လုပ်ကြရာ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ကြရပေ။

ညနေစောင်း၍ မြန်မာကနီးအချိန်တွင် မြေပုံရှိရာသို့ တစ်ခေါက်သွားကြည့်သောအခါ အမဲသားဟင်းများက လုံးဝမရှိ





တော့ပဲ ငမဲအောင် ချောင်းထဲသို့ သွားပစ်ခဲ့သော တစူးဝါးက မြေပုံဘေးသို့ ပြန်ရောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၆ ]

## ရေသူမလား မိစ္ဆာလေလား

ထိုနှစ်က နီမောင်တို့ ပိုင်သော ဓနိခြံများအတွင်း အခြောက်အလှန့် အနှောင့်အယှက် များသောကြောင့် အလုပ်သမားများက ဓနိပင်များ ဓနိကိုင်းများကို ခုတ်ပြီးက ဒီအတိုင်းထားကာ ပစ်ပြေးကြသောကြောင့် ဓနိကိုင်းများ ခြောက်သွေ့ပြီး သုံးမရသော အခြေအနေ ဖြစ်ကုန်လေရာ သုံးပုံတစ်ပုံပင် မရလိုက်ကြပေ။

ကျန်တဲ့တစ်ပုံမှာပင် နီမောင်တို့သုံးယောက် အငှဲ့စွန့်၍ သွားခုတ်ယူခဲ့သဖြင့်သာ ရခဲ့ခြင်းဖြစ်၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ခနိုခြိမ်းပွားရေးမှာ ၎င်းတို့ အားပြုရသော စီးပွားရေး လုပ်ငန်းဖြစ်ပေရာ မမျှော်လင့်ပဲ ခနိုခြိမ့် ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှု ဖြစ်သောအခါ စီးပွားရေးအတွက် များစွာ ထိခိုက်နစ်နာမှု ဖြစ်ကြလေသည်။

တဆက်တည်းဆိုသလိုပင် ၎င်းငါးရွဲ့မှ အပြင်ထွက်၍ ငါးရှာသောအဖွဲ့များမှာလည်း ယခင်ကဲ့သို့ အဆင်ပြေပြေ လုပ်ကိုင်ခွင့် မရတော့ပဲ လုပ်သည့်အခါတိုင်း အနှောင့်အယှက်များ ကြုံကြသဖြင့် ငါးပုဇွန် မရဘဲ ပြန်လာရသည်က များလေရာ အရင်းမကြေဘဲ စရိတ်ရှုံးသည့်အဆင့်ကို ရောက်တော့သည်။ ညဘက်အချိန်မှာ အခြောက်အလှန့်များ ရှိသဖြင့် အချို့က နေ့အချိန်တွင် အလုပ်ဆင်းကြသည်။

နေ့အချိန် အလုပ်ဆင်းပြန်တော့ ငါးပုဇွန်က မရပြန်ပေ။ ငါးပုဇွန် ရနိုင်သော ညအချိန်၌ အလုပ်ဆင်းပြန်တော့လည်း ခြောက်လှန့်မှုများကြောင့် ပြန်ပြေးခဲ့ကြရသည်။

အချို့လူများမှာ ပိုက်၊ ကွန်၊ ယင်းချပ်များ ပျက်စီးဆုံးရှုံးမှုများပင် ရှိလာလေသည်။

ဘဝင်းပိတ်သည့် အဖွဲ့များမှာ ရေပြည့်ချိန် ယင်းချပ်များ ပိတ်ပြီးသောအချိန်တွင် ငါးပုဇွန်များ မိနေသည်ကို အတိုင်းသား မြင်နေရသော်လည်း မနက်လင်း၍ ရေစစ်သွားချိန်တွင် ကြည့်လိုက်ပါက ဘဝင်းအတွင်း၌ ငါးပုဇွန် တစ်ကောင်မှ မကျန်တော့ပေ။

ထိုသို့ ဖြစ်သဖြင့် လိုက်လံစစ်ဆေးကြည့်သောအခါ





တစ်နေရာမဟုတ် တစ်နေရာ၌ ယင်းချပ်များ ပွင့်ထွက်နေခြင်း၊ ကွဲထွက်နေခြင်းများ တွေ့ရလေ့ရှိသည်။

တစ်ခါတစ်ရံလည်း မိုးမလင်းခင်အချိန်၌ တောထဲမှ မျောက်များကဲ့သို့ မည်းမည်းသဏ္ဍာန်များ အုပ်စုလိုက် ... ပြီး ယင်းအတွင်း မိနေသော ငါးပုဇွန်များကို ကောက်သောက်ကြလေရာ မနက်လင်းသောအခါ တစ်ကောင်မှ ... တော့ပေ။

အချို့လည်း ညအချိန်ရောက်သည်နှင့် တောစပ်မှ ကြောက်မက်ဖွယ်ရာများ ဆင်းလာပြီး အမျိုးမျိုး ခြောက်လှန့်သဖြင့် ဘဝင်းမပိတ်ဝံ့တော့ပဲ ပြန်ပြေးကြရသည်။

အချို့ဆိုလျှင် သောင်ပြင်ပေါ်မှာ ချထားခဲ့သည့် ... နေသဖြင့် ဝမ်း ... များကိုပင် ပြန်မယူနိုင်ကြပေ။

ဒီနေရာမှာ သရဲခြောက်သဖြင့် နော... ရောက်ကာမှ ပြောင်း၍လုပ်ပြန်တော့လည်း နောက်တစ်နေရာမှာ... သို့ပင် လိုက်လံခြောက်လှန့်ပြန်လေရာ တစ်ညလုံး ဘာ... အလုပ်မလုပ်ဝံ့အောင် ရှိတော့သည်။

ညဘက် အလုပ်လုပ်ရန် ပြင်နေချိန်၌ တောထဲသည် ဆင်းလာသော ခြေသံများ၊

အကောင်အထည် မမြင်ရသော်လည်း သစ်ပင်သစ်ကိုင်းများ ချိုးဖွဲ့ဖယ်ရှား၍ ဆင်းလာသောသဏ္ဍာန်များ၊

လမုကိုင်းများကို မနားမနေ လှုပ်ပြခြင်း၊

ရွှံ့တုံးများ၊ သစ်ကိုင်းများဖြင့် ပစ်ပေါက်ကာ အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ချောက်လှန့်ခြင်း ခံကြရသည်။

အချို့ဆိုလျှင် ကမ်းစပ်ရှိ လမုကိုင်းများ၊ ဗျူးခြေထောက်များကြား၌ ငုတ်တုတ်ထိုင်စောင့်နေသော မည်းမည်းသဏ္ဍာန်ကြီးများ တွေ့ရသဖြင့် ကမ်းစပ်သို့ပင် မကပ်ဝံ့ကြတော့ပေ။

ထိုသို့ ကမ်းစပ်ကပ်မည်ကြံတိုင်း ကမ်းပေါ်မှ နည်းအမျိုးငါးရှာသော ချောက်လိုက် ဖြစ်နေရာ နောက်ဆုံး ရေတက်လာပြီး ... မမီလိုက်သဖြင့် ဒီအတိုင်း ပြန်ကြရသည်။

အချို့ကျတော့လည်း ဘဝင်းပိတ်ပြီးချိန်အထိ အနှောင့်အယှက် မတွေ့ရပဲ ရှိနေပြီးမှ နောက်ဆုံး ရေစစ်သွားတော့မှ ဘင်းထဲမှာ မိနေသော ငါးပုဇွန်များကို တစ်ကောင်မှ မကျန်အချိန်တွင် အ...ကောက်ယူစားသောက်သွားလေသည်။

နေ့အ...င်းပိတ်သူများတင် မကပဲ ချောင်းပိတ်သူများလည်းပေ၊ ငါးပုဇွန် ရှင့် ကြုံတွေ့ကြရလေသည်။

ခြောက်လှန့်...င်းပိတ်ပြီးမှ ယင်းချပ်များ ဟက်တက်ကွဲနေသဖြင့် ... မရခြင်းများ။

ယင်းမကွဲလျှင်လည်း ထူးထူးဆန်းဆန်း ငါးတစ်ကောင်မှ မတွေ့ရခြင်းများနှင့် ကြုံရလေသည်။

ငါးတန်းချသူများမှာလည်း ငါးမိသည့် အချက်ပေးခလောက်သံ ကြားရသဖြင့် တန်းကြိုးကို သွားဖော်ကြည့်သောအခါ ငါးတစ်ကောင်မှ မတွေ့ရခြင်းများ၊

ငါးတွေ့ပြန်တော့လည်း ငါးမန်းကိုက်ဖြတ်ထားသကဲ့သို့ ကိုယ်လုံးမရှိတော့ပဲ ခေါင်းချည်း ကျန်ခဲ့သည်များနှင့် အကြိမ်





ကြိမ် ကြုံတွေ့ရလေသည်။

ထို့ထက် ဆိုးသည်က ကွန်ပစ်သူများဖြစ်သည်။

ကွန်ပစ်ချလိုက်ရာ ရေအောက်မှ တစ်စုံတစ်ခုနှင့် ငြိနေသဖြင့် အပေါ်သို့ ဆွဲတင်၍ မရ...ာရာ ရေအောက်သို့ ...ဘ်ရတော့သည်။

ရေအောက်ရောက်သောအခါ ကွန်က ...းတဲ့လက်ကို သစ်ငုတ်သစ်ကိုင်းများဖြင့် ငြိနေခြင်း မဟုတ်ဘဲ မ... သဏ္ဍာန်တစ်ကောင်က ကွန်သားကို လက်ဖြင့် ဆွဲထ...ကို အုပ် ...တွေ့ရသဖြင့် ချက်ချင်း ပြန်တက်ပြေးရသည်များ ရှိလေ...ပေါ်

တစ်နေ့က ကွန်ပစ်သမားတစ်ယောက်မှာ ကွန်ကို ...လိုက်ရာ ရေအောက်၌ ငါးကြီးကြီးတစ်ကောင် မိနေဟန်ဖြင့် ...ွန်တစ်ခုလုံး သိမ့်သိမ့်တုန်နေအောင် ရုန်းကန်နေသဖြင့် ဝမ်း...သာအားရနှင့် အပေါ်သို့ ဆွဲတင်ရာ လှေပေါ် ရောက်ကာမှ ...မျှော်လင့်သောမြင်ကွင်းကို တွေ့ရလေသည်။

အခြားမဟုတ်ပေ။

ကွန်ထဲ၌ မိနေသော သတ္တဝါကား ငါးတစ်ကောင် ...ဟုတ်ဘဲ လူပုံသဏ္ဍာန် ခြေလက်အင်္ဂါ အစုံအလင် ပါသော ...သတ္တဝါတစ်ကောင် ဖြစ်လေသည်။

ထိုသတ္တဝါမှာ လသားအရွယ် ကလေးထက် အနည်း...ယ် ပိုသေးပြီး မိန်းမတစ်ယောက်၏ကိုယ်အင်္ဂါ အစုံအလင် ...ပါသော လူသေးသေးကလေးပင် ဖြစ်သည်။

ခေါင်းပေါ်မှ နီကြောင်ကြောင် ဆံပင်အချို့က ပခုံး



www.burmeseclassic.com

www.burmeseclassic.com



အထိ ကျနေသည်။ ရင်သားအစုံမှာလည်း အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ယောက်ကဲ့သို့ပင်။

ရေအောက်၌ နေသဖြင့် အသားက ရေညှိရောင်ကဲ့သို့ ကြီးမျက်ဖန်အရောင်မျိုးဖြစ်သည်။

ထိုလူသေးသေးကလေးက သူ့မျက်နှာကို လက်ဝါးဖြင့် ငါးရှာသော ... 

... "ဟော့ . . ဒီမှာ လူသေးသေးလေး ပါလာတယ်"

"ရေသူမဆိုတာ အဲဒါ ဖြစ်မယ်ထင်တယ်"

အယုတ် "ဒီလိုဆိုရင်တော့ ဟန်ကျပြီပေါ့၊ မြို့က လာတဲ့ ကုန်သည်တွေ ရောင်းရင် အထူးအဆန်းဆိုပြီး ပိုက်ဆံအများကြီး ရမှာကွ"

"သူ့မျက်နှာ ဘယ်လိုနေသလဲဆိုတာ သိရအောင် ဖွင့်ကြည့်စမ်းကွာ"

ဟု တစ်ယောက်ယောက်က ပြောသဖြင့် ကွန်ပစ်သူက ကွန်ထဲမှာ မိနေသော လူသေးသေးကလေး၏မျက်နှာပေါ်မှာ အုပ်ထားသော လက်နှစ်ဖက်ကို ဆွဲဖယ်သည်။

၎င်း၏အသားမှာ ငါးအရေခွံကဲ့သို့ ချွဲကျိကျိ မာကျောကျော ဖြစ်လေသည်။

ထိုသို့ ထိလိုက်မှ အညှီနံ့က စူးစူးဝါးဝါး ထွက်လာသည်။

လက်သေးသေးကလေးများ၏ လက်ချောင်းထိပ်များတွင် ကောက်ကွေးလျက်ရှိသော လက်သည်းချွန်များ ရှိသည်။

တစ်ကြိမ်တွင် ထိုလက်သည်းချွန်များဖြင့် လှမ်းကုတ်





လိုက်ရာ ကွန်ပစ်သူ၏လက်တစ်ဖက်၌ အစင်းကြောင်းကြီးများ ထင်လာပြီး သွေးများ ထွက်လာသည်။

"အား . . ."

"ဘာဖြစ်တာလဲ"

"လက်သည်းနဲ့ ကုတ်တယ်ဟ"

"သတိထားပြီးလုပ်၊ မျက်နှာကို အုပ်ထားတဲ့လက်ကို ရအောင် ဖယ်ကြည့်ကွာ"

ဟု ပြောကာ နှစ်ယောက်စလုံး ဝိုင်းပြီး မျက်နှာကို အုပ်ထားသော လက်တစ်ဖက်စီကို ကိုင်၍ ဖယ်လိုက်ရာ မျက်နှာပေါ်လာသည်။

"ဟင် . . ."

"အမယ်လေး"

မျက်နှာမှာ လူမျက်နှာပင် ဖြစ်သော်လည်း မျက်လုံးနှစ်လုံးက အဖြူရောင် လုံးဝမရှိပဲ ဟင်္သာပြဒါးကဲ့သို့ ရဲရဲနီလျက်ရှိသည်။

ပါးစပ်ကလည်း မျက်နှာနှင့် မလိုက်အောင် ကျယ်လှပြီး ပါးစပ်ထဲမှ ချွန်ထက်သော သွားနှင့် အစွယ်များက အပြင်သို့ ထွက်နေသည်။

သူတို့ကို မြင်စော့ ကြောက်စရာကောင်းသော မာန်ဖီသံ တစ်ချက်ထွက်လာသည်။

"ဂီး . . ."

သို့ကြောင့် နှစ်ယောက်စလုံး နောက်ဘက်သို့ အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား ဆုတ်သွားကြသည်။

လက်မှာ လက်သည်းဖြင့် အကုတ်ခံရသောလူမှာလည်း မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲလာသည်။

ထိုအခိုက်မှာပင် လူကောင် သေးသေးကလေး ပါးစပ်မှ စူးရှကျယ်လောင်သော အသံတစ်သံ ထွက်လာသည်။

"ရှီး . . . ရှီး"

ထိုအသံ ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာ လေပြင်း တိုက်ခတ်သံကြီးကဲ့သို့ တဝေါဝေါ မြည်ဟီးလာသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း နွေခေါင်ခေါင် မိုးမှောင်ကြီး ကျတော့မည်ကဲ့သို့ မည်းမှောင်လာသည်။

ရေမျက်နှာပြင်မှာ ချက်ချင်းဆိုသလို ဝဲကတော့ကြီး တစ်ခု ထလာပြီး လှေမှာ ချာလည်လည်နေလေတော့သည်။

နှစ်ယောက်သား ဝဲအပြင်ဘက် ရောက်အောင် လှော်ထွက်ကြသော်လည်း မရတော့ပေ။

ဝဲကတော့ကြီးမှာ တဖြည်းဖြည်း အရှိန်ပြင်းလာကာ လှေကို ရေအောက်သို့ ဆွဲမြှုပ်သွားလေရာ နှစ်ယောက်စလုံး ရေထဲသို့ ခုန်ချကာ ကိုယ်လွတ်ရုန်း၍ ကူးပြေးရတော့သည်။

၎င်းတို့နှစ်ယောက်မှာ ကံအားလျော်စွာ ကမ်းစပ်သို့ ရောက်သွားသော်လည်း လှေကတော့ ဝဲစုပ်ရာနောက်သို့ စုန်းစုန်းမြုပ်ကာ ပါသွားလေတော့သည်။

လှေနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသော လူသေးသေး မိထားသော ကွန်ပိုက်လည်း ပါသွားလေတော့သည်။





ထိုအခါ ဝဲကတော့လည်း ရပ်သွားသည်။

ကမ်းစပ်မှ တဝေါဝေါ မြည်သံများလည်း ရပ်သွားသည်။

မည်းမှောင်နေရာမှ ပြန်လင်းလာသည်။

သူတို့နှစ်ယောက် အခြားလှေကြုံတစ်စင်းနှင့် တွေ့၍ ကံကောင်းထောက်မစွာ ရွာသို့ ပြန်ရောက်ကြသော်လည်း လက်သည်းဖြင့် အကုတ်ခံရသည့် ဒဏ်ရာရသောလူမှာ နောက်တစ်နေ့မနက်မှာ သေဆုံးသွားပါလေတော့သည်။

၎င်း၏ဒဏ်ရာမှာ အဆိပ်ပြင်းသော မြွေကိုက်ခံရသလို အညိုအမည်းစွဲလျက် ယောင်ယမ်းနေလေသည်။

ဦးဘရှိန်တို့မှာ ခနိခြံမှ ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပြီး နောက်ပိုင်းမှာ ၎င်းငါးရွဲမှ ငါးရှာထွက်သူတိုင်းမှာလည်း အနှောင့်အယှက် တစ်ခုမဟုတ်တစ်ခုနှင့် တွေ့ပြီး ဒီအတိုင်း ပြန်ခဲ့ကြရသည်က များလေရာ တစ်ခါတစ်ရံ ဟင်းချက်စားစရာပင် မရကြပေ။

ငါးရှာထွက်သူများမှာ ယခင်က ငါးရှာထွက်ကာနီးတိုင်း တစ်ပွဲစား ဦးတာတေ ရှိရာသို့ သွားကာ အရက် သို့မဟုတ် ငါးဟင်းစားပေးပြီး အခြေအနေကို မေးကြရသည်။

"အဘ ကျုပ်တို့ ဒီည ဘယ်နေရာမှာ ဘဝင်းပိတ်ရမှာလဲဗျ"

"ဒီကနေ့က လဆန်း(၁၂)ရက်နေ့ညဆိုတော့ လဗူ တစ်ပင် ထောင်တန်းမှာ သွားပိတ်ကြချေ၊ ငါးပုဇွန်တွေ လှိုန့်အပြည့်ရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဘ ကျုပ်တို့ ကွန်ပစ်ထွက်မလို့ ကွန်ချက်ရွေးပေးပါဦး"

"မင်းတို့က ရေတက်ဦးအချိန် ရေတက်ဘုတ်ငှက်တွေ အော်တာနဲ့ ကသပေါင်း ကလိုင်ထဲမှာ ကွန်ပစ်ရင် ကပ်သပေါင်းငါးကြီးတွေ ရလိမ့်မယ်ကွဲ့"

ထိုကဲ့သို့ တန်းချငါး ထောက်မည့်သူများက ဘယ်နေ့ ဘယ်ရက် ဘယ်နေရာက လမုပင် ကမ္ဘလာပင်ရဲ့ဘယ်နေရာက ကိုင်းမှာ ငါးမြှားထောက်ရင် ဘယ်နှစ်ပိဿာ ထွက်မည့် ငါးဒန် ရမည်။

ဒီရေမှာ ဘယ်ချောင်းကို ပိတ်လျှင် ငါးပိဿာ မည်မျှ မည်မျှ ရမည်။

တန်းချမည့်သူ ဖော့မျှောမည့်သူများကိုလည်း ဘယ်အချိန် ဘယ်နေရာမှာ မျှောလျှင် ဘယ်လိုငါးမျိုး ရမည်ကို အတပ်ပြောလိုက်လေသည်။

သူ ပြောလိုက်သည့်အတိုင်းပင်။

ငါးအမျိုးအစားနှင့် ငါးပိဿာ အရေအတွက် မှန်ကန်လေရာ ငါးပုဇွန် ရှာဖွေ၍ အသက်မွေးကြသူများမှာ တစ်ပွဲစားဦးတာတေကို များစွာအားထားယုံကြည်ကြလေသည်။

၎င်းတို့ အထိအမိ ကောင်းသလို ငါးပုဇွန်များကို မြို့မှ ကုန်သည်များနှင့် ဆက်သွယ်ရောင်းချနေသော ဦးဘရှိန်တို့မှာ တစ်နေ့တစ်ခြား စီးပွားတိုးတက်လာကြသည်။

ယခု နောက်ပိုင်းမှာတော့ နီမောင်နှင့် နှင်းမြတို့ကို





အဆင်မပြေကြသည့်နောက်ပိုင်းမှာ ဘယ်သူက သွားမေးမေး ဦးတာတေက မပြောတော့ပေ။

"မင်းတို့ဖာသာ သင့်သလိုသာ သွားရှာကြတော့၊ ငါ မပြောနိုင်တော့ဘူး"

ဟု အပြတ်ပြောလေရာ ၎င်းကို အားကိုးအားထားပြုနေရသော အလုပ်သမားများမှာ များစွာ စိတ်ပျက်အားလျော့ခြင်း ဖြစ်ကြရလေသည်။

ထိုအခြေအနေကို ဦးဘရှိန်တို့ကလည်း ရိပ်မိကြသည်။

"ခနီခြံတွေ ပျက်စီးခဲ့ပြီးတဲ့နောက်ပိုင်းမှာလည်း ငါတို့ဆီမှာ အလုပ်လုပ်နေတဲ့လူတွေလည်း တစ်ယောက်မှ အဆင်မပြေကြဘူး၊ အခုဆိုရင် ဈေးရောင်းဖို့နေနေသာ ဟင်းချက်စားဖို့တောင် မရဘူး ဖြစ်နေတယ်"

"အဲဒါ ဘယ်လိုဖြစ်ရတာလဲ ကိုဘရှိန်၊ အရင်နှစ်တွေက အဲဒီလို မဟုတ်ပါဘူး"

"အရင်က သူတို့ ငါးရှာထွက်ရင် ဦးတာတေက အကူအညီပေးနေလို့ ငါးပုဇွန်တွေ ဖြစ်လောက်အောင် ရကြတာလို့ ပြောတယ်၊ အခုတော့ သူကလည်း ဘာမှ မပြောတော့ဘူးတဲ့၊ အဲဒီလို မပြောတော့ ငါးပုဇွန် ရှာရတာ အရင်လို မရတော့တဲ့အပြင် သွားတိုင်း အခြောက်အလှန့်ကလည်း ခံကြရသေးတယ်"

"သူက သရဲတစ်ပိုင်း ဖြစ်နေတာဆိုတော့ အဲဒါတွေဟာ သူလုပ်နေတာတွေရော မဖြစ်နိုင်ဘူးလား"

"ဒါတော့ ငါက ဘယ်သိမှာလဲ၊ သူတို့ မေးကြည့်မှ သိရ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့"

"ဒီအတိုင်းသာ ကြာရှည်ဖြစ်နေရင်တော့ ကျုပ်တို့တော့ ဒုက္ခပါပဲတော်၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲဟင်"

ယခုအခါမှ ဒေါ်ကျင်မေမှာ ပျာပျာသလဲ ဖြစ်နေတော့သည်။

"ယခုမှတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ သူလာပြီး သူ့သမီးနဲ့ နီမောင်နဲ့ ပေးစားဖို့ ပြောတုန်းက ငါတို့က ပစ်ပစ်ခါခါ ပြောလိုက်တယ်လေ၊ အခုတော့ သူ့သမီးလည်း သေသွားပြီဆိုတော့ ငါတို့အပေါ်မှာ စိတ်နာနေမှာ သေချာတာပေါ့"

"ဒီအတိုင်း ဆက်သွားလို့ကတော့ ဘယ်နည်းနဲ့မှ ဖြစ်မှာ မဟုတ်ဘူး ကိုဘရှိန်ရေ၊ ကြာရင် ကျုပ်တို့ ဒုက္ခရောက်ကြလိမ့်မယ်၊ တစ်ခုခုတော့ စီစဉ်မှ ဖြစ်မယ်ထင်တယ်"

"ဦးတာတေက ငါတို့အပေါ်မှာသာ အာဃာတ ရှိချင်ရှိမယ်၊ နီမောင်အပေါ်မှာတော့ ဘာမှ အာဃာတ ရှိပုံမရဘူး ဟိုတလောက ခနိခြကိစ္စမှာ နီမောင်က သူ့ဆီကို သွားပြီးအကူအညီတောင်းတော့ သူက လုပ်ရမှာတွေ ပြောပြလိုက်တယ်လေ၊ သူပြောတဲ့အတိုင်း လုပ်လို့သာ အခုလို ကျန်တဲ့ခနိတွေ ခုတ်ယူလို့ ရခဲ့တာပေါ့"

"ဒီလိုဖြင့်လည်း နီမောင်ကိုသာ လုပ်ခိုင်းရင် ကောင်းမလား ကိုဘရှိန်"

"ဒီလိုလုပ်ခိုင်းတော့မှ သူ့သမီး အငယ်မနဲ့ ညားသွားတော့မှ မင်းပဲ စိတ်ဆင်းရဲရမှာ မဟုတ်လား"





ဦးဘရှိန်က ချက်ကျကျ ပြောလိုက်ရာ ဒေါ်ကျင်မေမှာ ဘာမှ ပြန်မပြောသာတော့ပဲ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကြီးကို သို့၍ မီးခိုးတထောင်းထောင်းထအောင် ဖွာနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၇ ]

## ချစ်သူ့ဗိညာဉ် ဆာမင်

စီးပွားရေးလုပ်ငန်းများက တစ်နှစ်ပြီးတစ်နှစ် အဆင်မပြေဖြစ်လာသောအခါ ဦးဘရှိန်တို့မှာ ထိုနှစ်မကုန်ချင်မှာပင် စီးပွားရေးက သိသိသာသာကြီး ထိုးကျသွားလေတော့သည်။

အလုပ်သမား အတော်များများကလည်း ၎င်းတို့ထံမှာ လုပ်ကိုင်ရတာ အဆင်မပြေသောကြောင့် အခြားသို့ ရွှေ့ပြောင်းသွားကြလေသည်။

ယခင်ကထင် စီးပွားရေးလုပ်ငန်းများဖြစ်သော ရော်ဘာခြံလုပ်ငန်းနှင့် ငါးအရောင်းအဝယ် လုပ်ငန်းနှစ်ခုစလုံးမှာ ယခု



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ခုမှ အဆင်မပြေတော့ပေ။

"ကိုဘရှိန် . . . ကျုပ်တို့ ဘယ်လိုလုပ်ကြမှာလဲ၊ ဒီအတိုင်းဆိုရင်တော့ ဒုက္ခရောက်ကြတော့မယ် ထင်တယ်၊ ကျုပ်တို့ အခုလို ဖြစ်နေတာ ဟိုလူကြီးများ ဒုက္ခပေးနေတာများလား"

"ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးကွာ"

"ဒီ . . . ဘာကြောင့် မဟုတ်ရမှာလဲ၊ သူက သရဲတစ်ပိုင်းဖြစ်နေတော့ သူ ပြုစားတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"မင်းကွာ . . . ကိုယ့်အကြောင်းနဲ့ကိုယ်ဖြစ်တာ၊ တစ်ဖက်သားကိုချည်း ဥပါဒ်မရောက်ပါနဲ့"

"ဒီအတိုင်းတော့ နေလို့ မဖြစ်တော့ဘူး၊ အခု ဒီမှာလုပ်နေတဲ့ အလုပ်သမားတွေလည်း မနေဝံ့လို့ ပြေးကုန်ကြပြီ၊ ရှင်တစ်ခုခုတော့ လုပ်ဦးမှဖြစ်မယ်"

"ငါလည်း ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ စဉ်းစားနေတာပါပဲကွာ၊ မင်းက အခုလို နားပူနားဆာ လုပ်နေတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

ထိုရက်များတွင် အလုပ်သမားများ မရှိတော့သဖြင့် အလုပ်တော်တော်များများကို နီမောင်ကိုယ်တိုင် ထွက်လုပ်နေရလေသည်။

အခြားအလုပ်သမားများ မရှိတော့သော်လည်း စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကတော့ နီမောင်အပေါ်မှာ ညီအစ်ကိုလို ခင်မင်ကြသောကြောင့် ပိုက်ဆံရသည်ဖြစ်စေ မရသည်ဖြစ်စေ အခြားသို့ မသွားပဲ နီမောင်နှင့်သာ တွဲ၍လုပ်ကိုင်





ကြလေသည်။

တစ်နေ့သ၌ အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ နှင်းမြကို ထပ်မံတွေ့ရလေသည်။

"ဟင် . . . နှင်းမြ ဘာလာလုပ်တာလဲဟင်"

"ငါပြောစရာရှိလို့ လာတာပေါ့ နီမောင်ရယ်"

"ဘာပြောမှာလဲဟင်"

"နင်တို့ အခု အလုပ်တွေအားလုံး အဆင်မပြေတာကို ငါသိပါတယ်၊ ဒီအတွက် ငါလည်း စိတ်မကောင်းပါဘူး"

"ဒါ . . . ဒါကတော့"

"နင်တို့ အခုလို ဖြစ်နေတာကို ငါ့အဖေ လုပ်နေတာလို့ နင့်မိဘတွေက ထင်နေကြတယ် မဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အခုလို အနှောင့်အယှက်တွေ တစ်ခုပြီးတစ်ခု တွေ့နေတာ ဘာကြောင့်လဲဟင်"

ထိုသို့မေးသောအခါ နှင်းမြက အကြောင်းစုံ ပြောပြလေသည်။

"အမှန်တော့ နင့်မိဘတွေ အခုလို ဖြစ်နေတာ အဖေ လုပ်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အရင်တုန်းကတော့ အဖေက နင်တို့ဆီမှာ လုပ်နေတဲ့ အလုပ်သမားတွေကို အကူအညီပေးခဲ့တယ်၊ ဒါကိုရော နင်သိရဲ့လား"

"သိ . . . သိပါတယ်"

"ဒါကိုတော့ နင့်ရဲ့မိဘတွေက သိကြမှာ မဟုတ်ပါဘူး၊ အဖေက အများထင်နေသလို တစ်ပွဲစား ဖြစ်နေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ ဒါပေမယ့် အကူအညီပေးတာပဲ ရှိတယ်၊ ဘယ်သူ့ကိုမှ အနှောင့်အယှက် မပေးခဲ့ပါဘူး၊ သူက တစ်ပွဲစား ဖြစ်နေတော့ ဒီနယ်တစ်ဝိုက်မှာ ရှိတဲ့ နတ်တွေ၊ တစ္ဆေ၊ သရဲ၊ သဘက်တွေနဲ့ ဆက်သွယ်မှု ရှိတယ်"

"ဟင်. . ."

"ဒါကြောင့်လည်း အကူအညီ ပေးလို့ရတာပေါ့၊ အလုပ်လုပ်တဲ့လူတွေကို ငါးများများရအောင် အကူအညီ ပေးနိုင်တယ်၊ တစ္ဆေသရဲတွေ မခြောက်လှန့်၊ မနှောင့်ယှက်ရအောင် အကာအကွယ် ပေးလို့ရတယ်၊ အဲဒီလို လုပ်လို့ရအောင်လည်း သူ့ဘက်က လုပ်ပေးရတာတွေ အများကြီး ရှိတယ်"

"ဘယ်လိုလုပ်ပေးရတာလဲဟင်"

"နတ်တွေ ကျေနပ်အောင် ပူဇော်ပသပေးရတယ်၊ သရဲတစ္ဆေတွေ မခြောက်လှန့်နိုင်အောင် အလုပ်လုပ်တဲ့လူတွေကို မနှောင့်ယှက်နိုင်အောင် ကျွေးမွေးရတာတွေ ရှိတယ်၊

သူက တစ္ဆေသရဲတွေကို မြင်နိုင်တယ်၊ ဒါကြောင့် ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာကို သိတာပေါ့"

"အခု တို့တတွေ အလုပ်တွေ အဆင်မပြေဖြစ်ပြီး အနှောင့်အယှက်တွေ များနေတာ ဘာကြောင့်လဲဟင်"

"အမှန်ပြောရရင်တော့ တစ္ဆေသရဲတွေက စိတ်ဆိုးပြီး နှောင့်ယှက်နေကြတာပဲ၊ အရင်ကတော့ အဖေရှိနေတော့ ဘာမှ မလုပ်ကြဘူးပေါ့၊ အခုတော့ အဖေကလည်း ဘာမှလုပ်မပေးတော့မှန်း သိကြတာနဲ့ ခြောက်လှန့်နှောင့်ယှက်ကြတာပါ"





ထိုစကားကြားသောအခါ နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါတို့ကို ခွင့်လွှတ်ပါ နှင်းမြရယ်၊ ကူညီနိုင်ရင် အကူအညီပေးပါဦး"

"ငါက အကူအညီ ပေးချင်ပေမယ့် ဘ၀က ခြားနေပြီ၊ တစ်ခုတော့ ငါ တစ်ခါက ပြောခဲ့သလို ငါ နင်တို့ဆီမှာ လာနေခွင့်ရမယ်ဆိုရင်တော့ အဖေနဲ့ တိုင်ပင်ပြီး နင်တို့ရဲ့စီးပွားရေး လုပ်ငန်းတွေ အရင်ကလို ပြန်ကောင်းလာအောင် အကူအညီ ပေးပါ့မယ်"

"နင်က ဘယ်လို လာနေမှာလဲဟင်"

"အခု ငါနေတဲ့သစ်ပင်ကို ခုတ်ပြီး နင်တို့အိမ်တိုင် လုပ်ထားရင် ငါ နင်တို့ဆီမှာ အမြဲလာနေလို့ရတယ်၊ ငါရောက်လာရင် နင့်မိဘတွေကိုယ်တိုင်က နင်နဲ့ငါနဲ့ကို မင်္ဂလာဆောင်ပေးရမယ်"

"ဟင်. . . နင်နဲ့ငါနဲ့က ဘ၀ခြားနေပြီပဲ၊ ဘယ်လို မင်္ဂလာဆောင်လို့ ရမှာလဲဟင်၊ ငါတစ်ယောက်ထဲ သတို့သမီး မပါဘဲ မင်္ဂလာဆောင်လို့ ဘယ်လိုရမှာလဲ"

"ဒီအတွက် စိတ်မပူပါနဲ့၊ အဖေနဲ့ တိုင်ပင်ရင် အဖေ စီစဉ်ပေးပါလိမ့်မယ်၊ အဲဒီလို မင်္ဂလာဆောင်ပြီးရင် နင်နဲ့ငါနဲ့ နေဖို့အတွက် အိမ်တစ်လုံး သီးသန့်ဆောက်ပေးရမယ်၊

အဲဒီလို လုပ်ပေးပြီးရင် နင်တို့ရဲ့စီးပွားရေးတွေ တစ်နေ့တခြား ပြန်ကောင်းလာအောင် အဖေနဲ့ငါနဲ့က လုပ်ပေးမယ်"

ဟု ပြောပြီး ပြန်ပျောက်သွားရာ နီမောင်မှာ အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ပြန်နိုးလာသောအခါ အိပ်မက်အကြောင်းကို စဉ်းစားနေမိသည်။

နောက်ဆုံးတော့ ထိုအကြောင်းကို မိဘများ သိအောင် ပြန်ပြောပြရလေသည်။

"မင်း စိတ်စွဲပြီး အိပ်မက်မက်နေတာ ဖြစ်မှာပါကွာ၊ သေပြီးသား လူတစ်ယောက်နဲ့ လူနဲ့ ဘယ်လိုလုပ်ပြီး မင်္ဂလာဆောင်ပေးလို့ ရမှာလဲကွာ၊ စီးပွားရေး အဆင်မပြေရင်လည်း ရှိတာနဲ့ပဲ စားပါ့မယ်၊ ဒီလို လူကြားလို့ မသင့်တဲ့ကိစ္စမျိုးတော့ မလုပ်ပါရစေနဲ့"

ဟု ဦးဘရှိန်က ပြောလေသည်။

ဦးဘရှိန်ကသာ တွေးတွေးဆဆ ပြောသော်လည်း စီးပွားရေး ကျဆင်းနေသဖြင့် စိတ်ဓါတ်ကျနေသော မိခင်ဖြစ်သူ ဒေါ်ကျင်မေကတော့ ဤသို့ပြောသည်။

"အို . . ကျုပ်တို့က ယောက်ျားလေးရှင်ပဲ၊ ဘာများ နစ်နာစရာ ရှိသလဲ၊ သူပြောသလို သူ့အဖေ ဦးတာတေနဲ့ တိုင်ပင်ကြည့်ပါလား၊ သူ့မှာလည်း သမီးတစ်ယောက် ကျန်နေတာပဲ၊ အဆင်ပြေတော့လည်း လုပ်တန်လုပ်ကြည့်ရတာပေါ့"

ဟု စိတ်ဝင်စားသည့်လေသံမျိုးဖြင့် ပြောလေသည်။

"မင်းသဘောကရော ဘယ်လိုရှိသလဲ"

ဦးဘရှိန်က မေးသည်။

"ကျွန်တော်ကတော့ အိမ်က လုပ်ငန်းတွေ အဆင်ပြန်ပြေလာမယ်ဆိုရင် ဘာမဆို လုပ်ပေးဝံ့ပါတယ်"





ဟု ပြောကာ မိဘသားစုသုံးယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကာ လော်လောဆယ် အိမ်ပြင်ရန်အတွက် တောထဲမှ အိမ်တိုင်များ ခုတ်ရန် ပြင်ဆင်ကြလေသည်။

ထိုသို့ပြင်သောအခါ ငမဲအောင်က မေးသည်။

"နီမောင် . . မင်း နှင်းမြရှိနေတဲ့ လပြင်ကြီးကို တကယ် ခုတ်ပြီးသုံးမှာလားဟင်"

"အေး . . . သုံးမယ်လေ"

ထိုအခါ စောထီးကပါ ဝင်မေးသည်။

"ဒါထက် နေပါဦး၊ မင်းက နှင်းမြနဲ့ တကယ်လက်ထပ်မှာလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"စဉ်းစဉ်းစားစားလဲ လုပ်ပါ နီမောင်ရယ် . . . ဖြစ်မှ မလား၊ သေပြီးသား လူတစ်ယောက်ရဲ့ဝိညာဉ်နဲ့ လူနဲ့ ယူတာတော့ ငါတစ်သက်မှာ တစ်ခါမှ မကြားဖူးသေးဘူး"

"ဟုတ်တယ် နီမောင်၊ မင်း စဉ်းစဉ်းစားစားလဲ လုပ်ပါကွာ၊ ကြာလာတော့မှ သူက ကိုယ့်ကို ဒုက္ခပေးနေရင် ဘယ်လိုလုပ်မှာလဲ၊ လူလူချင်းက သဘောမကျရင် ချက်ချင်း ကွာလိုက်လို့ ရတယ်၊ ဝိညာဉ်က အဲဒီလို ကွာလို့ ရပါ့မလားဟင်"

"အဲဒါတွေ နောက်မှ ကြည့်ပြီးစဉ်းစားမယ်ကွာ၊ အခု လောလောဆယ်တော့ အိမ်က အဖေတို့ အမေတို့ရဲ့ စီးပွားရေး အဆင်ပြေရင် ပြီးတာပဲ"

ဟု ပြောလိုက်ရာ ကျန်နှစ်ယောက်က ဘာမှ ထပ်မပြော



www.burmeseclassic.com

www.burmeseclassic.com



ကြတော့ပေ။

သူတို့သုံးယောက် နေသူရိန်ကုန်းတန်း ရောက်ကြသော အခါ တစ်ကြိမ်က ရောက်ဖူးခဲ့သော လဗပင်ကြီး ရှိရာသို့ သွား ကြလေသည်။

"ကဲ... နှင်းမြရေ ငါတို့တော့ ဒီလဗပင်ကြီးကို အိမ် တိုင်သုံးဖို့အတွက် ယူသွားတော့မယ်၊ တကယ်လို့ နင် ဒီမှာ ရှိ တယ်ဆိုရင်လည်း တစ်ခါတည်းသာ လိုက်ခဲ့ပေတော့ဟေ့"

နီမောင်က အသံကျယ်ကျယ်နှင့် အော်ပြောလိုက်ပြီး နောက် ထိုလဗပင်ကြီးကို လှဲရာ အလွယ်တကူပင် လှဲ၍ရကြလေ သည်။

ထို့နောက် အရင်းအဖျား ဖြတ်၍ လှေဖြင့် တွဲကာ အိမ် သို့ ရောက်အောင် သယ်ယူခဲ့ကြသည်။

နောက်ထပ်လည်း အိမ်အတွက် သစ်များ ခုတ်ယူရာ တွင် အဆင်ပြေစွာ ခုတ်ယူရရှိလေသည်။

သစ်ဝါးများ စုံလင်သောအခါ ပထမအိမ်ကို အရင်ပြင် ဆောက်ကြသည်။

ပြီးသည်နှင့် ထိုအိမ်နှင့် မလှမ်းမကမ်းမှာ အနည်းငယ် သေးသော အိမ်တစ်လုံးကို ထပ်ဆောက်ကြလေသည်။

တောထဲမှ ခုတ်ယူလာသော လဗပင်တိုင်ကိုတော့ ထို အိမ်မှာပင် ထည့်၍ဆောက်လိုက်လေသည်။

ထိုအိမ်ကို ဆောက်ပြီးသော်လည်း နေမည့်သူ မရှိသေး သောကြောင့် တံခါးပိတ်ထားလေသည်။





နောက်ပိုင်းရက်များမှာတော့ ထိုအိမ်ဘက်မှ ထူးခြားမှု များကို မြင်ရကြားရသည်။

ညဉ့်အချိန် ရောက်လာသောအခါ ထိုအိမ်အနီးတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေသော မိန်းမတစ်ယောက်၏ သဏ္ဌာန်ကိုသော်လည်းကောင်း၊

တစ်ခါတစ်ရံလည်း ထိုအိမ်အတွင်းမှ စကားပြောသံ လိုလို သီချင်းသံလိုလို အသံများ ကြားရသည်။

အိမ်အနီးမှ အမှတ်မထင် ဖြတ်လျှောက်သွားသော အလုပ်သမားအချို့၏ပြောပြချက်အရ ထိုအိမ်မှ ခြေသံများ ကြားရသဖြင့် ကြည့်လိုက်သောအခါ အိမ်ထဲမှာ သွားလာ လှုပ်ရှားနေသော မိန်းမတစ်ယောက်၏သဏ္ဌာန်ကို မသဲမကွဲ တွေ့ကြရသည်ဟု ပြောသည်။

တစ်နေ့တော့ အလုပ်သွားစရာ မရှိဘဲ အားနေသဖြင့် နီမောင်တစ်ယောက်တည်း ထိုအိမ်ဘက်သို့ ကူးလာသည်။

အိမ်တံခါးဖွင့်ပြီး ဝင်လိုက်သည်နှင့် သင်းပျံ့သော ရနံ့ အချို့ကို သတိပြုမိလေသည်။

စိတ်ထဲ၌ မသင်္ကာသဖြင့် အိမ်ထဲသို့ လိုက်လံကြည့်ရှု သောအခါ ခေါင်းရင်းဘက်၌ ဘုရားစင်အတွက် ပြုလုပ်ထား သော စင်ပေါ်တွင် အိုးဖြင့် ထိုးထားသော သစ်ခွပန်းခိုင်များကို တွေ့ရလေသည်။

မွှေးရနံ့များက ထိုသစ်ခွပန်းခိုင်ဆီမှ ရနေခြင်းဖြစ်သည်။ ထိုသစ်ခွပန်းခိုင်ကို မြင်သော်လည်း သိပ်တော့ မအံ့ဩမိပေ။



www.burmeseclassic.com

www.burmeseclassic.com



မိမိအိမ်သားတစ်ယောက်ယောက် လာရောက်ထိုးထားခြင်း ဖြစ်မည်ဟု ထင်မိလေသည်။

ထိုအိမ်ထဲသို့ လိုက်လံကြည့်ရှုသော်လည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။

တောထဲမှ ခုတ်လာသော လဗပင်ကြီးကို အိမ်ခေါင်တိုင်အဖြစ် အသုံးပြုထားရာ ထိုတိုင်အနီးသို့ ရောက်သောအခါ ရပ်၍ အပေါ်သို့ မော့ကြည့်လိုက်သည်။

"ကဲ. . . နှင်းမြ၊ နင်ပြောတဲ့အတိုင်း အခု နင့်ကို အိမ်ရောက်အောင် ခေါ်လာခဲ့ပြီ၊ ငါတို့လုပ်ငန်းတွေမှာ တွေ့နေရတဲ့ အနှောင့်အယှက်တွေ ကင်းအောင် နင် အကူအညီပေးပါဦး"

ဟု ပြောလိုက်သည်။

ထိုသို့ပြောနေရင်းမှာပင် အပေါ်မှ တစ်စုံတစ်ယောက်က သူ့ကို ငုံ့ကြည့်နေသည်ဟု စိတ်ထဲမှာ ထင်နေမိသည်။

နောက်တစ်နေ့ညတွင် ထိုအိမ်မှာ တစ်ယောက်တည်း အိပ်ရန် ပြင်ဆင်လေသည်။

ညဦးပိုင်းအချိန်တွင် ဘုရားစင်အပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ဘုရားရှိခိုးသည်။

ရသမျှ ပရိတ်များ ဂါထာများကို ရွတ်သည်။

ပြီးမှ အိပ်ခန်းအတွင်းသို့ ဝင်အိပ်သည်။

စိတ်ထဲမှာလည်း အကယ်၍ ထိုအိမ်တွင် နှင်းမြ ရှိနေမှန်ပါက နှင်းမြနှင့် မုချတွေ့ရမည်ဟုလည်း ထင်နေသည်။

သို့သော်လည်း ညဦးပိုင်း တစ်ချိန်လုံး ဘာမှ ထူးခြားမှု





မတွေ့ရပဲ အတော်ညဉ့်နက်လာတော့မှ တောစပ်ဘက်မှ ခွေးအူသံ ခွေးဟောင်သံအချို့ကို ကြားရသည်။

ခွေးများမှာ တစ်စုံတစ်ခုကို မြင်သဖြင့် စူးစူးဝါးဝါး အော်နေသည့်အသံမျိုးဖြစ်သည်။

အတော်ကလေး ညဉ့်နက်ချိန် ရောက်တော့ မေးကနဲ အိပ်ပျော်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ၊ တစ်စုံတစ်ယောက်က လှုပ်နှိုးလိုက်သလို ဖြစ်သွားပြီး မြန်နိုးလာသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ မီးရောင်များ မရှိတော့၊ တစ်အိမ်လုံး မှောင်နေသည်။

သူ့နံဘေးမှာ ထိုင်နေသော လူရိပ်လိုလို မြင်ရသဖြင့် ထထိုင်လိုက်သည်။

အမှောင်ထဲမှာ သိပ်မသဲကွဲသော်လည်း နှင်းမြ၏ပုံပန်းသဏ္ဌာန်ကိုတော့ ကောင်းစွာမှတ်မိလေသည်။

"နှင်း. . . နှင်းမြ မဟုတ်လား"

"ဟုတ်ပါတယ်"

လေသံ ခပ်တိုးတိုးဖြစ်သည်။

"နင် ဒီအိမ်မှာ ရှိနေတာ မဟုတ်လား၊ ညဦးပိုင်းတုန်းက ဘယ်သွားနေတာလဲ"

"နင်က ပရိတ်တွေ ရွတ်နေတော့ ဝေးရာ သွားနေရတာပေါ့"

"ငါ ပရိတ်ရွတ်ရင် နင် ဒီအိမ်မှာ နေလို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြက ခေါင်းခါပြသည်။

"အဲဒီလိုဆိုရင်လည်း နောက်ဆိုရင် ဟိုဘက်အိမ်မှာပဲ ရှာတ်ဝါတော့မယ်၊ ဒီဘက်အိမ်မှာ မရှာတ်တော့ပါဘူး"

နှင်းမြက ခေါင်းညိတ်ပြသည်။

"အခု နှင်ပြောတဲ့အတိုင်း နှင်နေတဲ့သစ်ပင်ကို ခုတ်ယူလာပြီး အိမ်တိုင်လုပ်ထားလိုက်ပြီလေ၊ ဒီလိုဆိုတော့ နှင် ဒီအိမ်မှာ ရောက်နေပြီပေါ့နော်"

နှင်းမြက အသံမထွက်ပဲ ခေါင်းညိတ်ပြသည်။

"နောက်တော့ ငါက ဘယ်လိုဆက်လုပ်ပေးရမှာလဲ"

"တို့နှစ်ယောက် မင်္ဂလာဆောင်ကြရမှာပေါ့"

"ဘယ်လိုဆောင်မှာလဲမောင်"

"အဖေ့ကို ပြောလိုက်ရင် အဖေ စီစဉ်ပေးလိမ့်မယ် နှင်နဲ့ငါနဲ့ လက်ထပ်ပြီးရင် နှင်တို့ရဲ့စီးပွားရေးလုပ်ငန်းတွေမှာ အနှောင့်အယှက်တွေ တွေ့နေတာတွေကို အဖေက ကူညီပေးလိမ့်မယ်"

"ဖြစ်ပါ့မလား နှင်းမြရယ်"

"ဘာကြောင့် မဖြစ်ရမှာလဲ၊ အဖေ သဘောတူလို့ သူ စီစဉ်ပေးရင် ပြီးတာပဲ မဟုတ်လား၊ ဘာလဲ. . . နှင်က ငါနဲ့ ဘဝခြားသွားလို့ လက်မထပ်ချင်တော့တာလား၊ ဒီလိုဆိုရင်လည်း ငါ့ဘဝနဲ့ငါ ရှိပါစေတော့"

ဟု ဝမ်းနည်းသံဖြင့် ပြောသည်။

"ဒီလိုလည်း မဟုတ်ပါဘူး နှင်းမြရယ်၊ နှင့်ကို ဘယ်ဘဝ





ရောက်ရောက် ငါချစ်နိုင်ပါတယ်၊ ငါ စိုးရိမ်တာက နှင့်အဖေ သွားပြောရင် သူ လက်ခံပါ့မလားလို့ စိုးရိမ်နေတာပါ"

"အို. . . ဒါကတော့ သွားပြောကြည့်မှ သိရမှာပေါ့၊ ပေမယ့် တစ်ခုတော့ ရှိတယ်၊ အဖေ့ဆီ သွားရင် နှင်တစ် ဘက်တည်းတော့ မသွားနဲ့၊ နှင့်မိဘတွေပါ တစ်ခါတည်း ခေါ် ပြီး သွားပြောနော်"

"အေးပါ. . . နှင်ပြောတဲ့အတိုင်း ငါလုပ်ပါ့မယ်"

"ဒီလိုဆိုရင် ငါ သွားတော့မယ်"

ပြောပြောဆိုဆိုနှင့် နှင်းမြက ထိုင်နေရာမှ ထသည်။

"ဟင်. . . နှင်က ဘယ်သွားမှာလဲ၊ ဒီအိမ်မှာ နေတာ ဟုတ်ဘူးလား"

"နှင်နဲ့ငါနဲ့ လက်ထပ်ပြီးမှ လာနေလို့ရမှာ၊ အခုတော့ ဖြင်မှာပဲ နေရဦးမယ်. . . သွားတော့မယ်နော်"


ဟု ပြောဆိုနှုတ်ဆက်ကာ အိမ်ပေါ်မှ ပြန်ဆင်းသွား ည်ကို ဝိုးတဝါး လှမ်းမြင်နေရသည်။

နီမောင်မှာ ထူးဆန်းသော ကြုံတွေ့မှုများကြောင့် အိပ် တ်များ မက်နေတာလားဟု သံသယ ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၈ )

## ထူးခြားသော မင်္ဂလာပွဲ

ထိုအကြောင်းကို မိဘများကို ပြောပြတော့ လက်မခံချင်ကြပေ။ 'မဖြစ်နိုင်ပါဘူး' ဟုသာ တွင်တွင်ငြင်းနေကြသည်။

နောက်ဆုံး နီမောင်က အခြေအနေကို ပြောပြရသည်။

"ကျွန်တော်လည်း ဒီလိုလုပ်တာ မသင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ဒီလိုလုပ်လိုက်ရင် ကျွန်တော်တို့ရဲ့စီးပွားရေးလုပ်ငန်းတွေ အရင်လို ပြန်ကောင်းလာမှာမို့ လုပ်ရတာပါ"

"လုပ်တာကတော့ ဟုတ်ပါပြီ၊ ငါတို့ သွားပြောရင်ရော



www.burmeseclassic.com

www.burmeseclassic.com



သူက လျှောလျှောလျူလျူ လက်ခံပါ့မလား”

ဒေါ်ကျင်မေက ဦးတာတေ လာပြောစဉ်က ပစ်ပစ်ခါခါ ပြောခဲ့မိပုံများကို ပြန်သတိရပြီး စိုးရိမ်နေဟန်ရှိသည်။

“ဒါကတော့ ဘယ်သိပါ့မလဲ၊ သွားပြောကြည့်မှပဲ သိရမှာ ပေါ့၊ တကယ်လို့ သူ့ဘက်က လက်မခံတော့လည်း ပြန်လာ ရှိတာပေါ့”

ဟု ပြောဆိုကာ အခြားသူများကိုပင် အသိမပေးတော့ သားအမိသားအဖ သုံးယောက်တည်း ဦးတာတေတို့အိမ်သို့ သွား ကြလေသည်။ ဦးတာတေအိမ်သို့ သွားရာတွင် ဦးဘရှိန်နှင့် နီမောင်တို့က အိန္ဒြေမပျက်ကြသော်လည်း ဒေါ်တင်မေကတော့ သူ ပြောခဲ့ဆိုခဲ့ပုံများကြောင့် လန့်နေဟန်ရှိသည်။

ဟိုရောက်တော့ ဦးတာတေက အရက်သောက်နေရာမှ မျက်ထောင့်နီကြီးဖြင့် တစ်ချက်လှမ်းကြည့်သည်။

ကြောက်မက်ဖွယ်ရာကောင်းသော အကြည့်ဖြင့် လှမ်း ကြည့်လိုက်သောအခါ ဒေါ်ကျင်မေမှာ တုန်လှုပ်သွားမိလေ သည်။

“ဘာကိစ္စရှိလို့လဲ”

လေးတွဲတွဲအသံကြီးဖြင့် လှမ်းမေးသည်။

“ဦးတာတေနဲ့ တိုင်ပင်စရာရှိလို့ လာခဲ့ကြတာပါ”

ဦးဘရှိန်က ပြန်ပြောသည်။

“ကျုပ်တို့က ခင်ဗျားတို့နဲ့ အဆင့်အတန်းတူတဲ့လူတွေ မဟုတ်ပါဘူးဗျာ၊ ရွှံ့ဗွက်ထဲမှာပဲ နေရတဲ့ အနိမ့်စား အတန်း





အစားတွေပါ၊ ဒီလိုလူမျိုးတွေနဲ့ ဆွေးနွေးတိုင်ပင်မယ်ဆိုတော့ ခင်ဗျားတို့ ဂုဏ်သိက္ခာ ကျစရာ ဖြစ်မနေဘူးလား”

ဟု ပြောရာ ဦးဘရှိန်တို့မှာ ဘာပြန်ပြောရမှန်း မသိ အောင် ဖြစ်သွားကြသည်။

ထိုအခါ နီမောင်က ဝင်ပြောရသည်။

“ဒီ. . . ဒီလိုပါ ဦးလေး၊ ကျွန်တော်နဲ့ နှင်းမြကိစ္စ ပြောဖို့ လာကြတာပါ၊ တဆိတ်လောက် လက်ခံပေးပါ”

ဟု ဝင်ပြောတော့မှ အိမ်ပေါ်သို့ တက်ခွင့်ရကြသည်။ ထိုအခါမှ အိမ်အတွင်းဘက်မှ ရင်တမမနှင့် အခြေ အနေကို စောင့်ကြည့်နေသော နှင်းလှုခမျာ သက်ပြင်းချနိုင်ပြီး ဧည့်သည်များအတွက် ကွမ်းအစ်၊ ဆေးလိပ်ခွက်နှင့် လက်ဖက် ရည်ကြမ်းအိုးများ လာရောက်ချပေးလေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့မှာလည်း ယခုမှပင် အ သက်ရှူချောင်သလို ဖြစ်သွားကြသည်။

“ကိုင်း. . . ပြောပါဦး၊ ဘာကိစ္စများ တိုင်ပင်ကြမှာလဲ”

“တခြားတော့ မဟုတ်ပါဘူး ဦးတာတေရယ်၊ ဟောဒီက ကျွန်တော့်သား နီမောင်နဲ့ ခင်ဗျားသမီး နှင်းမြတို့က လူငယ်တို့ သဘာဝ ချစ်ခင်နှစ်သက်နေတော့ လက်ထပ်ပေးဖို့ လာပြောတာ ပါ”

“ကျုပ်သမီး နှင်းမြ သေတာ ကြာပြီလေ၊ အခုမှ လက် ထပ်ချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ သူ မသေခင်တုန်းက သူတို့ကို လက်ထပ်ပေးဖို့ ကျုပ်ကိုယ်တိုင် လာပြောတာကို ခင်ဗျားတို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လက်မခံခဲ့ကြဘူး မဟုတ်လား။

အခု ဘာမှမရှိတော့တဲ့ လူတစ်ယောက်နဲ့ လက်ထပ်ပါရစေဆိုတော့ ခင်ဗျားတို့ ကျုပ်ကို သက်သက်လာပြီး စော်ကားနေကြတာလား . . . ပြန်ကြတော့ဗျာ”

ဟု လေသံမာမာဖြင့် ပြောလိုက်ရာ ထိတ်လန့်သွားကြလေသည်။

“ဒီလိုလည်း မဟုတ်ပါဘူး ဦးတာတေရယ်၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဟိုတုန်းက ကျုပ်တို့ မှားခဲ့တာတွေအတွက်လည်း တောင်းပန်ပါတယ်၊ အခုကိစ္စက ခင်ဗျားရဲ့သမီး သေသွားခဲ့တယ်ဆိုပေမယ့် သူတို့ချင်းက အဆက်အသွယ် ရှိနေကြတုန်းပါ၊ ဒါကြောင့် လက်ထပ်ပေးဖို့ လာပြောတာပါ”

ထိုစကား ကြားသောအခါ ဦးတာတေက မျက်မှောင်ကြီး ကျုံ့လျက် အတန်ကြာအောင် စဉ်းစားနေလေသည်။

ပြီးမှ . . .

“ကျုပ်က သမီးရှင်ဆိုတော့ သေသွားတဲ့ ကျုပ်သမီးလေးလည်း စိတ်ချမ်းသာအောင်၊ အရပ်က မြင်ရင်လည်း တင့်တယ်အောင် တစ်ခုခုတော့ စီစဉ်ပေးရမှာပေါ့၊ ဒီလိုလုပ်ဗျာ”

ဟု ဦးတာတေက အစီအစဉ်အချို့ကို ပြောပြလေသည်။

ထိုအစီအစဉ်မှာ သင့်လျော်သောကြောင့် ဦးဘရှိန်တို့ကလည်း သဘောတူ လက်ခံ၍ ပြန်ခဲ့ကြလေသည်။

နောက်ထပ် လအနည်းငယ် ကြာသောအခါ ထော်ပိုင်





ရွာ၌ မင်္ဂလာပွဲတစ်ခု ကျင်းပလေသည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးက နှင်းလှဖြစ်လေသည်။

မင်္ဂလာဆောင်ပြီးသောအခါ နီမောင်က သတို့သမီးဖြစ်သူ နှင်းလှကို နောက်ထပ် ဆောက်ထားသော အိမ်သစ်သို့ ခေါ်သွားလေသည်။ ထိုအိမ်သို့ ရောက်သောအခါ နီမောင်က အခြေအနေကို ပြောပြရသည်။

“နှင်းလှ နင်အခုလို အကူအညီပေးတာ ငါ ကျေးဇူးတင်ပါတယ်၊ တမလွန်ရောက်နေတဲ့ နင့်အစ်မ နှင်းမြကလည်း ဝမ်းသာမှာပါ၊ နင် ဒီမှာပဲ ငါနဲ့အတူတူ နေပေးပါ၊

နင့်ကို နှမလေးတစ်ယောက်လို မှဲ့တစ်ပေါက် မစွန်းရအောင် ငါထားပေးပါ့မယ်၊ ငါ တကယ်မင်္ဂလာဆောင်တာက နှင်းမြနဲ့ဆိုတော့ သူနဲ့ပဲ အတူနေပါရစေ”

ဟု ပြောသောအခါ နှင်းလှမှာလည်း ထိုအခြေအနေကို အခင်ဖြစ်သူက ပြောပြထားသဖြင့် အစကတည်းက သိနေရာ ဘာမှ ပြန်မပြောပဲ ခေါင်းငုံ့၍သာ နေလေသည်။

ထို့နောက်တွင် ထိုအိမ်မှာပင် နှင်းလှအတွက် အခန်းတစ်ခန်း စီစဉ်ပေးကာ ဟန်မပျက် နေထိုင်ကြသည်။

အများအမြင်မှာတော့ နီမောင်နှင့် နှင်းလှတို့နှစ်ယောက် မင်္ဂလာဆောင်ပြီး အတူတကွ နေထိုင်ကြသည်ဟု ထင်နေရာ ရှိသော်လည်း တကယ်တမ်း၌မူ သီးသန့်နေထိုင်ကြခြင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အခန်းတစ်ခန်းအိပ်ပြီး နှင်းလှက အခန်းတစ်ခန်းနှင့် သီးသန့်နေလေသည်။

ထိုကဲ့သို့ မင်္ဂလာဆောင်ပြီး ပထမညမှာ ဘာမှ မထူးခြားသော်လည်း နောက်တစ်ညမှာတော့ သူရှိရာသို့ နှင်းမြ ရောက်လာလေသည်။

နီမောင်မှာ ဆန်းကြယ်လှသော မိမိဘဝကံများ အကြောင်းကို စဉ်းစားနေရာ တော်တော်နှင့် အိပ်မပျော်ဘဲ ညဉ့်နက်ပိုင်း ရောက်မှ အိပ်ပျော်သွားလေသည်။

ထိုသို့အိပ်ပျော်နေစဉ် အတွေ့အထိတစ်ခုကြောင့် ပြန်နိုးလာပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ အခန်းတစ်ခုလုံး မှောင်မည်းနေလေသည်။

သို့စေကာမူ သူ့နံဘေးနားမှာ တစ်စုံတစ်ယောက် ရှိနေသည်ကို သတိပြုမိသဖြင့် လက်ဖြင့် စမ်းကြည့်လိုက်တော့ သူ့နံဘေးမှ အိပ်နေသူတစ်ယောက်ကို စမ်းမိသည်။

"နှင်းမြလား"

ခပ်တိုးတိုးလေသံဖြင့် မေးလိုက်သည်။

"ဟုတ်တယ်လေ"

ပြန်ပြောသံကလည်း တိုးသောကြောင့် အတော်ကလေး နားစိုက်ထောင်မှ ကြားရလေသည်။

"နင် အခု ငါနဲ့ အတူနေလို့ရပြီလားဟင်"

"ရပြီလေ. . . နင်နဲ့ငါနဲ့ မင်္ဂလာဆောင်ပြီးမှပဲ"

နီမောင်ရင်ထဲမှာ ရင်ခုန်သံများ မြန်သွားလေသည်။





တိတ်ဆိတ်ငြိမ်သက်နေသော အခန်းတွင်းမှာ နံဘေးနားမှ အသက်ရှူသံကို အတိုင်းသား ကြားနေရသည်။

နီမောင်စိတ်ထဲမှာ စိုးရိမ်တုန်လှုပ်မှုများ ဖြစ်နေသည်။

သေသွားပြီးသော နှင်းမြ၏ပုံပန်းသဏ္ဌာန်နှင့် ကိုယ်ခန္ဓာမှာ ဘယ်လိုပုံသဏ္ဌာန်နှင့် အနေအထားမျိုး ရှိနေသည်ကို မခန့်မှန်းနိုင်သဖြင့် စိတ်လှုပ်ရှားနေသည်။

လူကြီးတွေ ပြောသည့်အထဲတွင် ပရလောကသားနှင့် လူနှင့် ညားသောအဖြစ်များ၊

ဥစ္စာစောင့်နှင့် လူနှင့် ညားသဖြင့် သားသမီး ရနိုင်သော အကြောင်းများကို ပြန်သတိရသဖြင့် နှင်းမြသည် ယခုအခါ ဘယ်လိုပုံသဏ္ဌာန်မျိုး ဘယ်လိုအခြေအနေမျိုး ရှိနေမည်ကို စိတ်ဝင်စားနေသည်။ တစ်ခုခက်တာက. . .

နှင်းမြက သူရှိနေသောအချိန်တွင် မီးရောင်လုံးဝမရှိစေရန် မှာကြားထားသဖြင့် သူ၏ပုံပန်းသဏ္ဌာန်ကိုတော့ မြင်ခွင့်မရနိုင်တော့ပေ။

"နီမောင် နင် ဘာတွေ စဉ်းစားနေတာလဲ"

"ဘာ. . . ဘာမှ မစဉ်းစားပါဘူး၊ နင်နဲ့ငါရဲ့ထူးဆန်းတဲ့ အကြောင်းကို စဉ်းစားနေတာပါ၊ နင် အသက်ရှိနေတုန်းကတော့ အခုလို လက်ထပ်ခွင့် မရခဲ့ပဲ နင်သေပြီးတော့မှပဲ အခုလို အတူတူ နေခွင့်ရတာကို အံ့ဩနေမိတာပါ"

ထိုစကား ကြားသောအခါ နှင်းမြထံမှ ရယ်သံခပ်တိုးတိုး ထွက်လာပြီး လက်တစ်ဖက်က နီမောင်ရင်ဘတ်ပေါ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ နီမောင်ရင်ထဲမှာ ဒိန်းကနဲ ဖြစ်သွားပြီး နှလုံးခုန်သံလည်း မြန်လာသည်။

"နင် ငါ့ကို ကြောက်နေတယ် မဟုတ်လား"

"မကြောက်ပါဘူး. . . နင့်ကို ဘယ်ဘဝရောက်ရောက် ငါ ချစ်နိုင်ပါတယ်"

ဟု ပြောကာ ရင်ဘတ်ပေါ် ရောက်နေသောလက်ကို သူ့လက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ပူနွေးသောအသား၏အတွေ့အထိအတိုင်း ကိုင်တွယ်မိသဖြင့် အတော်ကလေး အံ့ဩသည်။

သူက လက်ကလေးကို ဆုပ်ကိုင်လိုက်တော့ နှင်းမြက လည်း ပြန်ဆုပ်ထားသည်။

နီမောင့်စိတ်ထဲမှာ. . .

"နှင်းမြက တမလွန်ဘဝ ရောက်သွားတာ ကြာပေမယ့် သူ့အသားအရေက အရင်အတိုင်းပဲ ရှိနေပါသေးလား"

ဟု တွေးကာ နှင်းမြရှိရာဘက်သို့ လှည့်လိုက်သည်။

အမှောင်ထဲမှာမို့ သဲသဲကွဲကွဲ မမြင်ရသော်လည်း ဝိုးတဝါး ပုံရိပ်တော့ မြင်နေရသည်။

နီမောင်က ဇဝေဇဝါဖြင့် သူမ၏ဆံပင်ကို အရင်စမ်းသည်။ ပြီးလျှင် မျက်နှာကို စမ်းသည်။

ဘာတစ်ခုမှ ပြောင်းလဲမှု မရှိပဲ ယခင်အတိုင်းပင် ရှိနေသည်ကို တွေ့ရသဖြင့် အံ့ဩဝမ်းသာသွားသည်။

"နှင်း. . . နှင်းမြအစစ်ပါနော်"





"ဟုတ်ပါတယ် နီမောင်ရဲ့၊ ငါ့အသံကိုတောင် မမှတ်မိတော့ဘူးလား"

"မှတ်တော့ မှတ်မိပါတယ်၊ နှင်းမြက တမလွန်ဘဝ ရောက်နေတာတောင် အရင်အတိုင်းပဲ ရှိနေသေးတာမို့ အံ့ဩဝမ်းသာနေမိတာပါ၊ ဒါထက် ဒီအတိုင်း ရှိနေတာတောင် ဘာဖြစ်လို့ လူမြင်မခံဝံ့တာလဲဟင်"

"ဒါကတော့ ငါက သေခဲ့ပြီးသား လူတစ်ယောက်ဆိုတော့ လူတွေနဲ့ နေလို့ ဘယ်ရပ့ါမလဲ၊ နင်ကတော့ ငါ့ရဲ့ယောကျ်ားဖြစ်သွားပြီဆိုတော့ အခုလို မြင်ရတာပေါ့၊ ဘာလဲ. . . ငါ့မျက်နှာကို သေသေချာချာ မမြင်ရသေးလို့ စိတ်မချ ဖြစ်နေတာလား"

"နင့်ကို စိတ်ချပါတယ်၊ ဘယ်လိုဘဝမျိုးရောက်ရောက် ချစ်နိုင်ပါတယ်"

ဟု ပြောကာ နှင်းမြ၏ကိုယ်ကလေးကို ထွေးဖက်လိုက်သည်။

နီမောင်ရင်ခွင်ထဲ ရောက်လာသော နှင်းမြ၏ကိုယ်ကလေးမှာ နွေးထွေးအိစက်လျက် ရှိနေသည်။

နှင်းမြကလည်း သူ့ကို ခပ်တင်းတင်း ပြန်ဖက်လာသည်။

ထိုညအဖို့တော့ နီမောင်အတွက် အပျော်ရွှင်ဆုံး အသာယာဆုံး ဖြစ်ခဲ့သလို စိတ်လှုပ်ရှားစရာ အကောင်းဆုံးလည်း ဖြစ်ခဲ့လေတော့သည်။

တစ်ခါတစ်ရံတော့လည်း. . .



www.burmeseclassic.com

www.burmeseclassic.com



ဘဝခြားသော်လည်း အချစ်မခြားသူများအဖို့ ပျော်ရွှင်မှုသည် မမျှော်လင့်ပဲ ရောက်လာတတ်ပေသည်။





## အခန်း [ ၉ ]

## ညမြင်နေ့မျှော် သတို့သမီး

နောက်ပိုင်းရက်များမှာလည်း နံနက်လင်းသောအချိန်တွင် နှင်းမြူကို မတွေ့ရတော့ပဲ ညအမှောင်ထု ဖုံးသောအချိန်များတွင် ရောက်လာလေ့ရှိသည်။

တစ်ခါတစ်ရံလည်း နီမောင် အိပ်ပျော်တော့မှ ရောက်လာသည်။ တစ်ခါတစ်လေလည်း နီမောင်က မအိပ်ပဲ စောင့်နေခဲ့မှာ ရောက်လာလေ့ရှိသည်။

မည်သို့ပင် ရှိစေ. . .

သူရောက်လာတော့မည်ဆိုလျှင် ခွေးဟောင်သံများ



www.burmeseclassic.com

www.burmeseclassic.com



အရင်ကြားရပြီးမှ ရောက်လာလေ့ရှိသည်။

နှင်းမြကို တစ်နေ့လုံး မတွေ့ရဘဲ ညအချိန်မှသာ တွေ့ရသော်လည်း နီမောင်စိတ်ထဲမှာ ပျော်နေမိသည်။

တစ်သက်လုံး ဘယ်တော့မှ ပြန်မတွေ့ရတော့ဟု ထင်ထားသော ချစ်သူကို ယခုလို ပြန်တွေ့ပြီး အတူနေခွင့် ရသဖြင့်လည်း စိတ်ထဲမှာ ကျေနပ်နေသည်။

"ကံတရားကလည်း အတော့်ကို ဆန်းကြယ်လှပါတယ်၊ နှင်းမြနဲ့ လူ့ဘဝတုန်းက မပေါင်းရပဲ သူသေပြီး ဝိညာဉ်ဘဝ ရောက်တော့မှပဲ ထူးထူးခြားခြား ပြန်ပေါင်းရတယ်၊

ဘာပဲဖြစ်ဖြစ် အခုလို ပေါင်းရတော့လည်း ကောင်းတာပါပဲလေ"

ဟု တွေးမိသည်။

သူ တွေးမယ်ဆိုလည်း တွေးစရာပင်။

ညဘက်တွင် နှင်းမြက သူနှင့်အတူတူ ရှိနေပြီး နေ့အချိန် ရောက်တော့ ပျောက်သွားသည်။

သို့သော် နေ့အချိန်မှာ သူနှင့် ဟန်ဆောင်လက်ထပ်ထားသော နှင်းလှရှိနေသည်။

နှင်းလှက ချက်ရေးပြုတ်ရေး တာဝန်မှအစ အိမ်မှာရှိသော အလုပ်တာဝန်မှန်သမျှကို အားလုံးလုပ်ပေးသဖြင့် နှင်းမြ မရှိသော်လည်း အိမ်ထောင်တာဝန်များက လစ်ဟာမှု မရှိပေ။

နှင်းလှ၏လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး နီမောင့်မိဘများကပင် သဘောကျလာကြသည်။





"ဒီကလေးမလေး ရောက်လာမှ အိမ်အလုပ်တွေ အဘော့်ကို ထောင့်စေ့သွားတယ်၊ သူကလည်း တစ်နေ့တစ်နေ့ တစ်ချက်ကလေးမှ နားတယ် မရှိဘူး၊ အကုန်လုပ်တော့တာပဲ၊ ဒီလိုမှာမှန်းသာ သိရင် သူ့အစ်မ နှင်းမြ မသေခင်ကတည်းက သားနဲ့ ပေးစားပြီး အိမ်ခေါ်ထားပါတယ်"

ဟု ဒေါ်ကျင်မေက ပြောသည်။

"မင်းက အခုမှ ပြောနေတယ်၊ သေတဲ့သူက အခု သောက် ရှိရင် အရိုးတောင်ဆွေးနေလောက်ပြီ"

"အို. . ဒါပေမယ့် အကြီးမ မရှိတော့ပေမယ့် အငယ်မ အခု အိမ်ရောက်နေတာပဲ၊ သူ့ကိုပဲ တစ်သက်လုံး ခေါ်ထားလိုက်ရင် ပြီးတာပဲ မဟုတ်လား"

"ဖြစ်မလား မကျင်မေရဲ့၊ နီမောင်က နှင်းမြနဲ့ မင်္ဂလာဆောင်ထားတာ၊ သူနဲ့ ဆောင်ထားတာမှ မဟုတ်တာ"

"အို. . . ဒါကတော့ ဦးတာတေနဲ့ ကျုပ်တို့ပဲ သိတဲ့ကိစ္စ ဘာအရေးကြီးသလဲ၊ အမိက,က ကာယကံရှင် အချင်းချင်း အဆင်ပြေဖို့ပဲ အရေးကြီးတာ မဟုတ်လား"

"ဒါပေမယ့် မင်းသားက နှင်းမြမှ နှင်းမြဖြစ်နေတော့ ဘယ်လိုလုပ်မလဲ"

"ဒါကတော့ မရှိတော့တဲ့လူကို စွဲလန်းနေလည်း ခဏပဲဖြစ်မှာပေါ့၊ ကြာတော့လည်း မေ့သွားမှာပါ။ တစ်ရွာလုံး တစ်ရပ်လုံးက နီမောင်နဲ့ နှင်းလှ မင်္ဂလာဆောင်ထားတယ်လို့သာ သိထားကြတာ မဟုတ်လား၊ သူ မေ့သွားတဲ့အချိန်ရောက်ရင် နှင်း



www.burmeseclassic.com

www.burmeseclassic.com



လှန့်ပဲ အရှိန်မပျက် ဆက်နေလိုက်ရင် ပြီးတာပဲ မဟုတ်လား

ဟု ဒေါ်ကျင်မေကတော့ အားတက်သရော ပြောဆိုနေလေသည်။ သူ ပြောမည်ဆိုလျှင်လည်း ပြောစရာပင်။

နီမောင်နှင့် နှင်းလှတို့ မင်္ဂလာဆောင်ပြီးနောက်ပိုင်းတွင် အလုပ်ဆင်းမည့်သူများကို တစ်ပွဲစား ဦးတာတေက ယခင်ကကဲ့သို့ အကူအညီ ပေးသဖြင့် အနှောင့်အယှက်များ နည်းသွားကာ ငါး ပုဇွန်များ အထိအမိ ပြန်ကောင်းလာသည်။

ငါးပုဇွန် ရှာဖွေသူများကလည်း ဦးတာတေထံမှ အကူအညီ ရမှန်း သိသောအခါ နီမောင်တို့ဆီမှာ အလုပ်ပြန်လုပ်ကြလေသည်။ ရလာသော ငါးပုဇွန်များကို ယခင်အတိုင်း လာရောက် ပို့ပေးကြသည်။ သို့ကြောင့် နီမောင်မှာ မိုးလင်းမှ မိုးချုပ်အထိ မအားလပ်ရအောင် အလုပ်များလေရာ နှင်းလှကလည်း အိမ်အလုပ်တာဝန်များ ပြီးသည်နှင့် နီမောင်နှင့်အတူ ဝိုင်းကူလုပ်ပေးလေသည်။

ထိုသို့ လုပ်ရင်းမှပင် ထမင်းစားချိန်ရောက်လျှင် ထမင်းပွဲ ရှေ့ရောက် ခူးခပ်ပြင်ဆင်ပေးသည်။

သူ့ကြည့်ရသည်မှာ ဟန်ဆောင်လင်မယားအနေနှင့် နေရသော်လည်း စေတနာအပြည့်နှင့် လုပ်ကိုင်ပေးဟန်ရှိသည်။

တစ်ခါတစ်ခါတော့လည်း နီမောင်စိတ်ထဲမှာ မပိုင်ဝက်မွေး သဘောမျိုးဖြင့် နေရသော နှင်းလှအပေါ် သနားသလို ဖြစ်လာမိသည်။

"အစ်ကို ကျွန်မ ချက်ပြုတ်ကျွေးမွေးတာတွေ စား





သောက်ရတာ အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ် နှင်းလှရဲ့၊ အရင်ကတော့ အမေချက်ကျွေးတာပဲ စားနေရတာ၊ အခုတော့ တစ်မျိုးစားရတာပေါ့။ ဒါထက် နှင်းလှရော အစ်ကိုတို့နဲ့ နေရတာ အဆင်ပြေရဲ့လားဟင်"

"ဟုတ် . . ဟုတ်ကဲ့ . . ပြေပါတယ်"

နှင်းလှက ခေါင်းကလေး ငုံ့သွားသည်။

"တကယ်တော့ နှင်းလှကို တကယ်ပဲ အားနာပါတယ်၊ နှင်းလှ ဘဝနဲ့ ရင်းပြီး အစ်ကိုတို့ကို အကူအညီပေးတာ ကျေးဇူးလည်း တင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး အစ်ကိုရယ်၊ အဖေခိုင်းတဲ့အတိုင်း လုပ်ရတာပဲ၊ ကျွန်မက ဘာပြောစရာရှိမှာမလဲ၊ နောက်ပြီး သေသွားတဲ့ အစ်မအတွက်လည်း အကူအညီပေးရာ ရောက်တာပေါ့"

"နှင်းလှက ဒီလိုဘဝမျိုးနဲ့ တစ်သက်လုံး နေသွားနိုင်မှာလားဟင်"

"အစ်ကို ခေါ်ထားရင် နေမှာပေါ့"

"တကယ်လို့ နှင်းလှအဖေ မရှိတော့တဲ့အခါကျရင် နှင်းလှသဘောနဲ့နှင်းလှ ဆုံးဖြတ်ပိုင်ခွင့် ရှိပြီလေ၊ အဲဒီအချိန်ကျရင်ကော လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြီး နေမှာလား"

"ကျွန်မဘဝက အပျိုဆိုတာ အစ်ကိုတစ်ယောက်ပဲ သိတာ မဟုတ်လား၊ ကျန်တဲ့လူတွေအားလုံးက အစ်ကို့မိန်းမလို့ပဲ သိထားကြတာ၊ ကျွန်မသဘောနဲ့ကျွန်မ ဆုံးဖြတ်တော့ရော



www.burmeseclassic.com

www.burmeseclassic.com



လင်ရှိမယားတစ်ယောက်ကို ဘယ်သူက လက်ခံချင်ပါတော့မလဲ"

ထိုစကားကြားသောအခါ နီမောင်ရင်ထဲမှာ များစွာ စိတ်မကောင်း ဖြစ်သွားမိလေသည်။

"အစ်ကိုလည်း မသိပါဘူး နှင်းလှရယ်၊ ဒီတစ်ခါလာမှပဲ မေးကြည့်ရဦးမယ်"

ဟု ပြောလိုက်လေသည်။

သို့ဖြင့် ညအချိန် နှင်းမြရောက်လာသောအခါ နီမောင်က ပြောသည်။

"နှင်းမြရယ်. . . နင်နဲ့ငါနဲ့ မင်္ဂလာဆောင်ပြီးတာလဲ အတော်ကြာခဲ့ပါပြီ၊ နင် ငါတို့နဲ့ ဘာကြောင့် အမြဲလာမနေတာလဲဟင်"

"နင်နဲ့ငါနဲ့က ဘဝခြားနေတော့ ဒီမှာ အမြဲလာနေလို့ မရနိုင်လို့ပါ နီမောင်ရယ်၊ တစ်သက်လုံး မတွေ့ရတော့တာနဲ့ စာရင် အခုလို ညဘက်မှာ တွေ့နေရတာကို မကျေနပ်နိုင်သေးဘူးလားဟင်"

"ဘယ်ယောကျ်ားမဆို ကိုယ်ချစ်လို့ လက်ထပ်ယူထားတဲ့ ကိုယ့်သားမယားနဲ့တော့ အတူတူ နေချင်တာပေါ့၊ ဒါပေမယ့် အခြေအနေ ပေးသမျှ နေရတာဆိုတော့ ငါကတော့ ကျေနပ်ပါတယ်၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲဟင်"

"အခုလိုနေရတာ နှင်းလှကို သနားဖို့ ကောင်းပါတယ်၊





အများအမြင်မှာတော့ သူနဲ့ငါနဲ့ လက်ထပ်ထားတော့ လင်မယားလို့ပဲ ထင်ကြမှာပဲ၊ သူ့ခမျာ ဒီလိုဘဝမျိုး နေရတာ မသနားဘူးလားဟင်"

ထိုစကား ကြားသောအခါ နှင်းမြထံမှ တော်တော်နှင့် စကားသံ မကြားရတော့ပဲ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ နီမောင်က နှင်းမြကိုယ်ကလေးကို ပွေ့ဖက်ထားရင်း ထပ်မေးလိုက်လေသည်။

"ဟင်. . . နင် နှင်းလှကို မသနားဘူးလားဟင်"

"ငါ ညီမလေးနှင်းလှကို သနားလည်း သနားတယ်၊ ကိုယ်ချင်းလည်း စာမိပါတယ်၊ မလွှဲသာလို့သာ အခုလို လုပ်ရတာပါ၊ ငါ နင်နဲ့ မခွဲနိုင်လို့ အခုလို လုပ်ရပေမယ့် နှင်းလှရဲ့ဘဝ ဘယ်လောက် နစ်နာတယ်ဆိုတာ သိပါတယ်"

"တစ်နေ့တော့ ဒါတွေက ပြီးသွားမှာပါ"

"ဘယ်လို ပြီးမှာလဲဟင်"

"ငါ ဒီဘဝက ကျွတ်သွားတဲ့ တစ်နေ့ကျရင်တော့ နင် နှင်းလှကို တရားဝင် လက်ထပ်ထားတဲ့ အကြင်လင်မယား တစ်ယောက်အနေနဲ့ လက်ခံပြီး ပေါင်းသင်းပေးပါနော်"

"ဟင်. . . နင်က ဘယ်တော့ ဒီဘဝက ကျွတ်မှာမို့လဲ"

"ဒါကတော့ ဘယ်ပြောနိုင်ပါ့မလဲ၊ ငါတို့ ပရလောကသားတွေဆိုတာ ပိုင်ဆိုင်ရာနတ်တွေရဲ့စေခိုင်းတဲ့အတိုင်း နေရတာဆိုတော့ သူတို့က ထားရင် နေရတယ်၊ သူတို့က သွားခိုင်း သွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ နီမောင်က နှင်းမြကိုယ်က လေးကို ခပ်တင်းတင်း ဖက်ထားလိုက်သည်။

"ငါ နင့်ကို မခွဲနိုင်ဘူး နှင်းမြရယ်၊ နင် ဘယ်ကိုမှ မသွားပါနဲ့နော်၊ ဖြစ်နိုင်ရင် ငါနဲ့အမြဲအတူလာနေပါနော်"

"ငါလည်း ကိုယ်ချစ်တဲ့လင်သားနဲ့ အမြဲအတူနေချင်တာပေါ့၊ ဒါပေမယ့် ငါတို့ဘဝက ထားရာနေ စေရာသွား ဘဝမို့ပါ၊ အော်. . . နင့်ကို ဝမ်းသာရမယ့်စကား ပြောရဦးမယ်"

"ဘာလဲဟင်"

"ငါ့မှာ ကိုယ်ဝန်ရှိနေပြီ. . . သိလား"

"ဟင်. . . နင့်မှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ ဟို. . . ဟို. . . နင်တို့က လူတွေလိုပဲ ကိုယ်ဝန်လွယ်ရသလားဟင်"

"အို. . . ပရလောကမှာလဲ ကိုယ်ဝန်လွယ်ပြီး ကလေးမွေးရတဲ့အလုပ် လုပ်ရတာပဲ၊ ဥစ္စာစောင့်တွေဆိုရင် လူတွေနဲ့ အတူတူ လာနေပြီး ကလေးတွေ နှစ်ယောက်သုံးယောက် ရမှ ပြန်သွားကြတာတွေတောင် ရှိသေးတာပဲ၊ တချို့ဆိုရင် သားသမီးတွေကို ရှင်တောင် ပြုသွားနိုင်သေးတာ၊ နင် မကြားဖူးဘူးလား"

"ကြား. . . ကြားဖူးပါတယ်"

"ငါလည်း ဒီလိုပေါ့၊ အခုဆိုရင် ကိုယ်ဝန်က နှစ်လကျော် သုံးလလောက်တောင် ရှိနေပြီသိလား၊ တကယ်လို့ ငါ ကိုယ်ဝန် ရင့်လာရင်တော့ နင့်ဆီကို မလာနိုင်တော့ဘူးနော်"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အို. . . ကိုယ်ဝန်ရှိတဲ့ ဝိညာဉ်တွေက လူတွေနဲ့ နီးနီး





မနေဘူးလေ၊ အဲဒီတော့ သားသမီး မွေးပြီးမှပဲ နင်နဲ့ငါနဲ့ ပြန်တွေ့ကြမယ်"

ဟု ပြောကာ နီမောင်ကို တင်းတင်း ပြန်ဖက်ထားလေသည်။ ထိုအခိုက် အပြင်ဘက်၌ လသာနေရာ အိမ်အမိုးပေါက်မှ တဆင့် ထိုးဆင်းလာသော အလင်းရောင်တန်းက တဖြည်းဖြည်းနှင့် အိပ်ခန်းထဲ ရောက်လာသည်။

ထိုအလင်းရောင်ကြောင့် နီမောင်က နှင်းမြမျက်နှာကို မြင်သာအောင် ကြည့်သည်။

နှင်းမြက ရင်ခွင်ထဲမှာ မျက်နှာဝှက်၍ ကာထားသောကြောင့် တစွန်းတစသာ တွေ့ရသည်။

နှင်းမြမှာ လူ့ဘဝကအတိုင်း လှပချောမောနေသေးသော်လည်း မျက်နှာမှာ အတော်ကလေး ချောင်ကျနေလေသည်။

ထိုသို့ ကြည့်နေရင်းမှ နှင်းမြကို တစ်ခါတည်း ခေါ်ထားလိုက်ရလျှင် ကောင်းမလားဟု စိတ်ကူးပေါ်မိသေးသည်။

တဖက်မှလည်း ထိုသို့လုပ်လိုက်ကာ တစ်ခါတည်း နှင်းမြ မြန်ပျောက်သွားမှာကိုလည်း စိုးရိမ်ရသေးသည်။

ထိုသို့လုပ်မိမှ ယခုကဲ့သို့ ညအချိန် တွေ့ရချိန်ကလေး ပင် ပျောက်သွားမှာကို စိုးရိမ်သောကြောင့် စိတ်ကူးထဲမှ အကြံအစည်ကို ဖျောက်လိုက်ရသည်။

"ဒါထက် နင် ကလေးမွေးပြီးရင် ကလေးကို ငါ မြင်ရမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရမှာပေါ့ . . . နင့်ဆီကို ခေါ်လာမှာပေါ့"

"ဝမ်းသာလိုက်တာ နှင်းမြရယ်၊ ဒီစကားကြားရတာ ဖြင့် သိပ်ဝမ်းသာတာပဲ"

ဟု ပြောကာ နှင်းမြကိုယ်ကလေးကို တိုး၍ဖက်ထား လိုက်လေတော့သည်။

နောက်တစ်နေ့ မနက်လင်း၍ ငါးရှဲ့စင်သို့ ရောက်သော အခါ စောထီးနဲ့ ငမဲအောင်တို့ နှစ်ယောက်က ပြောသည်။

"နီမောင် . . . ညတုန်းက ငါတို့နှစ်ယောက် ချောင်းဖျား ဖက်က ကွန်ပစ်ပြီး ပြန်လာတော့ ချောင်းဖျားဘက်ကို လှေတ စင်း တက်သွားတာ တွေ့လိုက်တယ်"

"ငါး ပုဇွန်ရှာတဲ့လှေ ဖြစ်မှာပေါ့"

"အဲဒီလို မဟုတ်ဘူးကွ၊ လှေလှော်သွားတာက ကရှ အဖိုးကြီးတစ်ယောက်ပဲ၊ လှေထဲမှာလည်း ထိုင်လိုက်သွားတာ အဝတ်တစ်ထည် ခေါင်းမြီးခြုံထားတဲ့ မိန်းမတစ်ယောက်လို့ ထင် တာပဲ"

"ဒီရွာကလူတွေ မဟုတ်ဘူးလား"

"အဖိုးကြီးမျက်နှာ တွေ့လိုက်ရတာကတော့ တို့ရွာက မဟုတ်တာ သေချာတယ်၊ မိန်းမမျက်နှာတော့ ခေါင်းမြီးခြုံထား လို့ မမြင်လိုက်ရဘူး"

"ဒါထက် နေပါဦး၊ သူတို့က အချိန်မတော်ကြီး ချောင်း ဖျားဘက် ဘာသွားလုပ်ကြတာလဲ၊ တခြားရွာက လူတွေများ ငါးပုဇွန်ရှာဖို့ လာရော့သလား"





"လှေကြည့်ရတာတော့ ငါးပုဇွန် ရှာတဲ့လှေ ဟုတ်ပုံမရ ဘူး"

ငမဲအောင်နှင့် နီမောင်တို့ ပြောနေကြစဉ် နံဘေးနားမှာ နားထောင်နေသော စောထီးက တစ်စုံတစ်ခုကို စဉ်းစားနေ သည်။

"ငါတို့အဘိုးတွေ ပြောသံကြားဖူးတာကတော့ နေသူရိန် ကုန်းတန်းရဲ့အတွင်းပိုင်းမှာ မွန်ကရင်တွေ နေတဲ့ရွာကလေးတွေ ရှိတယ်လို့ သတင်းကြားဖူးတယ်၊ အဲဒီရွာက လူတွေက အပြင် လည်း သိပ်မထွက်ကြဘူး၊ အပြင်က အခြားလူတွေနဲ့လည်း အဆက်အသွယ် သိပ်မလုပ်ကြဘူးလို့ ကြားဖူးတယ်"

"မင်းပြောတဲ့အတိုင်း မှန်ရင် ညက ငါတို့ တွေ့လိုက်ရ တဲ့လှေဟာ အဲဒီက လူတွေရဲ့လှေများ ဖြစ်လေမလား"

ဟု ငမဲအောင်က ပြောသည်။

ထိုအခါ နီမောင်က . . .

"ငါတို့လည်း နေသူရိန်ကုန်းတန်းဘက် ရောက်ဖူးတာ ပဲ၊ သူတို့က ဘယ်မှာနေကြတာလဲ"

ဟု မေးသည်။

"လောင်းလှေကြီး မြုပ်နေတဲ့နေရာရဲ့အရှေ့ဘက်မှာ ချောင်းပေါက်တစ်ခု ရှိတယ်၊ အဝမှာ သစ်ပင်တွေ ခြုံတွေ အုပ် နေလို့ တော်ရုံနဲ့ မမြင်နိုင်ဘူး၊ ငါထင်တာတော့ အဲဒီချောင်းဝက ဝင်သွားရင် ရောက်နိုင်မယ် ထင်တာပဲ"

ဟု မိမိတို့ စိတ်ထင်ရာများကို စိတ်မှန်းဖြင့် ပြောဆိုနေ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။

"ဒါထက် နီမောင်၊ မင်း နှင်းမြကို တွေ့ရသေးလား"

"အင်း . . . တွေ့ရပါတယ်"

"ဘယ်လိုတွေ့ရတာလဲ"

"ညဘက်ဆိုရင် သူလာတယ်"

"အဲဒီလို တွေ့တော့ သူ့ပုံစံက အရင်အတိုင်းပဲလား ဟင်"

နီမောင်က ခေါင်းညိတ်ပြသည်။

"ညဘက်မှာ တွေ့ရပြီး နေ့ခင်းဘက်မှာ သူက ဘယ်မှာ သွားနေတာလဲ"

"စောထီးကလည်းကွာ ကပ်သီးကပ်သပ် လိုက်မေးနေတယ်၊ နေ့အချိန်ရောက်တော့ သူနေတဲ့ တိုင်အခေါင်းထဲ ပြန်ဝင်နေမှာပေါ့"

ဟု ငမဲအောင်က ပြောလိုက်ရာ စောထီးလည်း ထိုအကြောင်းကို ဆက်မပြောတော့ပေ။

"ဒါထက် နီမောင် . . ."

"ဘာလဲ . . ."

"ဟို . . . မင်း နှင်းလှုနဲ့ နေရတာ အဆင်ပြေရဲ့လား ဟင်"

"အင်း . . . ပြေပါတယ်၊ ဘာဖြစ်လို့လဲ"

"အခုလို သူတို့နှစ်ယောက် အတူတူ တစ်အိမ်တည်း နေရတော့ မင်းစိတ်ထဲမှာ ဘယ်လိုခံစားရသလဲဟင်"





"ငါ သူ့ကို ညီမလေးတစ်ယောက်လိုပဲ စောင့်ရှောက်ထားတာပါ"

"ဒါပေမယ့် မင်းတို့ချင်းကသာ ဟန်ဆောင်လင်မယား အဖြစ်နဲ့ နေကြတယ်ဆိုပေမယ့် သူကတော့ မင်းအပေါ်မှာ တကယ့်လင်သားတစ်ယောက်လို ပြုစုနေတာ မဟုတ်လား"

နီမောင် သက်ပြင်းတစ်ချက် ချကာ ခေါင်းညိတ်ပြလိုက်သည်။

"အေးကွာ . . . နှင်းလှုဘဝကလည်း တကယ်တွေး ကြည့်ရင် သနားစရာပါပဲ၊ မြင်သာမြင်နေရပြီး မကြင်ရတဲ့ဘဝမျိုး ဆိုတာ ဒါမျိုးဖြစ်မှာပေါ့နော်"

ဟု ပြောဆိုကာ နှစ်ယောက်သား ထွက်သွားကြရာ နီမောင်မှာ ဘာမှ ပြန်မပြောနိုင်ဘဲ တစ်ယောက်တည်း ငိုင်ကာ ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၀ ]

## စီညာဉ်နှင့် လျှို့ဝှက်ချက်များ

ဦးတာတေ တစ်ယောက်ကတော့ အိမ်၌ သမီးအကြီး ရော အငယ်ပါ နှစ်ယောက်စလုံး မရှိတော့သဖြင့် တစ်ယောက် ည်း လွတ်လွတ်လပ်လပ်ပင် နေလေသည်။

ခါတိုင်းလိုပင် အလုပ်မဆင်းတော့ပဲ အရက်သာ သောက်နေတော့သည်။

သူတစ်ယောက်အတွက် စားသောက်ဖို့ကတော့ ပူစရာ ရှိပေ။ တစ်ရွာလုံးရှိ ငါးပုဖွန် ရှာဖွေသူများက သူ့ဆီသို့ လာပေး င်း သားငါးနှင့် အရက်ပုလင်းများ ယူဆောင်လာကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စားသောက်၍ပင် မကုန်ပေ။

အစားအသောက်များအတွက်တော့ ယခင်က သမီးများက ချက်ပြုတ်ကျွေးမွေးသဖြင့် အဆင်ပြေသော်လည်း ယခု ချက်ပြုတ်ကျွေးမွေးမည့်သူ မရှိတော့သောအခါ တကူးတက ချက်ပြုတ်စားမနေတော့ပေ။

အရက်မူးနေသည့်အခါ ငါးပုဇွန်များကို အစိမ်းအတိုင်း ကိုက်စားချင် စားနေတတ်သည်။

တစ်ခါတစ်ရံ ငါးပုဇွန်များကို အရှင်အတိုင်း မီးပုံထဲ ပစ်ထည့်ပြီး အနည်းငယ် ပူနွေးရုံ ရှိသေးသည်၊ တဂျိုးဂျိုး တဂျွပ်ဂျွပ်နှင့် ကောက်ယူစားချင် စားနေသည်။ ငါးများမှာ မီးနှင့် ထိရုံသာ ထိပြီး ကောင်းစွာမကျက်သေးသောကြောင့် သွားဖြင့် ကိုက်လိုက်သည်နှင့် သွေးများပင် ထွက်လာတတ်သည်။

ထိုကဲ့သို့ သွေးစိမ်းရှင်ရှင် စားရသောက်ရသည်ကိုပင် ဦးတာတေမှာ သဘောကျနေလေသည်။

တစ်ခါတစ်ရံ နှင်းလှက ဟင်းကျွေးဟင်းရံ ကောင်းကောင်းများ ချက်သည့်အခါ အဖေ့အတွက် လာရောက်ပို့ပေးလေ့ရှိသည်။

ထိုကဲ့သို့ ကျကျနန ချက်လာသော ဟင်းများကို မြင်လျှင် ဦးတာတေမှာ သဘောမကျလှပေ။

"နှင်းလှ. . . ငါ့ဆီကို ဒီလိုကျက်အောင် ချက်ထားတဲ့ ဟင်းတွေ ယူမလာခဲ့နဲ့၊ ငါ မစားချင်ဘူး"

ထိုစကားကြားသောအခါ နှင်းလှပင် လန့်သွားလေ





သည်။

"ဘာဖြစ်လို့လဲ အဖေရယ်၊ အရင်ကလဲ ကျွန်မ ဒီအတိုင်းပဲ ချက်ကျွေးခဲ့တာပဲ"

"အရင်က စားခဲ့ပေမယ့် အခု မစားချင်တော့ဘူး၊ နောက်ဆိုရင် ငါ့ဆီကို ဟင်းချက်ပို့ရင် မကျက်တကျက်သာ ချက်ပို့"

ဟု ပြောသဖြင့် နှင်းလှမှာ စိတ်မချမ်းမသာဖြင့် ပြန်လာခဲ့ရလေသည်။

ဦးတာတေ၏စရိုက်မှာ ယခင်ကနှင့် မတူတော့သလို လူ၏ပုံပန်းသဏ္ဌာန်ပါလည်း ပြောင်းလဲသွားလေသည်။

ခေါင်းပေါ်မှ ရှည်လာသော ဆံပင်များကို မရိတ်ပဲ ထားသဖြင့် မျက်နှာပေါ်သို့ အုပ်ကျနေသည်။

အသားက မည်းရသည့်အပြင် အရေပြားများမှာ ကြမ်း၍ အက်ကွဲကြောင်းများ ထင်လာကာ ထိုအရေပြားများပေါ်မှာ မွေးရှည်အချို့ပင် ပေါက်လာချေပြီ။

နေ့စဉ်နှင့်အမျှ အရက်မူးအောင် သောက်နေသောကြောင့် မျက်လုံးနှစ်လုံးက ပြူးထွက်ကာ ရဲရဲနီနေသည်။

မျက်နှာမှာလည်း အဆီပြန်နေပြီး နှုတ်ခမ်းထူကြီးများရှိသော ပါးစပ်ကြီးက အရင်ကထက် ပိုပြဲလာသည်။

ပါးစပ်ပေါက်ထဲမှာ မည်းနက်နေသော သွားအချို့က ကျိုးတို့ကျဲတဲဖြစ်နေပြီး အစွယ်ကဲ့သို့ ချွန်ထက်သော သွားအချို့က အပြင်သို့ ငေါ်ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းရှည်ကြီးများကလည်း မလှီးမဖြတ်ပဲ ထားတာ ကြာပြီဖြစ်သဖြင့် ရှည်ထွက်ကာ ကော်ကွက်၍ပင် နေပေပြီ။

တစ်နေ့က ငါးရှာပြန်လာသူတစ်ယောက်က ဦးတာတေ ညွှန်ပြလိုက်သောနေရာမှာ သွားရောက်ရှာဖွေရာ ငါးအရများလာသောကြောင့် ငါးပိဿာခန့်အရွယ်ရှိသော ပင်လယ်ငါးခူကြီး တစ်ကောင်ကို လာပို့ပေးသွားလေသည်။

"ရော့ . . . အဘစားဖို့"

ထိုငါးကြီး ရသောအခါ ဦးတာတေက ဝမ်းသာအားရ ယူသွားလေသည်။ ငါးခူကြီးက မသေသေးသောကြောင့် ဆူးတောင်ဖြင့် ခတ်လိုက်ရာ လက်မှာ စူးသွားသည်။

ပင်လယ်ငါးခူမှာ အဆိပ်ပြင်းသော သတ္တဝါမျိုးဖြစ်ရာ စူးမိပါက တစ်ရေတက် တစ်ရေကျ (၁၂ နာရီကြာအောင်) အချိန်ကြာအောင် အဆိပ်ဒဏ်ခံရလေသည်။

ထိုသို့ အဆိပ်ဆူး စူးသောအခါ ဦးတာတေကတော့ ဘာမှမဖြစ်သလို ထိုဒဏ်ရာကို ပါးစပ်ဖြင့် စုပ်လိုက်ရာ အမည်းရောင်သွေးများ ပါလာသည်။

ထိုသွေးများကို ထွေးမပစ်ပဲ မြိုချလိုက်သည်။

ဒဏ်ရာကလည်း ချက်ချင်းဆိုသလို သွေးတိတ်သွားသည်။

ဦးတာတေသည် တဖျတ်ဖျတ် လူးလွန့်နေသော ပင်လယ်ငါးခူငါးကြီးကို မီးပုံထဲသို့ ပစ်ထည့်လိုက်ရာ တဝုန်းဝုန်းနှင့် ခုန်နေလေတော့သည်။





ဦးတာတေက သဘောကျစွာ ပြုံး၍ ထင်းချောင်းတစ်ချောင်းဖြင့် ဖိထားလိုက်ရာ အတန်ကြာတော့ ငြိမ်ကျသွားလေသည်။

ထိုသို့ ငြိမ်ကျသွားသည်နှင့် ချက်ချင်း ပြန်ဆွဲထုတ်လိုက်ပြီးနောက် ညှော်နံ့တထောင်းထောင်း ထ၍ မည်းနေသော ငါးအရေခွံများကို လက်သည်းချွန်များဖြင့် ကုတ်ခြစ်၍ ဆွဲခွာလိုက်သည်။

ငါးအသားများက မကျက်သေးသောကြောင့် သွေးစိမ်းများ ထွက်လာသည်။

ဦးတာတေကတော့ အေးတဲ့အချိန်အထိ မစောင့်တော့ပဲ အစိမ်းလိုက်သာသာ ရှိသေးသော ငါးအသားများကို ကိုက်ဖဲ့စားသောက်လေသည်။

ထိုသို့ စားသောက်ရာမှာ သွေးများက သူ့ပါးစပ်တစ်ဝိုက်မှာ ပေကျံနေတော့သည်။

ထိုအချိန်တွင် အလုပ်ဆင်းရန်အတွက် နေရာရွေးပေးရန်အတွက် မေးဖို့ရောက်လာသော လူနှစ်ယောက်မှာ ငါးတစ်ကောင်ကို အစိမ်းလိုက် ကိုက်စားနေသော ဦးတာတေကို မြင်ရသည်နှင့် မလာဝံ့တော့ပဲ ပြန်သွားကြရလေသည်။

လမ်းမှာ လူနှစ်ယောက်နှင့် တွေ့သောအခါ . . .

"မင်းတို့ တစ်ပွဲစားကြီးဆီမှာ နေရာမေးခဲ့ပြီလား"

ဟု လှမ်းမေးသည်။

"ငါတို့ရောက်သွားတော့ မီးဖိုနားမှာ ငါးအစိမ်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စားနေတာမြင်လို့ မသွားဝံ့တာနဲ့ ပြန်လှည့်လာတာဟ"

"ဒီလိုဖြင့် ဦးတာတေက သရဲတစ်ပိုင်း ဖြစ်နေတာ မဟုတ်တော့ပဲ သရဲလုံးလုံးများ ဖြစ်သွားပြီလား"

"ဒီအတိုင်းဆိုရင် ဖြစ်နေပြီနဲ့တူတယ်၊ မင်းတို့နှစ်ယောက်ကရော ဘယ်သွားကြမလို့လဲ"

"ငါတို့လဲ သူ့ဆီ သွားပြီး နေရာမေးကြမလို့ လာတာ"

"ကြည့်လဲ လုပ်ကြဦးနော်၊ ငါတို့တောင် သွားမမေးဝံ့လို့ ဒီအတိုင်း ပြန်လာကြတာ၊ တော်ကြာ ငါးကုန်သွားလို့ လူတွေကို ဒုက္ခပေးနေဦးမယ်"

ဟု ပြောသွားရာ ထိုလူနှစ်ယောက်မှာ ဆက်သွားရကောင်းနိုးနိုး၊ ပြန်လှည့်ရကောင်းနိုးနိုး ဖြစ်သွားကြလေသည်။

နောက်ပိုင်းရက်များမှာလည်း နှင်းလှုကသော်လည်းကောင်း၊ တစ်ခါတစ်ရံ နီမောင်ကသော်လည်းကောင်း၊ ထမင်းဟင်းများ သွားရောက်ပို့ပေးသည့်အခါ ဘာမှ မပြောတော့သော်လည်း ပို့ပေးသော ထမင်းဟင်းများကို ဝတ်ကြေတမ်းကြေမျှသာ စားသောက်သည်ကို တွေ့ကြရသည်။

ထိုအခြေအနေကို မြင်သောအခါ စိတ်မကောင်းလွန်းသဖြင့် နှင်းလှုက ငိုလေသည်။

"ကံဆိုးလိုက်တာ အဖေရယ်၊ လူစင်စစ်ဘဝကနေ ဘယ်လိုဘဝမျိုးကိုများ ရောက်သွားရတာလဲ"

"တိတ်ပါတော့ နှင်းလှုရယ်. . . မငိုပါနဲ့၊ အချိန်တန်တော့လည်း ဒီဝဋ်က ကျွတ်ချင် ကျွတ်သွားမှာပါ"





ဟု နီမောင်က ဖြောင်းဖျနှစ်သိမ့်ပေးရလေသည်။

တစ်ခါတစ်ရံလည်း နီမောင် ရောက်သွားသောအခါ စိတ်လိုလက်ရ စကားလက်ခံပြောသည်။

"မင်းဆီကို နှင်းမြတစ်ယောက် လာရဲ့လား"

"ဟုတ်ကဲ့. . . လာပါတယ် ဦးလေး"

"အခု သူ့မှာ ကလေးရတော့မယ် မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်၊ ဦးလေးက ဘယ်လိုသိတာလဲဟင်"

"ငါ့မှာ သိနိုင်တဲ့နည်းတွေ အများကြီးရှိလို့ သိတာပေါ့ကွာ"

"တကယ်တော့ နှင်းမြဘဝက အဲဒီကလေး မွေးပြီးရင် ဘဝပြောင်းရင် ပြောင်းရတော့မယ်ထင်တယ်"

"ဟင်. . . ဘယ်ဘဝပြောင်းမှာလဲဟင်၊ အခုလည်း သူသေပြီးလို့ နောက်တစ်ဘဝ ရောက်နေရတာ မဟုတ်လား"

"ဘဝဆိုတာ မကြာခဏ ပြောင်းကြရတာပဲ၊ ငါလည်း အခုသာ လူ့ဘဝမှာ ရှိနေပေမယ့် နောက်ဆိုရင် ဒီလို မြင်ချင်မှ မြင်ရမှာပေါ့"

ဦးတာတေက စကားလမ်းလွှဲသွားလေသည်။

"ကျွန်တော့်ကို ပြောပြစမ်းပါ ဦးလေး၊ နှင်းမြက ဘယ်လိုဘဝပြောင်းမှာလဲဟင်"

ထိုသို့ထပ်မေးမှ ဦးတာတေက မပြောချင်ပြောချင်နှင့် ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သူ့ကို အိမ်မှာ နေစေချင်လို့ တောထဲက သစ်ပင်ကိုတောင် ခုတ်ယူလာပြီး အိမ်တိုင် လုပ်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလို လုပ်ထားပေမယ့် သူက ဝိညာဉ်လောကဘဝ ရောက်နေတော့ အိမ်မှာ အမြဲနေလို့မရဘူး၊ ဒါကြောင့် မင်းဆီကို ညဘက်မှ လာနိုင်တာပေါ့"

"သူက ဘယ်နေရာမှာ နေတာလဲဟင်"

"သူနေတာက ဟိုးနေသူရိန် ကုန်းတန်းဘက်မှာ၊ ဒီကို ညတိုင်း ရောက်အောင်လာရလို့ သူ့မှာ အန္တရာယ်တွေ အများကြီး၊ အနှောင့်အယှက်တွေ အများကြီး တွေ့ရတယ်၊ ဒါကြောင့် အခုတော့ သူ့မှာ ရောဂါတစ်ခု ရနေတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ ယခုရက်ပိုင်းအတွင်း နှင်းမြကို ကြည့်ရသည်မှာ တစ်နေ့တစ်ခြား ပိန်လာသည်ကို အမှတ်ရလာသည်။

"ငါထင်တာတော့ သူဟာ ဒီကလေးမွေးပြီးတာနဲ့ ဘဝ ထပ်ပြောင်းရမယ်ထင်တယ်"

"နှင်းမြ အဲဒီလို မဖြစ်ရအောင် ဘယ်လိုလုပ်ရမလဲ ဦးလေး၊ အကူအညီပေးပါဦး ဦးလေးရယ်"

"နှင်းမြအတွက် ငါလည်း ဘာမှ လုပ်မပေးနိုင်တော့ဘူး၊ သူ့ရဲ့ကံတရားအတိုင်းပဲ ဖြစ်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူ့ကို





နှောင့်ယှက်နေတဲ့ သရဲက နေသူရိန် ကုန်းစောင့်သရဲဆိုတော့ ငါလဲ ဘာမှ မတတ်နိုင်တော့ဘူး"

"ဟင်. . . နေသူရိန် ကုန်းစောင့်သရဲ ဟုတ်လား"

"ဟုတ်တယ်. . . သူက နှစ်ပေါင်းနှစ်ရာကျော်လောက် ကတည်းက ရှိနေတဲ့ သရဲဆိုတော့ ငါတို့ထက် ကြီးတယ်၊ ဒါကြောင့် ဘာမှ မတတ်နိုင်ဘူး"

"သူက နှင်းမြကို ဘယ်လိုနှောင့်ယှက်တာလဲဟင်"

"နှင်းမြက မင်းရှိတဲ့ဆီကို လာတဲ့အခါ နေသူရိန် ကုန်းတန်းဘက်က ဖြတ်လာရတယ်၊ အဲဒီလို လာတုန်း မြင်ပြီး လိုက်ပြီး ခြောက်လှန့်တော့တာပဲ"

"နှင်းမြကလည်း ဝိညာဉ်ပဲ မဟုတ်လား၊ ပရလောကသား အချင်းချင်း အခုလို ခြောက်လှန့်လို့ ရသလားဟင်"

"ကမ္ဘာဇိတ္တိ တန်ခိုးများတဲ့ ဝိညာဉ်က နည်းတဲ့ဝိညာဉ်ကို ခြောက်လှန့်နှောင့်ယှက်လို့ရတယ်"

ဟု ပြောပြရာ နီမောင်မှာ များစွာစိတ်မချမ်းမသာ ဖြစ်ရလေသည်။

သူ့စိတ်ထဲမှာ နှင်းမြ လွယ်ထားရပြီဆိုသော ကိုယ်ဝန်အတွက်လည်း များစွာ စိုးရိမ်ပူပန်မှု ဖြစ်မိလေသည်။

နောက်တစ်ကြိမ် နှင်းမြနှင့် တွေ့သောအခါ ထိုအကြောင်းကို မေးကြည့်ရသည်။

"နှင်းမြ. . . နင် နေသူရိန်ကုန်းတန်းက သရဲခြောက်လို့ လန့်ပြီး ရောဂါရနေတယ်ဆို၊ အဲဒါကို ဘာကြောင့် ငါ့ကို မပြော



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

“နင့်ကို ဘယ်သူပြောသလဲ”

“ဦးလေးပြောလို့ သိရတာ”

“အဖေကလည်း ဘာကြောင့် ဒါတွေ ပြောရသလဲ မသိဘူး။ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့ဟာ၊ ဝိညာဉ်လောကဆိုတာ ဒီလိုပဲ၊ ကြီးတဲ့အကောင်က ငယ်တဲ့အကောင်ကို နှိပ်စက်တတ်တာပဲ၊ ငါက ပရလောက ရောက်နေတဲ့ ဝိညာဉ်ပဲ၊ သရဲခြောက်ခံရတာနဲ့တော့ ဘာမှ မဖြစ်နိုင်ပါဘူး”

ဟု အရေးမကြီးသောလေသံဖြင့် ပြန်ပြောလေသည်။

“နင် မကြောက်တာက အရေးမကြီးပါဘူး၊ တော်ကြာ လန့်ပြီး ကိုယ်ဝန်ပျက်ကျသွားတော့ ဘယ့်နှယ်လုပ်မလဲ”

“နီမောင်ကလည်း စိုးရိမ်တတ်လိုက်တာ လွန်ပါရော”

“မစိုးရိမ်ပဲ နေပါ့မလား၊ နင်လွယ်ထားရတဲ့ ကလေးက နင့်အတွက်ရော ငါ့အတွက်ပါ သားဦးလေး မဟုတ်လား၊ စိုးရိမ်ရတာပေါ့ နှင်းမြရယ်”

နောက်ပိုင်းရက်များမှာတော့ နှင်းမြတစ်ယောက် ပေါ်မလာတာ ရက်အတော်ကြာသွားလေပြီ။

ထိုသို့ ရောက်မလာသဖြင့် နီမောင်မှာ များစွာ စိတ်ပူပန်သောက ရောက်လာလေသည်။

“နှင်းမြတစ်ယောက် ငါ့ဆီကို ရောက်မလာတာ ရက်တောင် အတော်ကြာသွားပြီ၊ သူ နေမကောင်းများ ဖြစ်နေသလား၊ ဒါမှမဟုတ် တစ်ခုခုများ ဖြစ်နေရော့သလား၊ သူက





ဘည်း ဘယ်နေရာမှာ ရှိမှန်းမသိဘူး၊ တကယ်လို့ သိရင်လည်း ငါကိုယ်တိုင် လိုက်သွားချင်လိုက်တာ”

ဟု စိတ်ထဲ၌ တွေးတောပူပန်နေလေသည်။

ထိုရက်အတောအတွင်းမှာပင် ကုန်ဖိုးငွေများ စာရင်းရှင်းလင်းရန်နှင့် လိုအပ်သော ကုန်ပစ္စည်းများ ဝယ်ယူရန်အတွက် နီမောင်တစ်ယောက် ဗိုလ်တလေးမြို့ (ယခု ဘိုကလေး)သို့ လိုက်သွားရလေသည်။

ယခင်ကလည်း သွားခဲ့ဖူးရာ တစ်ခေါက်သွားလျှင် နှစ်ရက်သုံးရက် ကြာတတ်လေသည်။

နီမောင် မရှိသောရက်များတွင် နှင်းလှတစ်ရှဲ့လားဟင်၊ တည်း အိမ်မှာ အိပ်ရလေသည်။ ်ငမပြေရင်

ဒေါ်ကျင်မေက သူတို့အိမ်မှာ လာအိပ်ရန် ခေါ်သော်လည်း မအိပ်ပဲ သူတို့အိမ်မှာသာ အိပ်လေသည်။

နှင်းလှမှာ နီမောင်မရှိပဲ တစ်ယောက်တည်း အိပ်ရသောအခါ အနည်းငယ်တော့ စိုးရိမ်မှု ရှိလေသည်။

ယခင်ကတော့ သူ့အခန်း ကိုယ့်အခန်း အိပ်သည်ဆိုသော်လည်း နီမောင် ရှိနေမှန်း သိသောအခါ စိတ်ထဲမှာ လုံခြုံမှု ရှိလေသည်။

ယခုတော့ တစ်ခုခု ဟာနေသလို ခံစားရသည်။

စိတ်ထဲမှာလည်း သတိရနေသည်။

“အင်း. . . ငါကသာ သတိရနေတာပါ၊ အစ်ကိုကတော့ ငါ့ကို သတိတောင် ရမှာ မဟုတ်ပါဘူး၊ သူ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အစ်မနှင်းမြမှ နှင်းမြ ဖြစ်နေတော့ ငါ့ကို သတိရနိုင်မှာ မဟုတ်ပါဘူးလေ"

တစ်ယောက်ထဲ တွေးနေစဉ် ခွေးဟောင်သံများကို အရင်ကြားလိုက်ရသည်။

"အိမ်မှာ ငါတစ်ယောက်တည်း ကျန်နေပါတယ်ဆိုမှ ခွေးတွေကလည်း ဟောင်လိုက်တာ"

ဟု တွေးနေစဉ်မှာ အိမ်ပေါ်သို့ တက်လာသော ခြေသံကို ကြားရလေသည်။

နှင်းလှမှာ တစ်ယောက်တည်း မနေဖူးသဖြင့် ယခုကဲ့သို့ အက်တည်း နေရချိန်မှာ အိမ်ပေါ် တက်လာသောခြေသံ လန့်ပြီးပြန်သဖြင့် ပို၍ထိတ်လန့်မှု ဖြစ်မိလေသည်။

ထိုအခိုက်မှာပင် အခန်းပေါက်ဝမှာ မည်းမည်းအရိပ် သဏ္ဌာန်တစ်ခု လာရပ်လေသည်။

"ဘယ်. . . ဘယ်သူလဲဟင်"

"နှင်းလှ"

"ဟင်. . . မမနှင်းမြလားဟင်"

"ဟုတ်ပါတယ်"

ဒီတော့မှ နှင်းလှမှာ ကြောက်ရွံ့စိတ် ပြေလျော့သွားလေသည်။

နှင်းမြက အခန်းထဲ ဝင်လာပြီး မလှမ်းမကမ်းမှာ ထိုင်သည်။

"မမနှင်းမြ အခုရက်အတွင်း ဘာကြောင့် မလာတာလဲ





ဟင်"

"ငါ. . . နေမကောင်းဘူး၊ ဒါကြောင့် မလာနိုင်တာပါ၊ ကိုနီမောင်ရော ဘယ်သွားသလဲဟင်"

"အစ်ကို မြို့တက်သွားတယ်၊ တစ်ရက်နှစ်ရက် ကြာမယ်လို့ ပြောသွားတယ်၊ အစ်ကိုက အစ်မ ရောက်လာလို့ အတော်ကလေး စိတ်ပူနေရှာတာ"

"ငါလည်း လာချင်တာပေါ့ဟယ်၊ ဒါပေမယ့် လိုက်ပို့ပေးမယ့်လူ ရှိမှ လာရတာဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးပေါ့"

"ဒါထက် အစ်မ ဟိုမှာနေရတာ အဆင်ပြေရဲ့လားဟင်၊ အခုလောက် အချိန်ကြာနေမှပဲ ဟိုမှာနေရတာ အဆင်မပြေရင် ဒီမှာပဲ အတူတူ လာနေပါလားဟင်"

"အခုလောလောဆယ်တော့ နင်နဲ့ ကိုနီမောင်နဲ့က အများသိတဲ့ လင်မယားဘဝ ရောက်နေပြီဆိုတော့ အခုချက်ချင်းတော့ ပြန်လာလို့ မဖြစ်သေးပါဘူး၊ ညီမလေးရယ်"

"အစ်မတို့ ဘဝကလည်း နီးရက်နဲ့ ဝေးနေရသလိုပဲနော်"

"ဒါကတော့ ဘဝကံ အကျိုးပေးပေါ့ ညီမလေးရယ်၊ အခု ကိုနီမောင် မရှိတုန်း နင့်ကို ပြောရဦးမယ်"

"ဘာပြောမှာလဲဟင်"

"တကယ်လို့ ငါများ တစ်ခုခု ဖြစ်သွားရင် နင့်ဗိုက်လေးကို သားအရင်းလို သဘောထားပြီး မွေးပေးပါဟယ်၊ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုနီမောင်နဲ့လည်း တစ်သက်လုံး အတူတူ နေသွားပေးပါနော်”

ထိုစကား ကြားသောအခါ နှင်းလှမှာ စိတ်မကောင်း ဖြစ်သွားလေသည်။

“အစ်မကလည်း . . ဘာတွေ ပြောနေတာလဲ၊ တစ်နေ့ကျရင် အစ်မနဲ့ ကိုနီမောင်နဲ့က လူသိရှင်ကြား အတူတူနေခွင့် ရမှာပါ။ အမေကလည်း ကလေးတစ်ယောက် ရရင် ပြန်ခေါ်မယ်လို့ ပြောထားတယ် မဟုတ်လား”

“ဒါတော့ ဒါပေါ့ နှင်းလှရယ်၊ ဒါပေမယ့် ငါ ဒီရွာကို ပြန်မလာချင်တော့ဘူး၊ နင့်အနေနဲ့ ငါတို့ရဲ့အကြောင်းတွေကိုသာ ကိုနီမောင်နဲ့ သူ့မိဘတွေ မသိအောင် လျှို့ဝှက်ထားပေးပါ”

“စိတ်ချပါ အစ်မရယ်၊ ဘယ်သူမှ မသိစေရပါဘူး”

ဟု ပြောဆိုပြီး နှင်းမြမှာ အိမ်ပေါ်မှ ပြန်ဆင်းသွားလေတော့သည်။ နှင်းလှခမျာမှာသာ ကံမကောင်းခဲ့သော အစ်မဖြစ်သူအတွက် စိတ်မကောင်းဖြစ်ကာ မျက်ရည်ကလေး အဝိုင်းသားဖြင့် ကျန်ရစ်ခဲ့လေသည်။





အခန်း [ ၁၁ ]

## တစ်ပွဲစားနှင့် ဗိန္ဓာတို့၏ရန်စွယ်

တစ်နေ့သ၌ ဦးတာတေ ရှိရာသို့ ငါးဖမ်းသမားနှစ်ယောက် ရောက်လာကြသည်။

၎င်းတို့ လက်ထဲမှာလည်း အမဲသားတစ်တွဲဖြင့် အရက်တစ်ပုလင်း ပါလာလေသည်။

“ဒီမှာ အဘစားဖို့ အမဲသားနဲ့ သောက်ဖို့ အရက်ပုလင်း ယူလာပါတယ်”

ဟု ပြောကာ ဦးတာတေရှေ့သို့ ချပေးသည်။

“ကောင်းတာပေါ့ကွာ. . အမဲသား မစားရတာ အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ၊ ငါးတွေချည်း စားရတာလည်း ငြီးငွေ့လှပြီ"

ဟု ပြောကာ ရှေ့တွင် ချထားသော အမဲသားတွဲကို ချက်ချင်းလှမ်းကြည့်သည်။

"မင်းတို့ ဘာကိစ္စရှိကြလို့လဲ"

"အဘကို ပြောစရာရှိလို့ လာကြတာပါ"

"ဘာပြောမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ လမုချောင်းကို ချောင်းသွားပိတ်တာ နှစ်ခါသုံးခါ ရှိပြီ၊ ငါးတစ်ကောင်မှ မရဘူး ဖြစ်နေတယ်"

"မင်းတို့ တင်မြှောက်တာများ မှားနေလို့လား"

"မမှားပါဘူး. . . ထုံးစံအတိုင်း တင်မြှောက်တာပါပဲ"

"ဒါဖြင့် ငါပြောတဲ့အတိုင်းရော ကျွေးမွေးရဲ့လား"

"ကျွေးပါတယ်"

"ဒါဖြင့် ဘာအနှောင့်အယှက် ရှိနေလို့လဲကွ"

"ကျုပ်တို့လည်း မသိဘူး အဘ၊ တဆိတ်လောက် လိုက်ကြည့်ပေးပါဦး"

"အေး. . . ကြည့်ဆိုတော့လည်း လိုက်ကြည့်ပေးရတာပေါ့၊ ဒါပေမယ့် ငါ ဘာမှ မစားရသေးဘူး၊ အဲဒီအမဲသားကို အမြန်ချက်ကွာ၊ တစ်ပွက်နှစ်ပွက်နေရင် အိုးကို ပြန်ချလာခဲ့၊ အရက်နဲ့ မြည်းရမယ်"

ဟု ပြောသဖြင့် အမဲသား ယူလာသူများက အိုးတစ်လုံးနှင့် အမဲသားများကို အလျှင်အမြန် ချက်ကြသည်။





ဦးတာတေက အရက်သောက်ရင်း စောင့်သည်။

မီးဖိုပေါ်မှာ တည်ထားသောအိုးမှာ ရေဆူရုံ ရှိသေးသည်။ ခွင်ပေါ်မှ ပြန်ချခိုင်းပြီး ပူပူလောင်လောင်ပင် နှိုက်စားလေတော့သည်။

အမဲသားများမှာ မကျက်သေးသောကြောင့် သွေးများပင် ထွက်လာသဖြင့် ကျန်နှစ်ယောက်မှာ မစားဝံ့ကြပေ။

အမဲသားစားလိုက်၊ အရက်သောက်လိုက်နှင့် နောက်ဆုံး အမဲသားတစ်အိုးလုံး တစ်ယောက်တည်း ထိုင်စားပြီး တက်တက်ပြောင်သွားတော့မှ နေရာမှ ထသည်။

အချိန်ကလည်း နေဝင်ရီတရောအချိန် ရောက်နေပြီ၊

"ကိုင်း. . . သွားကြရအောင်"

ဟု ပြောကာ သုံးယောက်သား ကမ်းစပ်သို့ ဆင်းကာ ငှင်းတို့လှေနှင့်ပင် လမုချောင်း ရှိရာဘက်သို့ လှေတတ်ခဲ့ကြသည်။

လမုချောင်း ရှိသောနေရာမှာ ထော်ပိုင်ချောင်းဝမှ ထွက်ပြီး အောက်ဖက်သို့ အနည်းငယ် စုန်ဆင်းသွားရသေး၏။

ထိုနေရာတစ်ဝိုက်မှာ လမုတောများ အုံ့ဆိုင်းနေပြီး ချောင်းဝကိုပင် ရုတ်တရက် မမြင်နိုင်ပေ။

ကမ်းစပ်တစ်ဝိုက်မှာလည်း ဖျူးခြေထောက်ပင်များက အုံ့ဆိုင်းနေလေသည်။

ချောင်းမှာ အတော်ကလေး ကျယ်ပြီး အတွင်း၌ ရေကချောင်းတစ်ဝက်ခန့် ရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းအတွင်းပိုင်းမှာလည်း အလင်းရောင်က ပိုးတဝါး သာ ရှိလေသည်။

ချောင်းဝရောက်တော့ လှေကို ကမ်းစပ်မှာ ဆိုက်ပြီး အခြေအနေကို အကဲခတ်ကြည့်သည်။

ချောင်းအတွင်းပိုင်း လှေသုံးလေးပြန်လောက် ဝင်ရသည့်နေရာလောက်တွင် ချောင်းအတွင်း အလယ်လောက်အထိ ကိုင်းကျနေသော လမုပင်ကြီးတစ်ပင် ရှိနေသည်။

လမုကိုင်းများက ရေထဲအထိ ရောက်နေသည်။

ထိုလမုပင်ကြီးကို မြင်သောအခါ ဦးတာတေက. . .

"အော်. . . လက်စသတ်တော့ ဟိုဘက်ရွာက ပိုးထိလို့ သေသွားတဲ့ နက်ကျော်က သရဲဖြစ်ပြီး ဒီအပင် ရောက်နေတာကိုး၊ ဒီကောင် ဒီနေရာရောက်တာ သိပ်မကြာသေးဘူး၊ ဒါကြောင့် ဒီချောင်းထဲမှာ အလုပ်လုပ်တဲ့လူတွေကို အနှောင့်အယှက် ပေးနေတာ၊ ငါ သွားပြီးဆုံးမလိုက်ပါ့မယ်၊ မင်းတို့ ဒီနေရာကပဲ စောင့်နေကြ"

ဟု ပြောဆိုကာ လှေပေါ်မှ ဆင်း၍ လတာပြင်ပေါ်သို့ တစ်ယောက်တည်း တက်သွားလေသည်။

သစ်တောရိပ်များကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေသောကြောင့် ဦးတာတေ၏ခြေသံကိုသာ ကြားလိုက်ရပြီး လူကိုတော့ မမြင်ရပေ။

အတန်ကြာသောအခါ လမုပင် ရှိရာဘက်မှ ဆူဆူညံညံ အသံများ ထွက်ပေါ်လာသည်။





အသံများမှာ တစ်ယောက်နှင့်တစ်ယောက် ဒေါသတကြီး အော်ဟစ်ပြောဆိုနေသံများကဲ့သို့ ဆူးဆူးဝါးဝါးနှင့် မသဲကွဲလှသော အသံများဖြစ်သည်။

ခဏကြာတော့ လမုပင်ပေါ်မှာ လုံးထွေးသတ်ပုတ်နေသောအသံများ၊ လမုကိုင်းများ ကျိုးသံပွဲသံများနှင့်အတူ လမုပင်တစ်ပင်လုံး သိမ့်သိမ့်တုန်နေသည်ကို လှမ်းမြင်ကြရသည်။ ဆူဆူညံညံအသံများ ကြားရပြီး လမုပင်ကြီးတစ်ပင်လုံး သိမ့်သိမ့်တုန်အောင် လှုပ်ခါယမ်းနေသည်ကို လှမ်းမြင်ရသောအခါ လှေထဲမှ စောင့်နေသော လူနှစ်ယောက်မှာ များစွာကြောက်ရွံ့လျက်ရှိကြပြီး အခြေအနေ မဟန်ပါက ထိုနေရာမှ အမြန်ဆုံး ထွက်ပြေးကြရန်လည်း လှေကို အဆင်သင့် ပြင်ထားကြသည်။

လမုကိုင်းများ ကျိုးပွဲသံနှင့်အတူ ရေထဲသို့ မျောပါလာသော လမုကိုင်း၊ လမုရွက်အချို့ကိုလည်း အတိုင်းသား မြင်နေကြရသည်။

အတန်ကြာအောင်ပင် လမုပင်ပေါ်မှာ လုံးထွေး သတ်ပုတ်နေကြပြီးနောက် ရေထဲသို့ ဝုန်းခနဲ ပြုတ်ကျသွားသည်ကို ကြားလိုက်ရသည်။

ရေထဲ ရောက်ပြန်တော့လည်း လုံးထွေးသတ်ပုတ်သံ၊ ထိုးကြိတ်ဓာန်ကျောက်သံ၊ မခိုမဆန့် အော်ဟစ်သံ၊ ငြီးငြူသံများကို လှေထဲမှာ ကျန်နေသော လူနှစ်ယောက်က အတိုင်းသား ကြားနေကြသည်။

သူတို့နှစ်ယောက်သည် တွေ့မြင်ကာစက များစွာထိတ်



www.burmeseclassic.com

www.burmeseclassic.com



လန့်ကြောက်ရွံ့ကြသော်လည်း အနည်းငယ် အချိန်ကြာလာသောအခါ ထိုနေရာသို့ လှမ်းကြည့်ဝံ့ကြသည်။

ထိုသို့ ကြည့်သောအခါ လမုပင်အောက် ရေထဲမှာ လုံးထွေးသတ်ပုတ်ထိုးကြိတ်နေသော မည်းမည်းသဏ္ဍာန်နှစ်ခုကို မသဲမကွဲ လှမ်းမြင်ရသည်။

မည်းမည်းသဏ္ဍာန် တစ်ယောက်ကတော့ ဦးတာတေ ဖြစ်ဟန်ရှိပြီး ကျန်တစ်ယောက်ကတော့ ဘာမှန်းမသိရပေ။

အတန်ကြာသောအခါ ဗူးဗူးဝါးဝါးအော်သံကြီးကို ကြားလိုက်ရပြီး ကမ်းပေါ်သို့ တက်ပြေးသွားသော မည်းမည်းသဏ္ဍာန်ကို လှမ်းမြင်လိုက်ကြရသည်။

ထို မည်းမည်းသဏ္ဍာန်ကြီး တက်ပြေးသွားသောကြောင့် သစ်ပင်များ ဖရိုဖရဲနှင့် အလဲလဲအပြိုပြို ဖြစ်ကျန်ခဲ့သည်ကိုပါ တွေ့လိုက်ရသည်။

အတန်ကြာသောအခါ လတာပြင်ပေါ်မှ နင်းလျှောက်လာသော တစွပ်စွပ်နှင့် အသံကြားရပြီး ဦးတာတေ ပြန်ရောက်လာသည်။

သူ့တစ်ကိုယ်လုံးမှာ ရေများ စိုရွှဲနေလေသည်။

ထိုမျှသာ မကသေးပဲ မောဟိုက်ပင်ပန်းလွန်းနေဟန်ဖြင့် ဟောဟဲ ဟောဟဲ ဖြစ်နေသည်။

သူသည် လှေပေါ် ရောက်သောအခါ အသင့်ပါလာသော အရက်ပုလင်းကို ဖွင့်၍ တဂွပ်ဂွပ်နှင့် မော့သောက်လိုက်သည်။





"ဘယ်လိုလဲ အဘ"

"နက်ကျော်ဆိုတဲ့အကောင် အတော်ကြမ်းတယ်၊ တော်တော်ကို ဆော်လိုက်ရတယ်၊ အခုတော့ ထွက်ပြေးသွားပါပြီ၊ ဘယ်နှယ်. . . ငါ့ပိုင်နက်ထဲ လာပြီး ဒီလိုလုပ်လို့တော့ ရမတဲ့လား၊ တာတေရဲ့အကြောင်းကို ကောင်းကောင်းသိစေရမယ်"

ဟု မောသံကြီးဖြင့် ပြောလေသည်။

ထိုညက လမုချောင်းကို ထိမ်းပိတ်ရာ ငါးပုဇွန်များ လှေဝမ်းပြည့်လု ရကြလေသည်။

နောက်တစ်ကြိမ် အဖြစ်အပျက်တစ်ခုကတော့ ပိုမိုကြောက်စရာ ကောင်းလေသည်။

နွေရာသီ ရောက်လာပြီ ဖြစ်သဖြင့် ရေငန်အရပ်ဒေသတွင် နေထိုင်ကြသောအရပ်များမှာ သောက်ရေအခက်အခဲ ရှိကြလေသည်။

ရေတွင်းတူး၍ သုံးသော်လည်း ရေက မငန်ပေမယ့် ရေချိုစစ်စစ် မဟုတ်သဖြင့် သောက်ရေအတွက် အသုံးချ၍ မရပေ။

ရှေးကတော့ နေသူရိန် ကုန်းတန်းဘက်မှာ ရေချို ရသော သောက်ရေကန် ရေတွင်းများ ရှိခဲ့သည်။ သို့သော်လည်း ကာလကြာမြင့်စွာ ဒီအတိုင်း ပစ်ထားရသောကြောင့် သစ်ရွက်များ ကျ၍ ပုတ်ဆွေးလျက်ရှိတာ ပျက်စီးနေချေပြီ။

သို့ကြောင့်. . .

သောက်ရေရဖို့ စက်စုရွာ၊ စက်ဆန်းရွာအထိ သွား



www.burmeseclassic.com

www.burmeseclassic.com



ရောက် ခပ်ယူကြရသည်။

ရေခပ်ရသောအလုပ်မှာ တကူးတက သွားရလာရသောအလုပ်ဖြစ်သောကြောင့် အချို့က မလုပ်ချင်ကြပေ။

အဝေးမသွားချင်သဖြင့် အချို့လည်း မသွားနိုင်သဖြင့် ရှိသည့်ရေကိုပင် ဖြစ်တဲ့နည်းနှင့် သောက်ကြလေသည်။

သို့အတွက်ကြောင့် နွေရာသီ နေပြင်းချိန်ရောက်၍ သောက်ရေပြတ်သောအချိန်များတွင် ရေငန်အရပ်တွင် နေကြသော ရွာအတော်များများမှာ တစ်ရွာမဟုတ် တစ်ရွာဆိုသလို ဝမ်းရောဂါများ ဖြစ်ပွားလေ့ရှိသည်။

ထိုသို့ ဖြစ်လျှင်လည်း အနည်းနှင့်အများဆိုသလို လူ အသေအပျောက်ကတော့ ရှိလေသည်။

တစ်နေ့တော့ ဦးတာတေတစ်ယောက် ဦးဘရှိန်တို့အိမ်သို့ ရောက်လာလေသည်။

သူသည် နီမောင်နှင့် နှင်းလှတို့ကို လက်ထပ်ပေးထားသော်လည်း အလာအသွား မရှိသလောက် နည်းသူဖြစ်သည်။ ယခင်ကမူ တစ်ခါတစ်ရံ လာသော်လည်း ယခုနောက်ပိုင်းမှာ သူ့အခြေအနေနှင့်သူ မလာတော့ပေ။

ဦးဘရှိန်နှင့် နီမောင်တို့က မမျှော်လင့်ပဲ ဦးတာတေ ရောက်လာသဖြင့် အံ့သြသွားကြသလို စိတ်ထဲမှာလည်း လန့်သွားမိသည်။

"ဘာ. . . ဘာကိစ္စရှိလို့လဲ ဦးတာတေ"

"ပြောစရာရှိလို့ လာတာပါ"





ဦးတာတေက ခပ်တိုတိုပင် ပြောသည်။

"ဘာများပါလိမ့်"

"အခု ကုန်းတန်းရွာဘက်မှာ ဝမ်းရောဂါတွေ ဖြစ်နေတာကို ကြားမိမှာပေါ့"

"ဟိုတစ်နေ့က ငါးလာပို့တဲ့လူတစ်ယောက် ပြောလို့ ကြားတော့ကြားတယ်. . . အတော်များသတဲ့လား"

"လူ အသေအပျောက် အတော်များတယ်၊ ဝမ်းရောဂါဖြစ်လို့ သေတာထက် ရွာထဲကို သရဲသဘက် မကောင်းဆိုးဝါးတွေ ဝင်ပြီးနှိပ်စက်လို့ သေကြရတာ"

"ဟင်. . ."

"အခု ကျုပ်လာတာ အဲဒါ ပြောချင်လို့ပဲ၊ ဟိုဘက်ရွာပြီးရင် ဒီဘက်ရွာ ရောက်လာလိမ့်မယ်၊ မကောင်းဆိုးဝါးတွေက ဒီဘက်ရွာကို ကူးလာကြလိမ့်မယ်"

"ဒီ. . . ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"ကိုယ့်အိမ်ထဲကို မကောင်းဆိုးဝါးတွေ မဝင်နိုင်အောင် အကာအကွယ်တွေ ကြိုပြီး လုပ်ထားကြပေါ့၊ ရွာထဲ မဝင်နိုင်အောင်တော့ ကျုပ်တားကြည့်မယ်၊ ရရင်တော့လည်း ပြီးတာပေါ့၊ မနိုင်လို့ ရွာထဲ ဝင်လာရင် ကိုယ့်အိမ်ထဲ မဝင်နိုင်အောင် ကြိုပြီး လုပ်ထားကြ"

"ဘယ်လိုလုပ်ရမလဲဟင်"

"ခင်ဗျားတို့ လုပ်နေကျအတိုင်း ပရိတ်ရေ ပရိတ်ကြိုးတွေဘာတွေနဲ့ တားထားပေါ့၊ နောက်ပြီး အခု တစ်နှစ် နှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်း နေဝင်ချိန် ရောက်တာနဲ့ ကလေးတွေရော လူကြီးတွေပါ အိမ်အပြင်ကို ဘယ်သူမှ မထွက်ကြပါစေနဲ့၊ အလုပ်ဆင်းမယ့်လူ တွေကိုလည်း တစ်ခါတည်း မှာထားပါ"

"ကောင်းပါပြီ"

"နောက်ပြီး သရဲတစ္ဆေ မကြောက်တတ်တဲ့ သတ္တိ ကောင်းတဲ့ လူသုံးယောက်လောက်လည်း လိုချင်တယ်"

"ဘာအတွက်လဲ"

"ကျုပ်နဲ့အတူ အကူရအောင်လို့ပါ"

ထိုအခါ နီမောင်က. . .

"ဒီအတွက် ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော်ရယ် စောထီး ရယ် ငမဲအောင်ရယ် လိုက်ခဲ့ပါ့မယ်"

ဟု ဝင်ပြောလိုက်သည်။

"ဟဲ့. . .နီမောင်၊ မင်းလိုက်လို့ ဖြစ်ပါ့မလား"

ဒေါ်ကျင်မေက သားအတွက် စိတ်မချသဖြင့် ဝင်ဟန့် လိုက်သည်။

"ရပါတယ် အမေရဲ့၊ ဘာမှ စိတ်မပူပါနဲ့"

"ကျုပ်အထင်တော့ ဒီနှစ်ရက်သုံးရက်အတွင်း ရောက် လာကြမယ်ထင်တယ်၊ အဆင်သင့်သာ ပြင်ထားကြပါ"

ဟု ပြောဆိုကာ ပြန်သွားလေတော့သည်။

ထိုအခါ ဦးဘရှိန်လည်း ရွာသူရွာသားများကို ခေါ်၍ အကျိုးအကြောင်း ပြောပြသည်။

ပြီးတာနှင့် တစ်ဆက်တည်း မျောက်တစ်ရာကျောင်းမှာ





သီတင်းသုံးနေသော ဘုန်းကြီးကို သွားပင့်၍ ပရိတ်ရွတ်ရန် ပြင်ဆင်လေသည်။

မျောက်တစ်ရာကျောင်းမှာ မိန်းမလှကျွန်းပေါ်၌ ရှိသော မျောက်တစ်ရာဘုရားအနီး၌ ရှိပြီး ထိုကျောင်း၌ သီတင်းသုံး နေထိုင်ကာ တရားအားထုတ်နေသော ဘုန်းကြီးတစ်ပါး ရှိသည်။

ထိုအနီးတစ်ဝိုက်ကတော့ 'မျောက်တစ်ရာ' ဘုန်းကြီးဟု သာ ခေါ်ကြလေသည်။

မျောက်တစ်ရာဘုရား ရှိသောနေရာမှာ ထော်ပိုင် ချောင်းဝနှင့် တည့်တည့် ဖောင်ဝင်မြစ် တစ်ဖက်ကမ်း၌ ရှိလေ သည်။

ဦးဘရှိန်ကပင် ဦးဆောင်၍ မျောက်တစ်ရာဘုန်းကြီးကို သွားပင့်လာပြီး ပရိတ်ရွတ်ခြင်း ကမ္မဝါစာဖတ်ခြင်းများ ပြုလုပ် လေသည်။

ထိုအတောအတွင်း ကုန်းတန်းရွာဘက်မှ လူအချို့ ထော်ပိုင်ရွာဘက်သို့ ရွှေ့ပြောင်းလာကြသည်။

အခြေအနေကို မေးမြန်းကြည့်ရာ ဝမ်းရောဂါကြောင့် လူအသေအပျောက် အတော်ပင် များရာ တစ်ရွာလုံး ကုန်သ လောက် ဖြစ်နေ၍ ပြေးလာရကြောင်း ပြောပြကြသည်။

ထိုသတင်း ကြားသောအခါ ထော်ပိုင်ရွာသူရွာသားများ မှာ ပိုမိုကြောက်ရွံ့ကြလေသည်။

သို့ကြောင့် အလုပ်ဆင်းမည့်သူများပင် အလုပ်မဆင်းဝံ့ ကြတော့ပဲ မိမိတို့အိမ်များ လုံခြုံအောင် ပရိတ်ကြိုးများဖြင့် တား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ပရိုတ်ရေများဖြင့် တားခြင်း၊ ပရိုတ်ပန်းများဖြင့် ချည်ခြင်းများ ပြုလုပ်ကြသည်။

ညနေပိုင်း နေဝင်ချိန်ရောက်သည်နှင့် ဘယ်သူမှ အပြင်သို့ မထွက်ဝံ့ကြတော့ပဲ မိမိတို့ ကလေးများ အိမ်သူအိမ်သားများကို ခေါ်ကာ အိမ်ထဲ ဝင်နေကြသည်။

ထိုရက်များက ထော်ပိုင်ရွာကလေးမှာ နေဝင်ချိန်ရောက်သည်နှင့် ရွာလမ်းပေါ်မှာ လူသွားလူလာ တစ်ယောက်မှ မရှိတော့ပေ။

နေဝင်သွားသည်နှင့် မိမိတို့ အိမ်များထဲမှာ မီးရောင်သတ်၍ ငြိမ်ကုတ်နေကြရာ တစ်ရွာလုံး လူမရှိတော့သလို တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

လူကြီးများက ခြောက်လှန့်ထားသောကြောင့် ကလေးများမှာလည်း ငိုသံကြားဖို့ နေနေသာသာ အသံပင် မထွက်ဝံ့ကြပဲ အိပ်ကြရသည်။

ယုတ်စွအဆုံး မိမိတို့အိမ်မှာ မွေးထားသော ခွေးများကိုပင် အစာကျွေးမွေးကာ မာန်မဲထားသောကြောင့် ခွေးဟောင်သံပင် မကြားရချေ။

နှစ်ရက်မြောက်သောနေ့တွင် ဦးတာတေ ရောက်လာပြန်သည်။ သူ့လက်ထဲမှာ လေးတောင်ခန့် ရှည်သော ဝါးရင်းတုတ်တစ်ချောင်း ပါလာသည်။

"လာဟေ့ . . . သွားကြရအောင်"

နီမောင်တို့ သုံးယောက်ကလည်း ဦးတာတေ လာခေါ်





သည်နှင့် အဆင်သင့် လိုက်နိုင်အောင် ပြင်ဆင်ထားကြသောကြောင့် လိုအပ်သော ပစ္စည်းအချို့ကို ယူကာ လိုက်ခဲ့ကြသည်။

"မင်းတို့သုံးယောက် ကြောက်တတ်သလား"

"မကြောက်တတ်ပါဘူး"

"သရဲတစ္ဆေ ရှိတယ်ဆိုတာရော သိရဲ့လား"

"သိပါတယ်"

"လူတွေက မမြင်ရလို့သာ မကြောက်ကြတာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ သွားလာနေတဲ့ သရဲတစ္ဆေဆိုတာ ရေတွက်လို့တောင် မရဘူး"

"ဒါထက် ကျွန်တော်တို့က ဘယ်သွားကြမှာလဲ"

"ရွာထိပ်ဘက်ကို သွားကြမယ်၊ မိစ္ဆာတွေက ဟိုဘက်ရွာမှာ ဖျက်ဆီးခဲ့ပြီးလို့ ဒီဘက်ရွာကို လာတော့မယ်"

"ဦးလေးက ဘယ်လိုသိတာလဲဟင်"

"ငါလည်း သိနိုင်တဲ့နည်း ရှိလို့ပေါ့ကွာ"

"ဒါထက် ဟိုဘက်ရွာကို ဖျက်ဆီးခဲ့တဲ့ သရဲတစ္ဆေတွေက ဘယ်လောက်များလဲဟင်"

"အတော်များတယ် . . . သူတို့တင် မကဘူး၊ သေသွားလို့ သရဲဘဝ ရောက်သွားတဲ့သူတွေကိုပါ အဖော်ခေါ် လာဦးမှာ"

"ဒီလောက်များတဲ့ သရဲတစ္ဆေတွေကို ဦးလေးတစ်ယောက်တည်းနဲ့ နိုင်ပါ့မလား၊ ကျွန်တော်တို့က ဘာမှ မမြင်ရတော့ ဘယ်လိုမှ ဝိုင်းကူပေးလို့ မရဘူး"

"နိုင်ပါတယ် . . . မိုးဦးကျမှာ သင်ပေါင်းဖားတွေ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသလိုပေါ့၊ သူတို့က ငါ့ကို ဘာမှ မလုပ်နိုင်ဘူး၊ ငါက နိုင်အောင် ရိုက်နိုင်ဖို့သာ အရေးကြီးတယ်၊ မင်းတို့က ငါပြောတဲ့အတိုင်းသာ လုပ်ကြ"

ဟု ပြောဆိုကာ ရွာအဝင်ထိပ်ဘက်သို့ သွားကြလေသည်။

တစ်ရွာလုံးကတော့ နီမောင်တို့နှင့် ဦးတာတေကြီး ထွက်သွားကတည်းက မကြာခင် သရဲတစ္ဆေများ ရောက်လာတော့မည်ကို ရိပ်မိသဖြင့် ကိုယ့်မိသားစုများကို အိမ်ထဲသို့ ခေါ်ကာ တံခါးအလုံပိတ်ကာ ငြိမ်ကုတ်နေကြသည်။

အချို့တဲအိမ်များမှာ တံခါးမရှိသောကြောင့် စပါးလှမ်းသည့်ဖျာ၊ ပုဆွန်ခြောက်လှမ်းသည့် ကျူဖျာများဖြင့် လုံခြုံအောင် ကာရံထားကြသည်။

အချိန်က ညနေပိုင်းအချိန် ရောက်လာပြီ။

နေရောင်ခြည် ရှိနေသော်လည်း သစ်ပင်များနောက်သို့ ကွယ်သွားပြီ ဖြစ်သောကြောင့် မှောင်စပျိုးလာချေပြီ။

ရွာအဝင် လမ်းဝတစ်ပိုက်မှာ လူနေအိမ် မရှိတော့ပဲ မနီတောနှင့် သစ်တောများသာ ရှိတော့သည်။

ထိုနေရာသို့ ရောက်သောအခါ ဦးတာတေက လက်မောင်းလုံးအရွယ်ခန့် ကနစိုချောင်းသားများကို သုံးတောင် လေးတောင်ခန့်စီ ဖြတ်၍ ပုံထားခိုင်းသဖြင့် သုံးယောက်သား တက်ညီလက်ညီ လုပ်ကြရာ တစ်နာရီခန့်အတွင်းမှာပင် အတော်များများ ရကြသည်။





အတန်ကြာသောအခါ ဦးတာတေက အသင့်ယူလာသော အရက်ပုလင်းကို ဖွင့်၍ မော့သောက်နေရင်း နားစွင့်နေသည်။ ထိုသို့ နားစွင့်နေရင်း မှောင်ရီပျိုးစအချိန် ရောက်သောအခါ တောထဲမှ လူသံများလို ဆူဆူညံညံအသံများကို မသဲမကွဲ ကြားကြရသည်။

ထိုအသံများ ကြားသောအခါ ဦးတာတေက သောက်လက်စ အရက်ပုလင်းကို ပြန်ချ၍ ဝါးရင်းတုတ်ကြီးကို ကောက်ကိုင်ကာ နေရာမှ ထရပ်လိုက်သည်။

"လာကြပြီ. . . ငါ သွားတော့မယ်၊ ငါက 'တုတ်ပေး' လို့ လှမ်းအော်ရင် အသံကြားတဲ့နေရာကိုသာ လှမ်းပစ်ပေးလိုက်၊ ကြားလား"

"ဟုတ်. . . ဟုတ်ကဲ့"

မကြောက်ပါဟုသာ ပြောလိုက်သော်လည်း တကယ်တမ်း လာနေပြီ ဆိုသောအခါ စိတ်ထဲမှာ စိုးရိမ်စိတ်များ ဝင်လာသည်။

နှလုံးခုန်သံ မြန်လာသလို အသက်ရှူသံ ကျယ်လာသည်။

အဝေးဆီမှ ကြားနေရသောအသံများက တဖြည်းဖြည်း နီးလာသည်။ တောတိုးလာသံများကိုပင် အတိုင်းသား ကြားနေရသည်။ မှောင်စပျိုးနေသောအချိန် ဖြစ်သော်လည်း အလင်းရောင်က တစွန်းတစ်စ ကျန်နေသောကြောင့် တောစပ်သို့ ဝင်သွားသော ဦးတာတေကို လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက်ကတော့ အသက်ရှုရန်ပင် မေ့နေကြပြီး ဦးတာတေ ရှိရာကိုပင် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

ထိုအခိုက်မှာပင် ဦးတာတေ၏ရှေ့ဘက် လက်တစ်ကမ်းအကွာလောက်တွင် လှုပ်ယမ်းလာသော သစ်ပင်သစ်ကိုင်းများကို လှမ်းမြင်ရပြီးနောက် ဦးတာတေမှ ဂုဏ်လက်ထဲမှ ဝါးရင်းတုတ်နှင့် သဲကြီးမဲကြီး ရိုက်နေသည်ကို လှမ်းမြင်ရသည်။

"ကိုင်းကွာ . . . ကိုင်းကွာ"

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

"ကိုင်းဟာ . . . ငါရှိတဲ့အရပ်များ ဒင်းတို့မို လာဝံ့ပလေ၊ ကိုင်းဟာ . . . သေကြစမ်းဟ"

ဟူသော ဦးတာတေ၏ကြိမ်းမောင်းသံ၊ အော်ဟစ်ပြောဆိုနေသံများနှင့်အတူ တုတ်နှင့်ရိုက်သံ တဖြောင်းဖြောင်းကိုလည်း အတိုင်းသား ကြားနေရသည်။

အကောင်အထည်ကို မမြင်ရသော်လည်း ဦးတာတေ ရိုက်သဖြင့် လဲကျသွားသောကြောင့် သစ်ပင်များ လှုပ်ယမ်းသွားသည်ကိုတော့ အတိုင်းသား မြင်နေရသည်။

ထိုသို့ ရိုက်ပုတ်နေစဉ်မှာပင် တစ်ခါတစ်ခါမှာလည်း ဦးတာတေတစ်ယောက် နောက်သို့ ယိုင်လဲသွားခြင်း၊ တစ်စုံတစ်ယောက်က တွန်းလိုက်သဖြင့် နံဘေးသို့ ပစ်လဲကျသွားသည်လည်း ရှိသည်။

ထိုသို့ လဲသော်လည်း ဦးတာတေမှာ ချက်ချင်းပြန်ထ





သာပြီး ရိုက်ပြန်လေသည်။

"တုတ်တစ်ချောင်း လှမ်းပစ်လိုက်ဟေ့"

ထိုအသံနှင့် မရှေးမနှောင်းမှာပင် အပိုင်းပိုင်း ကျိုးနေသော ဝါးရင်းတုတ်က သူတို့ရှေ့သို့ 'ဘုတ်' ကနဲ ကျလာသည်။

နီမောင်က ရှေ့တွင် ပုံထားသော မျောသားပုံထဲမှ တစ်ချောင်းယူ၍ လှမ်းပစ်ပေးလိုက်သည်။

"ရော့ဗျို့"

ဦးတာတေက နီမောင်ပစ်ပေးသော ကနစိုချောင်းကို ရသည်နှင့် လိုက်ရိုက်ပြန်လေသည်။

"ဖုန်း . . . ဖုန်း . . . ဖုန်း"

ဤသို့ဖြင့် ဦးတာတေမှာ ရှာပေါက်ဝဘက် ဆုတ်လာလိုက်၊ တဖန် ရှေ့သို့ တိုးသွားလိုက်နှင့် အကြိတ်အနယ် ရှိနေရာ နီမောင်တို့ရှေ့၌ ပုံထားသော ကနစို တုတ်ချောင်းများလည်း တဖြည်းဖြည်း လျော့သွားတော့သည်။

ဦးတာတေ ပြန်ပစ်ပေးသော ကနစိုတုတ်ချောင်းအပိုင်းအကျိုးများကလည်း ပတ်ဝန်းကျင်မှာ ပုံနေလေပြီ။

အချိန်ကလည်း အတော်မှောင်လာပြီ။

နီမောင်ကလည်း ဦးတာတေကို ခပ်ဝါးဝါးသာ လှမ်းမြင်ရတော့သည်။

ထိုအချိန်မှာ ဦးတာတေ၏တုတ်ရိုက်ချက်များမှာ ညဦးပိုင်းလောက်ကလို မသွက်လက်တော့ပဲ တဖြည်းဖြည်းနှင့် လေးလံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်သံပင် သိပ်မကြားရတော့ပေ။

ထိုအခြေအနေကို လှမ်းမြင်ရတော့ နီမောင်တို့ သုံးယောက်မှာ စိုးရိမ်စိတ် ဝင်လာတော့သည်။

အကယ်၍သာ ဦးတာထေများ အရေးနိမ့်ခဲ့ပါက မိမိတို့ရွာအတွက် အခက်ပဲဟုလည်း တွေးမိကြသည်။

နောက်ဆုံးတော့ စူးစူးဝါးဝါးနှင့် မသဲမကွဲ အော်ဟာစ်သံများမှာ တဖြည်းဖြည်းနှင့် ဝေး၍ ပျောက်ကွယ်သွားတော့သည်။

"အသံတွေတော့ ငြိမ်သွားပြီ"

"ဦးတာတေတော့ ဘယ်လိုဖြစ်ကျန်ခဲ့သလဲ မသိတော့ဘူး"

"သူက ဒီမှာပဲ စောင့်နေဖို့ မှာထားတယ်"

ထိုသို့ ပြောနေရင်းမှာပင် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ အပိုင်းပိုင်း ကျိုးနေပြီဖြစ်သော တုတ်တစ်ချောင်းကို ကိုင်ကာ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသော ဦးတာတေကို တွေ့ကြရသည်။

"ဦး. . . ဦးလေး ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး. . . ရိုက်ရတာကြာလို့ လက်မောင်းအောင့်တာပဲ ရှိတယ်"

"ဟို. . . ဒါထက် မိစ္ဆာကောင်တွေကရော"

"ပြေးကုန်ကြပြီ. . . ဘယ်ရွာသွားကြဦးမယ် မသိဘူး၊ ဒီရွာတော့ လာဝံ့ကြမှာ မဟုတ်တော့ဘူး"

"ဟား. . . ကျေးဇူးတင်လိုက်တာ ဦးလေးရယ်"





ထို့နောက် လေးယောက်သား ရွာဘက်သို့ ပြန်ဝင်လာကြလေသည်။ အချိန်က သန်းခေါင်ယံအချိန်သို့ပင် ရောက်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၂ ]

## မိစ္ဆာတို့ အနိုင်ရသောနေရာ

နောက်တစ်ပတ်ခန့် ကြာသောအခါ ဦးတာတေ ရှိရာသို့ သရင်အဘိုးကြီးတစ်ယောက် ရောက်လာသည်။

ဂုင်းရောက်လာသောအချိန်မှာ ညအချိန်ဖြစ်သည်။

ဦးတာတေပင် အရက်မူးမူးနှင့် အိပ်ပျော်နေချေပြီ။

"တာတေ. . . တာတေ"

တဲပေါက်ဝမှ ခေါ်ရင်း တဲပေါ်သို့ တက်လာသည်။

"တာတေ. . . ထပါဦးဟ"

☺ အောင်မြင်စာစဉ် ☺

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော ဦးတာတေကို အတင်းလှုပ်နှိုးတော့မှ ပြန်နိုးလာလေသည်။

“တာတေ. . . တာတေ”

“ဟင်. . . ဘယ်သူလဲ”

“ငါ စောဖိုးထော်ကွဲ့”

“ဟင်. . . စောဖိုးထော်”

ထိုအခါမှ အိပ်နေရာမှ လူးလဲထသည်။

စောဖိုးထော်ဆိုသူမှာ ဦးတာတေ၏အစ်ကိုပင် ဖြစ်သည်။

“မင်းဘာလာလုပ်တာလဲ၊ နှင်းမြကို လိုက်ပို့ပေးတာလား”

“မဟုတ်ဘူး. . . ငါ ကိစ္စရှိလို့ လာခဲ့တာ၊ အခု တို့ရွာမှာ ဝမ်းရောဂါတွေ ဖြစ်တာ၊ လူတွေ အတော်သေကြတယ်၊ နှင်းမြလည်း အတော်နေမကောင်း ဖြစ်နေတယ်၊ အဲဒါ မင်း လိုက်ကြည့်ဦးမှ ဖြစ်မယ်”

ထိုစကားကြားသောအခါ ဦးတာတေ စိတ်ထဲမှာ ဟိုရှေ့ပိုင်းက ထော်ပိုင်ရွာသို့ လာသော မကောင်းဆိုးဝါးများကို ရိုက်ပုတ် နှင်ထုတ်လိုက်ပုံများကို ပြန်လည်သတိရလေသည်။

“အင်း. . . ဒီကနေ ငါရိုက်ထုတ်တဲ့ မကောင်းဆိုးဝါးတွေတော့ ဟိုဘက်ရွာကို ရောက်သွားကြပြီနဲ့တူတယ်”

ဟုလည်း စိတ်ထဲမှာ တွေးမိလေသည်။

ထို့နောက်. . .





စောဖိုးထော် လာခေါ်သော လှေနှင့်ပင် လိုက်လာခဲ့လေသည်။

၎င်းတို့ လှေကလေးသည် ထော်ပိုင်ချောင်းရိုးအတိုင်း ချောင်းဖျားဖက်သို့ လှော်တက်လာကြသည်။

အမှောင့်ရိပ်များ သစ်ပင်ရိပ်များ ရှိသောကြောင့် သူတို့ လှေဖြတ်လှော်သွားသည်ကို ဘယ်သူမှ သတိမပြုမိလိုက်ပေ။

“အခုတလော နှင်းမြကို လိုက်ပို့ပေးရသေးသလား”

“သူ နေမကောင်းလို့ လိုက်မပို့ပေးရတာ အတော်ကြာပြီ၊ သူ့ကိုယ်ဝန်က အတော်ရင့်လာတဲ့အပြင် အခု ရောဂါတွေ ဖြစ်တဲ့အချိန်မှာ နေမကောင်းဖြစ်တော့ ပိုဆိုးတယ်”

“ငါ့သမီးလေး ကံဆိုးရှာတယ်”

“မင်းသမီးကလည်းကွာ. . . ငါတို့နဲ့သာ နေရပေမယ့် စိတ်က သူ့ယောက်ျားဆီပဲ ရောက်နေတယ် ထင်ပါရဲ့၊ တငိုငိုတရီရီနဲ့ တစ်နေ့မှ စိတ်မအေးရပါဘူး”

ဟု စောဖိုးထော်က ပြောပြသည်။

စကားပြောရင်း လှော်လာကြရာ ချောင်းဖျားဘက် ရောက်သောအခါ အရှေ့ဘက်သို့ တက်လာသော ချောင်းသွယ်တစ်ခုအတွင်းသို့ လှေကို ဝင်ခဲ့ကြသည်။

ထိုချောင်းဝမှာ မိကျောင်းနွယ်ခြုံများ ပိတ်ဆို့နေသောကြောင့် တော်ရုံနှင့် မတွေ့နိုင်ပေ။

ထိုချောင်း၏အဖျားဘက် ရောက်သောအခါ တဲယိုစုတလေးများသာ ရှိသော ရွာတစ်ရွာသို့ ရောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာသို့ ရောက်သောအခါ စောဖိုးထော်က လှေကို တံတားထိပ်တစ်ခုသို့ ဝင်ကပ်လိုက်ကာ နှစ်ယောက်သား အပေါ် တက်ခဲ့ကြသည်။

တဲအတွင်း၌ မီးခွက်တစ်လုံး ထွန်းထားသော တဲတစ်လုံးသို့ ရောက်သောအခါ အတွင်းဝင်လိုက်ကြသည်။

"အဘ ပြန်လာပြီလား"

အတွင်းခန်းမှ လှမ်းမေးသံ ပေါ်ထွက်လာသည်။

"အေး. . . ပြန်လာပြီ၊ နင့်အဖေပါ တစ်ခါတည်း ခေါ် လာခဲ့တယ်"

ထိုအခါ အတွင်းခန်းမှ နှင်းမြ ထွက်လာသည်။

နှင်းမြမှာ ကိုယ်ဝန်ကြီးနှင့်ဖြစ်ပြီး အတော်ကလေး ပိန်ကျသွားလေသည်။

"နေမကောင်း ဖြစ်နေတာ အတော်ကြာပြီလား"

ဦးတာတေက မေးလိုက်သည်။

"အေး. . . နည်းနည်းကြာပြီ၊ ဟိုတလောက အခြောက် အလှန့် ခံရလို့ လိပ်ပြာလန့်သွားတာလဲပါတယ်၊ သူ့ကို ဒီမှာ ဆက်ထားလို့ ဖြစ်ပါ့မလား၊ ဒီရွာမှာ ရောဂါတွေ ဖြစ်နေလို့ အသေအပျောက်တွေ ရှိနေတယ်"

စောဖိုးထော်က ပြောရာ နှင်းမြကပါ ဝင်ပြောသည်။

"အဖေ. . . ကျွန်မ ရွာကို ဘယ်တော့ ပြန်လာရမလဲ ဟင်"

"ဒီကလေးတွေ မွေးပြီးရင်တော့ ပြန်ခေါ်ဖို့ စိတ်ကူးထား





ပါတယ်၊ အခုတော့ ဒီလိုပဲ ခဏနေဦး၊ ဒီရွာမှာ ရောဂါဖြစ်တာ ...ခြားကြောင့် မဟုတ်ဘူး၊ မကောင်းဆိုးဝါးတွေ နှောင့်ယှက်နေ ...အခုလို ဖြစ်နေတာ၊ အခု ငါရောက်နေတုန်း ရှင်းတန်တာ ...ရှင်းပေးခဲ့မယ်"

"နှင်းမြ ပြန်ပြောပြလို့ မင်းရဲ့သတင်းကိုလည်း ငါကြားရ ...ယ်၊ ဘယ်လိုကြောင့် လူစင်စစ်က သရဲတစ်ပိုင်း လူတစ်ပိုင်း ...ဖြစ်တဲ့ တစ်ပွဲစားဘဝကို ရောက်သွားရတာလဲ တာတေရာ"

"အခုမှတော့ ငါလည်း မတတ်နိုင်တော့ဘူး၊ ဒါပေမယ့် ...ဘဝမှာ အခုလို နေခွင့်ရတုန်း ငါ တတ်နိုင်သမျှတော့ လူတွေ ...အတွက် ကောင်းတာလေးတွေ လုပ်သွားခဲ့မှာပါ"

နှင်းမြကတော့ မမြင်ရတာ ကြာပြီဖြစ်သော ဖခင်ဖြစ်သူ ဦးတာတေ၏ပြောင်းလဲသွားသော ရုပ်ဆင်းအင်္ဂါကို ကြည့်ပြီး ...ဆက်ရည်ကျရလေသည်။

ဦးတာတေ၏ရုပ်မှာ လူတစ်ယောက်ဟုသာ ဆိုရသော်လည်း လူရုပ်မရှိတော့ပေ။

အသားအရေရော ရုပ်ဆင်းအင်္ဂါနှင့် ပုံပန်းသဏ္ဌာန်မှာ သရဲတစ္ဆေတစ်ကောင်နှင့် မျှားစွာတူနေတော့သည်။

ဆံပင်နီကြောင်ကြောင်များက မျက်နှာပေါ် ဖုံးအုပ်နေ ...ပြီး မျက်လုံးကြီးနှစ်လုံးက နီရဲနေသည်။

ပါးစပ်ပြဲပြဲအတွင်းမှ သွားနှင့်အစွယ်အချို့ကို အပြင်သို့ ပေါ်ထွက်နေသည်။

အသားအရေကလည်း မွဲခြောက်အက်ကွဲကာ အမွေး



www.burmeseclassic.com

www.burmeseclassic.com



ရှည်အချို့ပင် ထွက်နေရုံမက လက်တံ ခြေတံနှင့် ပုံပန်းသဏ္ဌာန်ကပါ လူတစ်ယောက်၏အသွင်သဏ္ဌာန်နှင့် မတူတော့ပေ။

လူကို မြင်ပြီး နှင်းမြတစ်ယောက် စိတ်ထိခိုက်နေသည်ကို တွေ့မြင်သောအခါ ဦးတာတေက နေရာမှ ထလိုက်သည်။

"ငါ ရွာထဲ သွားလိုက်ဦးမယ်၊ မိုးလင်းမှ ပြန်လာခဲ့မယ်"

"တာတေ. . . ဒီလောက်မှောင်နေတာ ရွာထဲကို ဘာသွားလုပ်မှာလဲ၊ ကိစ္စရှိလဲ မနက်လင်းမှ သွားပါလား"

"အခု သွားမှဖြစ်မယ်၊ ရွာထဲမှာ လူတွေကို ဒုက္ခပေးနေတဲ့ မိစ္ဆာသရဲတွေ ရောက်နေတယ်၊ ဒီကောင်တွေကို နှင်ထုတ်ရဦးမယ်"

ဟု ပြောဆိုကာ တုတ်တစ်ချောင်းကို ဆွဲယူကာ အပြင်သို့ ထွက်သွားလေတော့သည်။

နှင်းမြခမျာ နေမကောင်းရသည့်ကြားထဲမှာ အဖေဖြစ်သူ၏ပုံပန်းသဏ္ဌာန်နှင့် အဖြစ်ဆိုးကို မြင်သောအခါ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရရှာသည်။

"ငါတို့ သားအဖတစ်တွေ ကံဆိုးလိုက်တာ"

ဟု ရေရွတ်ရင်း ပြီးခဲ့သောအကြောင်းများကို ပြန်လည်တွေးတောနေမိလေသည်။

နီမောင်တစ်ယောက် အခြားရွာမှ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု သတင်းကြားသောအခါ စိတ်ထိခိုက်လွန်းသောကြောင့် တောထဲမှာ တစ်ယောက်တည်း သွားထိုင်နေခဲ့လေသည်။





သူမသည် လဗပင်ကြီး တစ်ပင်အောက်မှာ ထိုင်၍ ငိုင်နေစဉ် လဗပင်နောက်ဘက်မှ လူတစ်ယောက် ထွက်လာသည်။

ထိုလူမှာ အသားမည်းမည်း ရုပ်ဆိုးဆိုးနှင့် လူကောင်ကလည်း ထွားကျိုင်းလှသည်။

မမျှော်လင့်ပဲ ထိုလူကို မြင်သောအခါ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

"ရှင်. . . ရှင် ဘယ်သူလဲ"

"ငါ. . . ကုန်းစောင့်ဘီလူးပဲ"

"ကုန်းစောင့်ဘီလူး. . . အခု ဘာလာလုပ်တာလဲဟင်"

"ငါ့ပိုင်နက်ထဲ ရောက်မှတော့ ဖမ်းစားရုံ ရှိတာပေါ့"

ဟု ပြောကာ ခါးထောက်လျက် အနားမှာ လာရပ်သည်။

နှင်းမြမှာ စိတ်ညစ်ညူးနေခိုက်မို့. . .

"ကျွန်မကို အခုတော့ မစားပါနဲ့၊ ကျွန်မချစ်သူနဲ့ ပေါင်းရပြီး ကလေးတစ်ယောက် ရပြီးရင်တော့ စားချင်စားပါ"

ဟု စိတ်ဆန္ဒရှိတာကို လွှတ်ကနဲ ပြောလိုက်သည်။

"ဒီလိုဆိုရင်လည်း နင် ကတိတည်ပါစေ၊ နင့်ချစ်သူနဲ့ပေါင်းရအောင် ငါလုပ်ပေးမယ်"

ဟု ပြောကာ သစ်ပင်နောက်ဘက်သို့ ပြန်ဝင်သွားသည်။

ထိုအခိုက်မှာပင် တစ်စုံတစ်ယောက်က လှုပ်နိုးလိုက်သဖြင့် အိပ်ပျော်နေရာမှ ပြန်နိုးလာသည်။

"ဟင်. . . အဖေ"

"ဘာဖြစ်လို့ တောထဲမှာ တစ်ယောက်တည်း လာအိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ”

“ကျွန်မ ရွာမှာလည်း မနေချင်တော့လို့ ဒီမှာ လာ
တာပါ။ သူတို့ လက်ထပ်တဲ့သတင်းကို မြင်လည်း မမြင်ချင်ဘူး
ကြားလည်း မကြားချင်ဘူး၊ ကျွန်မ သေသာ သေလိုက်ချင်
တယ် အဖေရယ်”

ထိုစကားကြားသောအခါ ဦးတာတေက စိတ်မကော
စွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“နှင် ရွာမှာ နေရတာ စိတ်မချမ်းသာရင် နှင့်ဘ
စောဖိုးထော်ဆီမှာ သွားနေပေါ့၊ ငါ ရွာထဲမှာ နှင်သေပြီ
သတင်းလွှင့်ထားလိုက်မယ်၊ ဒီလိုဆိုရင် မအေးဘူးလား”

“အဖေ . . ကျွန်မ သွားနေပါ့မယ်၊ ဘယ်လိုပဲပြော
ပြောထား ရွာမှာ မနေရရင် ပြီးတာပါပဲ”

“ဒါပေမယ့် သူတို့မိသားစုတွေကို ငါမကျေနပ်ဘူး၊
မိသားစုတွေကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လု
တယ်၊ တစ်နေ့ကျရင် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် နီမောင်နဲ့
ညားအောင်ကို ငါ စီမံပြမယ်”

ဟု ပြောဆိုကြိမ်းမောင်းကာ နှင်းမြအား တောထဲ
သေပြီဖြစ်သဖြင့် မြှုပ်နှံထားခဲ့ရပြီဟု သတင်းလွှင့်ထား
အစ်ကိုဖြစ်သူ စောဖိုးထော် ရှိသောရွာသို့ တိတ်တဆိတ် ပို့
လိုက်လေသည်။

နောက်ပိုင်းမှာတော့ နီမောင်တို့ တောထဲ လာ
အခါ နှင်းမြက လာတွေ့ပြီး ၎င်းနှင့် လက်ထပ်ရန် ပြောသ





နီမောင်ကတော့ နှင်းမြကို ဝိညာဉ်ဘဝနှင့် လာတွေ့သည်ဟုသာ
ထင်နေခဲ့သည်။

မင်္ဂလာဆောင်သောအခါမှာတော့ အများအမြင် တင့်
တယ်စေရန် ညီမဖြစ်သူနှင့် မင်္ဂလာဆောင်ခဲ့သည်။

နှင်းလှကလည်း အစ်မဖြစ်သူ စိတ်ချမ်းသာစေရန်
အတွက် အနစ်နာခံခဲ့လေသည်။

မင်္ဂလာဆောင်ပြီးနောက် ညအချိန်တွင် စောဖိုးထော်
က လှေဖြင့် နှင်းမြကို လိုက်ပို့ပေးသည်။

နီမောင်ကတော့ နှင်းမြကို ဝိညာဉ်ဘဝဖြင့် သူ့ရှိရာသို့
ရောက်လာသည်ဟု ထင်နေလေသည်။

ဦးတာတေကတော့ နှင်းမြ ကလေးတစ်ယောက် မွေး
လျှင် ရွာသို့ ပြန်ခေါ်မည်ဟု ပြောထားလေသည်။

သို့သော်လည်း ကိုယ်ဝန်ရှိခဲ့ပြီးနောက်ပိုင်းတွင် တစ်ခါ
က တွေ့ခဲ့ရသော လူမည်းကြီးကို မကြာခဏ ပြန်တွေ့ရသည်။
ထိုလူမည်းကြီးက . . .

“ငါ့ကတိအတိုင်း နှင်တို့နှစ်ယောက် ပေါင်းရအောင်
လုပ်ပေးခဲ့ပြီနော်၊ နှင့်ချစ်သူကို အိပ်မက်ပေးခဲ့တာလဲ ငါပဲ၊ ပိုပြီး
သေချာအောင် ငါနေတဲ့ လဖပင်ကိုတောင် ပေးလိုက်သေးတယ်၊

ဒီလဖပင် ရှိနေတော့ အဲဒီအိမ်ကို ငါ ဝင်လို့ရတာပေါ့၊
တကယ်လို့ နှင်ပေးထားတဲ့ကတိကို ဖျက်ရင် အဲဒီအိမ်မှာ နေတဲ့
လူတွေကိုပါ သတ်ပစ်မယ်”

ဟု ကြိမ်းဝါးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မလုပ်ပါနဲ့၊ သူတို့ကိုတော့ ဒုက္ခမပေးပါနဲ့၊ ကျွန်မကတိအတိုင်း ကလေးမွေးပြီးရင် ပြန်ခဲ့ပါ့မယ်"

ဟု ပြောလိုက်မှ ပြန်သွားလေသည်။

ယခုအခါမှာတော့ နှင်းမြ၏ကိုယ်ဝန်မှာ တစ်နေ့တခြား မွေးဖွားရန်အချိန်သို့ နီးကပ်လာပြီ။

ထိုကလေး မွေးပြီးလျှင် လူ့လောကမှ အပြီးအတိုင် စွန့်ခွာရတော့မှာပါလားဟူသော အသိက ရင်ထဲမှာ မီးကဲ့သို့ ပူလောင်လှသည်။

လင်သားနှင့် အတူတကွ မနေရသောဘဝမှ ယခု သား နှင့်ပါ ခွဲခွာရတော့မည်ဟူသော အသိက ဆိုးဝါးလှသောဘဝကို ယူကျုံးမရ ဖြစ်စေသည်။

ထိုအကြောင်းကို ဖခင်ဖြစ်သူ ဦးတာတေကိုပင် အသိ မပေးဝံ့ရှာပေ။

နံနက်လင်းသောအခါ ဦးတာတေတစ်ယောက် ပြန် ရောက်လာသည်။ သူ့တစ်ကိုယ်လုံးမှာ ရွှံ့တွေ ပေလူး၍ စုတ် ပြတ်နေလေသည်။

"မင်း ဘယ်လိုဖြစ်လာတာလဲ တာတေ"

"ဟိုကောင်တွေနဲ့ နပန်းလုံးရတာ ဖတ်ဖတ်ကို မောရော ကွာ"

"ဘယ်ကောင်တွေလဲဟ"

စောဖိုးထော်က နားမလည်သလို မေးသည်။

"မင်းတို့ရွာကို ဒုက္ခပေးနေတဲ့ကောင်တွေပေါ့"





"တို့ရွာကို ဘယ်သူတွေက ဒုက္ခပေးနေလို့လဲဟ၊ ငါနား လည်အောင် ပြောပြပါဦး"

ထိုအခါ ဦးတာတေက ထော်ပိုင်ရွာသို့ မကောင်းဆိုးဝါး များ လာရောက်ရာ နှင်ထုတ်ခဲ့ပုံမှအစ အကြောင်းစုံ ပြန်ပြော လိုက်သည်။

"ဟင်. . ."

"အခုလည်း ဒီကောင်တွေက ငါ့ကို မကျေနပ်ကြဘူး၊ ဒါကြောင့် အခုတစ်ခါလည်း အတော့်ကို တိုက်ခိုက်ခဲ့ရတယ်"

"မင်း. . . မင်းက အဲဒီမကောင်းဆိုးဝါးတွေကို မြင်ရလို့ လား"

ဦးတာတေက ခေါင်းညိတ်ပြသည်။

"ဒါ. . . ဒါဖြင့် အခုရော အခြေအနေ ဘယ်လိုလဲဟင်"

"ကျန်သေးတယ်. . . နောက်မှ ဆက်ပြီးရှင်းရမယ်၊ မင်း တို့ရွာက ရှင်းရတာ ပိုခက်တယ်"

"ဘာကြောင့်လဲ"

"မကောင်းဆိုးဝါးတွေက ဒီရွာကို ဝင်ပြီးရင် နှင်ထုတ်လို့ မရတော့ဘူး၊ ငါလည်း မပြန်ခင်တော့ ကြိုးစားပြီး ရှင်းပေးခဲ့မယ်၊ မရရင်တော့လည်း မတတ်နိုင်ဘူး၊ တကယ်လို့ ငါရှင်းလို့မှ မနိုင် ရင်တော့ မင်းတို့ ဒီရွာက ပြောင်းပြေးမှ ရတော့မယ်"

"ဘာကြောင့်လဲဟ. . . ဘာကြောင့် ရှင်းမရတာလဲ"

"ထော်ပိုင်ရွာမှာတုန်းက ရွာထဲ မဝင်နိုင်အောင် ပရိတ် ရေတွေ ပရိတ်ကြိုးတွေနဲ့ တားကြတယ်၊ ဒီရွာမှာက ဒါမျိုးတွေမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတာ၊ ဒီတော့ သူတို့က အလွယ်တကူ ဝင်ပြီး ပြန်နှင်ထုတ်လို့ မရတော့တာ၊ လူမရှိတဲ့အိမ်တွေမှာ သူတို့ ရောက်နေကြပြီ"

ထိုစကားကြောင့် စောဖိုးထော်မှာ များစွာထိတ်လန့်တုန် လှုပ်သွားလေသည်။

ၚင်းတို့ တစ်ရွာလုံးမှာ ကရင်လူမျိုးချည်း နေကြသောကြောင့် ထိုကိစ္စများကို လုပ်လေ့လုပ်ထ မရှိကြပေ။

"နောက်ပိုင်းမှာ လူတွေ သေလို့ အိမ်တွေမှာ လူမရှိတော့ရင် မကောင်းဆိုးဝါးတွေက တက်နေရင်းနဲ့ နောက်ဆုံး ကျတ်ရွာဖြစ်သွားနိုင်တယ်၊ ဒါပေမယ့် ငါမပြန်ခင် နှင်ထုတ်ကြည့်ဦးမယ်၊ မရတော့ဘူးဆိုရင်တော့ မင်းတို့ တူဝရီးနှစ်ယောက်ပါ ထော်ပိုင်ရွာကို လိုက်ခဲ့ကြပေတော့"

ထိုစကားကြားသောအခါ နှင်းမြမှာ ဝမ်းသာသွားလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

နီမောင်နှင့် နီးနီးနားနား ပြန်နေရမှာဖြစ်၍ ယခုကဲ့သို့ ဒုက္ခများတော့မည် မဟုတ်ပေ။

နောက်တစ်ညမှာလည်း ဦးတာတေ တစ်ယောက် တုတ်တစ်ချောင်း ဆွဲကာ ရွာထဲသို့ ထွက်သွားပြန်လေသည်။

ညဥ့်နက်ပိုင်းအချိန် ရောက်သောအခါ ရွာထဲမှ ခွေးအူသံ၊ ခွေးဟောင်သံများ ဆူဆူညံညံ ကြားရပြီး အော်ဟစ်ဆူညံသံများပါ ကြားရသည်။

တစ်ခါတစ်ရံလည်း ဦးတာတေ၏အသံနက်ကြီးနှင့် အော်လိုက်သံကြီးများကိုပါ ကြားရလေသည်။





ထိုအသံများကြောင့် ရွာသူရွာသားများမှာ တစ်ယောက်မှ အပြင်မထွက်ဝံ့ပဲ အိမ်ထဲ၌ ငြိမ်ကုတ်နေကြရသည်။

တစ်ဦးနှင့်တစ်ဦး ရန်ဖြစ်နေသံ၊ အော်ဟစ်ပြောဆိုသံ၊ ကြိမ်းမောင်းသံ၊ လုံးထွေးသတ်ပုတ်သံ၊ ရိုက်နှက်သံများကို တစ်ညလုံး ကြားနေရပြီး မိုးလင်းကာနီးအချိန်လောက်တွင် ဦးတာတေတစ်ယောက် ပြန်ရောက်လာသည်။

ၚင်းမှာ မရှုမလှ ခံခဲ့ရသောကြောင့် မောဟိုက်နွမ်းနယ်လျက် ရှိနေတော့သည်။

"ဘယ်လိုလဲ တာတေ"

"ထော်ပိုင်ရွာမှာတုန်းက ငါ့ဘက်က ဝိုင်းကူပေးမယ့်သူတွေ ရှိတယ်၊ ဒီရွာမှာက မရှိဘူး၊ ငါလည်း သူတို့ကို မနိုင်တော့ဘူး၊ မင်းတို့နှစ်ယောက် ငါနဲ့သာ လိုက်ခဲ့ကြပေတော့"

ဟု ပြောသဖြင့် ရှိသမျှ ပစ္စည်းကလေးများကို သိမ်းဆည်းကာ သုံးယောက်သား လှေဖြင့် ထွက်ပြေးကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၃ ]

## အိမ်အလယ်ခေါင်တိုင်မှ မိစ္ဆာအိလူး

ယခုနောက်ပိုင်းမှာတော့ နီမောင်တို့၏ စီးပွားရေးလုပ်ငန်းများမှာလည်း ယခင်ကဲ့သို့ ပြန်လည်ကောင်းမွန်လာရုံမကတော့ဘဲ ရှေးကထက်ပင် ပိုမိုတိုးတက်လာရာ ဦးဘရှိန် ဒေါ်ကျင်မေတို့မှာ တပြုံးပြုံး ဖြစ်နေကြသည်။

ထို့အတူ နီမောင်မှာလည်း များစွာဝမ်းသာမိလေသည်။ တစ်ဖက်မှ စီးပွားရေးများ ပြန်လည်ကောင်းမွန်လာသောကြောင့် ဝမ်းသာရသလို တစ်ဖက်မှလည်း နှင်းမြတစ်ယောက် ရောက်မလာတာ အတော်ကြာပြီ ဖြစ်သဖြင့် စိတ်မကောင်းဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သားဖြစ်သူ၏အမူအယာကို ကြည့်ပြီး အကြောင်းစုံ မသိရသေးသော ဒေါ်ကျင်မေကတော့ . . .

"ဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့ သားရယ်၊ တကယ်တော့ နှင်းမြက သေပြီးသား လူတစ်ယောက်ဆိုတော့ လွတ်ရာကျွတ်ရာဘဝ ရောက်ချင်ရောက်သွားရောပေါ့၊ သူမရှိတော့လည်း နှင်းလှ ရှိသားပဲကွယ်၊ နှင်းလှလေးကိုပဲ ပေါင်းသင်းနေလိုက်ပေါ့၊ သေပြီးတဲ့လူတစ်ယောက်ကို မေ့လိုက်ပါတော့ကွယ်"

ဟု ဖျောင်းဖျပြောဆိုလေသည်။

နီမောင်စိတ်ထဲမှာတော့ နှင်းမြတစ်ယောက် တစ်ခုခု ဖြစ်နေပြီဟုသာ ထင်နေမိသည်။

ထိုရက်မှာမှ နှင်းလှကလည်း ခါတိုင်းလို မဟုတ်ပဲ မျက်နှာမကောင်းလှပေ။

မေးတော့လည်း ဘာမှမပြောပေ။

"နှင်းလှ နေမကောင်းဘူးလား၊ မျက်နှာလည်းမကောင်းပါလား"

"နေကောင်းပါတယ် အစ်ကိုရယ်၊ အဖေ့ဆီ သွားတာ အဖေ့ကို မတွေ့ခဲ့ရလို့ စိတ်ပူနေမိတာပါ"

"ဦးလေးက ဘယ်သွားလို့လဲ၊ ဒီတစ်ခါသွားတာ ကြာသလိုပဲ"

"သူ့အမျိုးတွေ ရှိတဲ့ဆီကို သွားတယ်ထင်တယ်၊ ကျွန်မလည်း မသိလိုက်ဘူး"





"အမျိုးတွေက ဘယ်မှာ ရှိတာလဲ"

"ဟိုး . . . ကုန်းတွင်းပိုင်းမှာ နေကြတယ်လို့ ပြောသံကြားတယ်၊ ကျွန်မလည်း မရောက်ဖူးပါဘူး"

ဟုသာ ပြောလေသည်။

နီမောင်ကလည်း နှင်းလှက မပြောချင်မှန်း သိသဖြင့် ဆက်မမေးတော့ပေ။

တစ်ညတော့ နှင်းလှက ပြောသည်။

"အစ်ကို . . . အစ်မနှင်းမြကို တွေ့ချင်သလား"

"တွေ့ချင်တာပေါ့ နှင်းလှရဲ့ . . . သူ ဘယ်မှာလဲ"

"ကျွန်မ လိုက်ပို့ပေးပါ့မယ်"

ဟု ပြောကာ ခေါ်သွားသဖြင့် နီမောင်လည်း နှင်းလှ ခေါ်ရာနောက်သို့ လိုက်သွားလေသည်။ အိမ်ရောက်တော့ ဦးတာတေနှင့် စောဖိုးထော်တို့က မရှိကြပဲ အိမ်ရှေ့မှာ မီးတိုင်ခွက် တစ်လုံး ထွန်းထားသည်။

"နှင်းမြ ဘယ်မှာလဲဟင်"

"ဟိုအခန်းထဲမှာ ရှိပါတယ်"

ဟု ပြောသဖြင့် အခန်းထဲ ဝင်ကြည့်တော့ စောင်ခြုံ၍ ခွေခွေကလေး အိပ်နေသော နှင်းမြကို တွေ့ရလေသည်။

"ဟင် . . . နှင်းမြ"

နီမောင်က ဝမ်းသာအားရဖြင့် အနားသို့ သွားပြီး ပခုံးကို လှုပ်နှိုးလိုက်တော့မှ နှင်းမြ နိုးလာသည်။

"ဟင် . . . နီမောင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်လိုဖြစ်တာလဲ၊ ဒီလိုဆိုရင် နင် တကယ်မသေဘူးပေါ့. . . ဟုတ်လား"

ဟု ဝမ်းသာအားရ မေးလိုက်သည်။

"ငါ မသေပါဘူး နီမောင်ရယ်၊ ဒါကြောင့် ညတိုင်း နင့်ဆီကို လာနိုင်တာပေါ့"

"ဒါဖြင့် ဘာကြောင့် အခုလို လုပ်နေရတာလဲဟင်၊ ငါ့ကို ပြောပြပါဦး"

ဟု နှင်းမြ ပခုံးကို ကိုင်ကာ မေးလိုက်သည်။

ထိုအခါ နှင်းမြက မျက်ရည်ကလေး အဝိုင်းသားနှင့် အကြောင်းစုံ ပြောပြရလေတော့သည်။

အကြောင်းစုံ သိရသောအခါ နီမောင်မှာ ရင်မချိအောင် ခံစားရလေသည်။

"ဖြစ်မှဖြစ်ရလေ နှင်းမြရယ်၊ ငါတို့နှစ်ယောက်ကလည်း အဖြစ်ဆိုးလိုက်ကြတာ၊ အခုတော့ နင် ငါ့ရဲ့မေတ္တာကို ယုံကြည်ပြီမဟုတ်လားဟင်၊ နင့်ကို ဘယ်လိုဘဝမျိုးပဲ ရောက်နေနေ ငါ ချစ်နေနိုင်ပါတယ်"

"ယုံပါပြီ နီမောင်ရယ်၊ ငါ နင့်အပေါ်မှာ ဘယ်လိုအနစ်နာခံပြီး ချစ်တယ်ဆိုတာရော နင်သိပြီ မဟုတ်လား"

"သိပါပြီ. . . ငါ့မှာဖြင့် နင် တကယ်သေသွားတယ်မှတ်ပြီး ပူဆွေးလိုက်ရတာ တစ်နေ့မှ မအေးရပါဘူး၊ နောက်တော့ နင့်ကို ဝိညာဉ်ဘဝနဲ့ကျမှ လက်ထပ်ခွင့် ရတယ်ဆိုပြီး ပျော်နေတာ၊ အခု ကိုယ်ဝန်က ဘယ်နှစ်လ ရပြီလဲဟင်"





"ခုနစ်လ ရှိပြီ"

"ဟား. . . ဒါဆိုရင် မကြာခင် ကလေးချီရတော့မှာပေါ့၊ အဖေတို့ အမေတို့လည်း ဒီအကြောင်းကို သိရင် သိပ်ပြီးဝမ်းသာကြမှာ. . . သိလား"

"ဟို. . . ဟို. . . သူတို့ကရော ငါနဲ့ အတူတူ ပြန်နေရင် လက်ခံချင်ကြပါ့မလားဟင်၊ အရင်တုန်းကလို သဘောမတူနိုင်ဘူးဆိုရင် ပျက်ကြဦးမှာလားဟင်"

နှင်းမြက စိုးရိမ်သည့် လေသံကလေးဖြင့် မေးလိုက်လေသည်။

"အခုမှတော့ မပျက်တော့ပါဘူး၊ အခုလို မြေးပါရတော့မယ်ဆိုတော့ ပိုပြီးတောင် လက်ခံကြဦးမယ်၊ သူတို့လည်း နောင်တရနေပါပြီ၊ နင်နဲ့ငါနဲ့ကို သဘောတူလို့ ဝိညာဉ်ဘဝနဲ့တောင် လက်ထပ်ပေးခဲ့တာ မမြင်ဘူးလား"

"ရွာထဲက လူတွေကတော့ နင်နဲ့ နှင်းလှုကို တကယ် မင်္ဂလာဆောင်ပြီးသားလို့ ထင်ကြမှာပဲနော်"

"အို. . . ဒါကတော့ အဖြစ်မှန်ကို မသိကြသေးလို့သာ ပြောချင်ပြောကြမှာပါ၊ အဖြစ်မှန် သိကြပြီးရင်တော့ ဘာမှ ပြောကြမှာ မဟုတ်ပါဘူး၊ ဒီကနေ့အထိ ငါ နှင်းလှုအပေါ်မှာ နှမလေးတစ်ယောက်လို စောင့်ရှောက်ပေးခဲ့ကာပဲ"

ဟု ပြောပြလေရာ နှင်းမြခမျာမှာ ယခုမှပင် ပျော်ရွှင်ကြည်နူးမှု ရကာ မျက်ရည်များပင် ကျလာလေသည်။

"ကဲ. . . အခုမှတော့ ဘာမှ ဝမ်းနည်းမနေနဲ့တော့၊ တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အတူတူ ပြန်နေကြမယ်၊ နှင်းလှကိုလည်း ငါတို့နဲ့ပဲ ခေါ်ထားမယ်၊ ငါ့မှာဖြင့် နင်တို့ပြောတာတွေကို အဟုတ်မှတ်ပြီး စွဲလန်းတဲ့စိတ်နဲ့ အိပ်မက်တွေ မက်လိုမက်နဲ့၊ နင့်အပေါ်မှာ ဘယ်လောက်များ စွဲလန်းခဲ့သလဲဆိုရင် နင်ရှိတယ်ဆိုတဲ့ လဗပင်ကြီးကို တောထဲက ခုတ်ယူလာပြီး အိမ်တိုင်လုပ်ထားတဲ့အထိပဲ”

“ဟင်. . .”

ထိုစကား ကြားသောအခါ နှင်းမြခမျာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

“တောထဲက လဗပင်ကြီးကို ခုတ်ယူလာတယ် ဟုတ်လား၊ ဘယ်နေရာက ခုတ်ခဲ့တာလဲဟင်”

“နင် ရွာက ပျောက်မသွားခင် တစ်ယောက်တည်း သွားထိုင်ခဲ့တဲ့ သစ်ပင်ကြီးလို့တော့ ပြောတာပဲ”

နီမောင်က ဘာမှ မထူးခြားသလို ပြောနေသော်လည်း နှင်းမြမျက်နှာလေးမှာ သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော် ဖြစ်သွားလေသည်။

“နင်. . နင်. . အဲဒီလဗပင်ကြီးကို အိမ်တိုင်လုပ်ထားတယ် ဟုတ်လား နီမောင်”

“ဟုတ်တယ်လေ. . . အိပ်မက်ထဲမှာ နင်က အဲဒီသစ်ပင်မှာ နေတယ်ဆိုတော့ ငါလည်း စောထီးတို့ ငမဲအောင်တို့နဲ့ သွားခုတ်ယူလာပြီး နင့်ကို အမြဲတွေ့ရအောင် အိမ်တိုင်လုပ်ထားလိုက်တယ်”

“အခု အဲဒီ အိမ်သစ်မှာပဲ ငါတို့ နေကြတာပဲ၊ နင် လိုက်





လာရင်လည်း အဲဒီအိမ်မှာ နေရမှာပဲ”

ထိုစကားကြားသော နှင်းမြစိတ်ထဲမှာ စောစောက ပျော်ရွှင်စိတ်ကလေးများပင် ချက်ချင်း ပျောက်သွားလေတော့သည်။

မျက်စိထဲမှာ လဗပင်နောက်မှ ထွက်လာသော လူမည်းကြီးကို မြင်ယောက်လာပြီး နားထဲမှာလည်း သူပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်လာသည်။

“နင့်ကို နင့်ချစ်သူနဲ့ညားအောင် ငါ လုပ်ပေးမယ်၊ ဒါပေမယ့် ကလေးတစ်ယောက် ရပြီးရင်တော့ နင် ငါ့ဆီ လာရမယ်”

ထိုစကားကြားသောအခါ အသက်ရှူရမှာကို မေ့သလောက် ဖြစ်သွားသည်။

“နင် ကတိဖျက်ရင် နင်သာ မကဘူး၊ အဲဒီအိမ်မှာ ရှိတဲ့ လူတွေအားလုံးကို သတ်ပစ်မယ်”

ဟူသော စကားသံနှင့်အတူ သူမ၏စိတ်ထဲမှာလည်း. .

“ဒီလိုဆိုရင် သူက ငါ့အရင်တောင် အိမ်ပေါ်မှာ ရောက်နှင့်နေပါပေါ့လား၊ ဒီအတိုင်းဆိုရင်တော့ ငါတို့ကို ဒုက္ခပေးတော့မယ် ထင်တယ်၊ ငါဘယ်လိုလုပ်ရမလဲ. . . ငါဘယ်လိုလုပ်ရမလဲ”

ဟု တွေးနေလေသည်။

“နှင်းမြ ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ၊ ငါနဲ့ အတူတူ နေရမှာကို ဝမ်းမသာဘူးလားဟင်”

“ဝမ်းသာပါတယ် နီမောင်ရယ်၊ ငါက အဖေ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တွေးမိလို့ပါ”

ဟု စကားလမ်းလွှဲလိုက်ရလေသည်။

ထို့နောက်တွင် ညတွင်းချင်းပင် နှင်းမြကို အိမ်သို့ ခေါ်သွားလေတော့သည်။

နှင်းမြခမျာ လိုက်သွားရသော်လည်း စိုးရိမ်ထိတ်လန့်မှုများကြောင့် လွတ်လွတ်လပ်လပ် ပျော်ရွှင်ခွင့် မရရှာပေ။ သူတို့ပြန်သွားသောအချိန်မှာ ညဉ့်နက်ပိုင်းအချိန် ရောက်နေပြီ ဖြစ်သောကြောင့် အိမ်အတော်များများက အိပ်နေကြပြီး သူ့မိဘများအိမ်ဘက်မှာပင် မီးရောင် မတွေ့ရတော့ပေ။ နီမောင် နောက်ဆောက်ထားသောအိမ်မှာမူ အိမ်၏မြေရင်းဘက် အနည်းငယ်ဝေးသောနေရာလောက်၌ ရှိလေသည်။

ထိုအိမ်နားသို့ ရောက်လာလေလေ နှင်းမြခမျာ ရင်ခုန်သံနှုန်း မြန်လာလေလေ ဖြစ်သည်။

ယခင်က ထိုအိမ်ကို အကြိမ်ကြိမ် ရောက်ခဲ့သော်လည်း ထိုအကြောင်းကို မသိခဲ့ရသောကြောင့် ယခုကဲ့သို့ ကြောက်လန့်မှုမျိုး မဖြစ်ခဲ့ပေ။

“နီ. . . နီမောင်”

“ဘာလဲဟင်”

“နှင် လဗပင်ကို ဘယ်နေရာမှာ ထည့်ထားတာလဲဟင်”

“အလယ်ခေါင်တိုင် လုပ်ထားတာ၊ အိမ်ရောက်တော့ နှင် တွေ့ရလိမ့်မယ်”

အိမ်နှင့် မလှမ်းမကမ်း ရောက်သောအခါ အိမ်ပေါက်ဝ





မှာ ဆောင့်ကြောင့်သဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

နီမောင်နှင့် နှင်းလှကတော့ ထိုသဏ္ဌာန်ကို တွေ့မြင်ကြဟန် မတူကြပေ။

အိမ်မှာ မီးရောင်မရှိသဖြင့် မှောင်မည်းလျက် ရှိနေသည်။

အိမ်နှင့် မလှမ်းမကမ်း ရောက်လာသည့်တိုင် ထိုသဏ္ဌာန်ကို လှမ်းမြင်နေရပြီး အိမ်နားသို့ ရောက်တော့မှ ပျောက်သွားလေတော့သည်။

အိမ်ပေါ် ရောက်၍ မီးအိမ်ထွန်းပြီးသောအခါ နီမောင်က အိမ်အလယ်ခေါင်တိုင်အဖြစ် အသုံးပြုထားသော လဗတိုင်ကို ရယ်ရယ်မောမောဖြင့် ပြသည်။

“ဒီလဗတိုင်လေ. . . နင်ရှိတယ်ဆိုလို့ တောထဲက တကူးတက ခုတ်ပြီး အိမ်တိုင်လုပ်ထားတာ”

နီမောင်က ပြသဖြင့် မော့ကြည့်လိုက်သည်။

သူမစိတ်ထဲမှာ အိမ်ခေါင်တိုင်အပေါ်မှ တစ်စုံတစ်ယောက်က သူ့ကို ငုံ့ကြည့်နေသည်ဟု စိတ်ထဲမှာ ထင်နေမိလေသည်။

ထိုညက နှင်းမြခမျာ ကောင်းစွာအိပ်မပျော်ပေ။

မိမိအိပ်ယာမှ ကြည့်လျှင် အပေါ်မှာ အတိုင်းသား မြင်နေရသော အိမ်တိုင်ရှိရာသို့သာ မကြာခဏ ကြည့်နေမိတော့သည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ မှိုးခနဲ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားစဉ် မျက်စိထဲမှာ မြင်ကွင်းအချို့က ပေါ်လာတော့သည်။ အခြားမဟုတ်ပေ။

အိမ်အလယ်တိုင်နေရာမှ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးတစ်ခုက ပေါ်လာသည်။

အခြားမဟုတ်ပေ။

ဘီလူးမျက်နှာကြီးပင်ဖြစ်သည်။

ထိုဘီလူးမျက်နှာကြီးက တဖြည်းဖြည်းနှင့် အပြင်ဘက်သို့ ရှည်ထွက်လာပြီးနောက် တစ်ကိုယ်လုံး အပြင်သို့ ရောက်လာသည်။ အပြင်သို့ ရောက်သောအခါ စောစောက မြင်ရသော ဘီလူးမျက်နှာကြီး ပျောက်သွားပြီး တောထဲမှာ တွေ့ရသော လူမည်းကြီး၏မျက်နှာ ဖြစ်သွားလေသည်။

လူမည်းကြီးက သူရှိရာသို့ လျှောက်လာသည်။

ကြမ်းပြင်ပေါ် နင်းလာသောခြေသံမှာ ပြင်းလှသည်။

သို့သော် သူ့မဘေးမှာ အိပ်ပျော်နေသော နီမောင်ကတော့ မနိုးပေ။

လူမည်းကြီး အနားရောက်လာတော့ နှင်းမြက လှဲနေရာမှ ကပျာကယာ ထသည်။

"ရှင်. . . ရှင် ဒီအိမ်ကို ရောက်နေတာလား"

"ဟုတ်တယ်လေ. . . နင့်ကို လိုက်စောင့်နေတာပေါ့။ နင်ပေးထားခဲ့တဲ့ကတိကို မှတ်မိတယ် မဟုတ်လား"

"မှတ်. . . မှတ်မိပါတယ်"

"ငါ ကတိအတိုင်း နင်တို့နှစ်ယောက်ကို ညားအောင်





လုပ်ပေးခဲ့ပြီးပြီ၊ ကလေးမွေးပြီးရင်သာ ငါ့ဆီ လာဖို့ မမေ့နဲ့"

"ကျွန်မ. . . ကျွန်မ"

"အေး. . . ဘာဝဲဖြစ်ဖြစ် နင် ကတိပျက်ရင်ပဲဖြစ်ဖြစ် ငါ ဒီအိမ်မှာ မနေနိုင်အောင်ပဲဖြစ်ဖြစ် လုပ်ရင်တော့ နင့်ယောကျ်ားနဲ့ တမျိုးလုံး တဆွေလုံး သတ်စားပစ်မယ်၊ နောက်ပြီး ငါ ဒီအိမ်မှာ ရှိနေတာ ဘယ်သူ့ကိုမှ ပြောဖို့ စိတ်မကူးလေနဲ့၊ အဲဒီလိုပြောရင် နင့်ဗိုက်ထဲမှာ ရှိတဲ့ ကလေးကို မမွေးခင် သတ်စားပစ်မယ်"

ဟု ကြိမ်းလေသည်။

"မလုပ်ပါနဲ့ရှင်. . . ချမ်းသာပေးပါ"

"နောက်ပြီး ဒီအိမ်မှာ ဘုရားစာ တရားစာ ရွတ်တာတွေကို ငါ မကြိုက်ဘူး၊ ဘုရားရှိခိုးတာလဲ မကြိုက်ဘူး၊ အဲဒီတော့ နင့်ယောကျ်ားကို အဲဒါတွေ မလုပ်ဖို့ မှာထားပါ၊ ငါပြောတဲ့အတိုင်း မလုပ်ရင်တော့ နင် ဒုက္ခများပြီသာ မှတ်ပေတော့"

ဟု ပြောဆိုကာ ခြေသံပြင်းပြင်းနင်း၍ အိမ်တိုင်ဘက် ပြန်လျှောက်သွားပြီးနောက် အိမ်တိုင်အတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုမြင်ကွင်းပျောက်သွားတော့မှ နှင်းမြမှာလည်း တစ်ကျော့ပြန်၍ အိပ်ပျော်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [ ၁၄ ]

## တစ်ပွဲစားနိဂုံး

မမျှော်လင့်ပဲ နှင်းမြတစ်ယောက် ပြန်ရောက်လာသဖြင့် တစ်ရွာလုံးက အံ့သြနေကြသည်။

နီမောင့်မိဘများကလည်း ဝမ်းသာကြလေသည်။

"ငါဖြင့် ပြောတောင် မပြောချင်တော့ပါဘူး၊ နှင်းမြတစ်ယောက် တကယ်သေသွားပြီမှတ်လို့ ငါတို့ဖြင့် စိတ်မကောင်းဖြစ်လိုက်ကြရတာ၊ အခုတော့ဖြင့် ကလေးတစ်ယောက် မွေးကာနီးတော့မှပဲ ပြန်ရောက်လာတော့တယ်"

ဒေါ်ကျင်မေက ပြောသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ဦးတာတေက သမီးအငယ်မနဲ့ ဟန်ဆောင်လက်ထပ်ခိုင်းတာကိုး၊ အခုတော့လည်း သူ့လင်နဲ့ သူ့မယား စုံစုံညီညီ ဖြစ်တော့လည်း ပိုကောင်းတာပေါ့ကွာ"

ဦးဘရှိန်က နှင်းမြ ပြန်ရောက်လာသည်ကို သဘောကျနေဟန် ရှိလေသည်။

နီမောင်တစ်ယောက်ကတော့ နှင်းမြတစ်ယောက် နေမကောင်း ဖြစ်နေသောကြောင့် စက်ဆန်းရွာဘက်မှာ ရှိသော ဆရာကြီးတစ်ယောက်ကို သွားခေါ်လာသည်။

ထိုဆရာကြီးမှာ ယခင်ကတည်းက သိက္ခမ်းခင်မင်ဖူးသော ဆရာကြီး ဦးဗန်ကောင်းပင်ဖြစ်သည်။

ဦးဗန်ကောင်းက နီမောင်နှင့် ခင်မင်နေသူမို့ အိမ်လိုက်လာပြီး ဆေးကုပေးလေသည်။

ဦးဗန်ကောင်းသည် နှင်းမြကို ဆေးကုပေးရင်း နှင်းမြ၌ စွဲကပ်နေသော အမှောင့်ပယောဂကိုပါ မြင်လေသည်။

"နီမောင်. . . မင်းမိန်းမက သာမန်ဖြစ်နေတဲ့ရောဂါ အပြင် အမှောင့်ပယောဂတစ်မျိုးပါ စွဲကပ်နေတယ်"

"ဟင်. . . အဲဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ဗိုက်ထဲမှာ ကိုယ်ဝန်ကလည်း ရှိနေတော့ အခုလောလောဆယ်တော့ ကုလို့မရသေးဘူး၊ မွေးဖွားပြီးမှပဲ ကုပေးလို့ရမယ်"

ဟု ပြောလေသည်။

"ဒါဖြင့် အခု ဘယ်လိုလုပ်ရမလဲ ဆရာကြီး"





"အကာအကွယ်လေးတော့ လုပ်ထားပေးပါ့မယ်"

ဟု ပြောကာ နှင်းမြလည်ပင်းမှာ လက်ဖွဲ့ကြိုးတစ်ချောင်းကို ချည်ထားပေးလေသည်။

"မင်းလည်း အိမ်မှာ ဘုရားရှိခိုးပြီး ပရိတ်များများရွတ်ပေါ့ကွာ၊ ဒါမှ မကောင်းဆိုးဝါးတွေ ရှိရင် ပြေးတာပေါ့ကွာ"

"ကျွန်တော် ဘယ်ဂါထာရွတ်ရင် ကောင်းမလဲ ဆရာကြီး"

"ပရိတ်တော်တွေကတော့ ဘာပဲရွတ်ရွတ် ကောင်းတာချည်းပါပဲကွာ၊ မင်း အချိန်မရရင်တော့လည်း သမ္ဗုဒ္ဓေဂါထာကို နေ့တိုင်း (၉)ခေါက်ပြည့်အောင်တော့ ရွတ်ပေါ့ကွာ"

ဟု မှာထားခဲ့လေသည်။

သို့ကြောင့် နီမောင်လည်း ဦးဗန်ကောင်း မှာခဲ့သည့်အတိုင်း နေ့စဉ်ဘုရားရှိခိုးရန် ဘုရားစင်ကို ပြင်ဆင်ခြင်း၊ တဖက်အိမ်မှ ရုပ်ပွားတော်အချို့ ပုံတော်အချို့ကို ပင့်ဆောင်လာပြီး မိမိဘုရားစင်ပေါ်မှာ တင်ထားခြင်း၊ ဘုရားပန်းအိုးများ ပန်းလဲခြင်း၊ ဖယောင်းတိုင် အမွှေးတိုင် ထွန်းခြင်းများကို ပြုလုပ်နေရာ နှင်းမြက အနားရောက်လာပြီး. . .

"နီမောင်. . . နင် ဘာတွေလုပ်နေတာလဲဟင်"

"ဘုရားရှိခိုးမလို့ ပြင်ဆင်နေတာလေ နှင်းမြရဲ့၊ ဆရာကြီး မှာသွားတာ နင်မကြားဘူးလား၊ နင့်ကိုယ်မှာ မကောင်းဆိုးဝါး အနှောင့်အယှက်တွေ ရှိနေတယ်တဲ့၊ ဒါကြောင့် ဘုရားရှိခိုးဖို့ ပြင်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းမြမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်သော ကြောင့် နီမောင် ဘာအတွက် ယခုလို လုပ်နေသည်ကို သဘော မပေါက်လှပေ။

"ဟို. . . ဟို. . . နှင် ဘုရားရှိခိုးရင် ဟိုဘက်အိမ်မှာ သွားပြီးရှိခိုးပါလားဟင်"

ထိုစကားကြားတော့ နီမောင်မှာ အနည်းငယ် အံ့သြ သွားလေသည်။ နောက်မှ နှင်းမြမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဟုတ်သောကြောင့် ထိုသို့ပြောသည်ဟု ထင်ကာ ပြုံးလိုက် သည်။

"ဘာဖြစ်လို့လဲ နှင်းမြရဲ့၊ ကိုယ့်အိမ်မှာကိုယ် ဘုရားရှိခိုး တော့ အန္တရာယ် ကင်းတာပေါ့၊ ဘာလဲ. . . အိမ်မှာ ငါ ဘုရား ရှိခိုးတာကို မကြိုက်လို့လားဟင်"

"မ. . . မဟုတ်ပါဘူး၊ ကြိုက်ပါတယ်"

နှင်းမြက ဘာမှ ဆက်မပြောတော့သော်လည်း သူမ မျက်နှာလေးမှာ တစ်စုံတစ်ခုကို ကြောက်ရွံ့နေသလို သွေးမရှိ တော့သလို ဖြူဖပ်ဖြူလျော် ဖြစ်နေလေသည်။

နီမောင်ကတော့ ဘုရားစင် ပြင်ဆင်ပြီးသည်နှင့် ဘုရား ရှိခိုးလေတော့သည်။

ဘုရားရှိခိုးပြီးသည်နှင့် ပရိတ်ကြီး(၁၁)သုတ် ပါသော စာအုပ်ကို ရှေ့မှာ ချကာ ရသမျှ ရွတ်လေတော့သည်။

ထိုသို့ ရွတ်နေစဉ်မှာပင် တစ်စုံတစ်ယောက်က အိမ်တို ကိုင်လှုပ်နေသကဲ့သို့ တုန်လှုပ်လာသည်။





မိမိနောက်ဘက်မှ အသံမျိုးစုံကို ကြားလာရသည်။

တက်ခေါက်သံ၊ အံကြိတ်သံများကို အတိုင်းသား ကြား လာရသည်။

စိတ်ထဲမှာ မသင်္ကာသဖြင့် လှည့်ကြည့်တော့လည်း ဘာမှမတွေ့ရပေ။

တစ်ခါတစ်ရံလည်း ညဘက် တစ်ယောက်တည်း ထိုင် ၍ဘုရားရှိခိုးနေစဉ် နောက်ဘက်မှ လျှောက်လာသော ခြေသံ ကြားရသဖြင့် လှည့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပြန် ချေ။ တစ်ခါတစ်ရံလည်း ကျယ်လောင်သော တောက်ခေါက်သံ၊ အံကြိတ်သံများကို ကြားရလေသည်။

တစ်ကြိမ်မှာတော့ ဘုရားစင်ပေါ်မှာ ထွန်းထားသော ဖယောင်းတိုင်မီးများကို တစ်စုံတစ်ယောက်က မှုတ်ပစ်လိုက် သကဲ့သို့ အားလုံး ငြိမ်းသွားလေသည်။

နီမောင်စိတ်ထဲမှာ မသင်္ကာသလို ရှိလာသည်။

"ဦးဇန်ကောင်း ပြောသွားသလို ဒီအိမ်မှာ ပယောဂ အနှောင့်အယှက် ရှိနေတယ်ဆိုတာ ဟုတ်မယ်ထင်တယ်၊ နှင်းမြ နဲ့ နှင်းလှတို့ နှစ်ယောက်လည်း သူတို့ရဲ့အိပ်ခန်းတွေထဲမှာ အိပ် နေကြပြီဆိုတော့ ဖယောင်းတိုင်မီးကို လာငြိမ်းတာ ဘယ်သူများ ဖြစ်မလဲ"

ထိုသို့တွေးပြီး ပရိတ်ရွတ်ခြင်းများကို ရပ်လိုက်ပြီးနောက် အိပ်ယာဝင်ခဲ့လေသည်။

အိပ်ယာထဲ ရောက်တော့ နှင်းမြတစ်ယောက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေသည်ကို တွေ့ရသည်။

နီမောင်မှာ အိပ်ယာပေါ် ရောက်တော့လည်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ နဖူးပေါ် လက်တင်၍ စဉ်းစားနေမိသည်။

စိတ်ထဲမှာလည်း ရသမျှ ပရိတ်တရားများကို ရွတ်ဆိုနေသည်။

ထိုအခိုက်မှာပင် အိမ်အလယ်တိုင်ဆီမှ တောက်ခေါက်သံတစ်ချက် ကြားလိုက်ရသည်။

"တောက်. . ."

တိတ်ဆိတ်နေသော အချိန်မို့ တောက်ခေါက်သံကြီးကို အတိုင်းသား ကြားလိုက်ရသည်။

နီမောင် လှမ်းကြည့်လိုက်တော့ မှောင်နေသဖြင့် ဘာမှ မမြင်ရပဲ နောက်ထပ် တကျွိကျွိနှင့် အံကြိတ်သံကို ကြားရပြန်သည်။

"ကျွိ. . . ကျွိ. . . ကျွိ"

"ဟင်. . ."

ထို့နောက်မှာတော့ အိမ်ခေါင်တိုင်မှ ဖက်ဆင်းလာသော မည်းမည်းသဏ္ဌာန်တစ်ခုကို ဝိုးတဝါး မြင်နေရသည်။

"ခေါင်တိုင်က ဆင်းလာတာ ဘာကောင်လဲ"

ထိုသို့ တွေးနေစဉ်မှာပင် တိုင်ပေါ်မှ ဆင်းလာသော မည်းမည်းသဏ္ဌာန်မှာ အောက်ရောက်လာသည်။

တစ်ကိုယ်လုံး နက်မှောင်လျက်ရှိပြီး အမွေးစုတ်ဖွားနှင့်





ကြောက်စရာကောင်းသော သဏ္ဌာန်ဖြစ်သည်။

အပြင်ဘက်မှ တိုးဝင်လာသော အလင်းရောင် တစ်စွန်းတစ်စကြောင့် မည်းမည်းအကောင်၏ပုံပန်းသဏ္ဌာန်ကို မြင်နေရသည်။

မျက်လုံးက နီရဲနေပြီး အစွယ်ငေါငေါထွက်နေသော ဘီလူးတစ်ကောင်၏မျက်နှာမျိုး ဖြစ်သည်။

ထိုသဏ္ဌာန်က နီမောင် ရှိရာသို့ မလာပဲ အိမ်အလယ်လောက်မှာသာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။

ထိုသို့လျှောက်နေရင်းမှာပင် တက်ခေါက်လိုက်၊ အံကြိတ်လိုက်၊ လက်သီးတဆုပ်ဆုပ် လုပ်လိုက်နှင့် မကျေမနပ်ဖြစ်နေဟန် ရှိလေသည်။

နီမောင်ကလည်း မလှုပ်ဝံ့ပဲ အခြေအနေကို စောင့်ကြည့်နေသည်။

ခဏကြာတော့ ထိုသဏ္ဌာန်က နှင်းမြရှိသောအခန်းထဲသို့ ဝင်သွားလေသည်။

နီမောင်မှာ နှင်းမြအတွက် စိတ်ပူသွားလေသည်။

သို့သော်လည်း သူကိုယ်တိုင်ကပင် မလှုပ်ဝံ့အောင် ရှိနေသည်။

အတန်ကြာတော့ နှင်းမြအခန်းထဲမှ ဒေါသတကြီး ပြန်ထွက်လာပြန်သည်။

ပြီးလျှင် နှင်းလှ ရှိနေသောအခန်းသို့ ဝင်သွားပြန်လေသည်။ ခဏကြာတော့ နှင်းလှ၏ကြောက်လန့်တကြားအော်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသည်။

"အမယ်လေး . . . လာကြပါဦး၊ မည်းမည်းကြီး၊ မည်းမည်းကြီး"

ထိုအော်သံကြောင့် နီမောင်မှာ အိပ်နေရာမှ ကယောကယာ ထလိုက်သည်။

နှင်းမြအခန်းမှလည်း လှုပ်ရှားသံ ကြားရသည်။

သူ အခန်းဝ ရောက်တော့ နှင်းမြလည်း ထွက်လာသည်။

"နှင်းလှ . . နှင်းလှ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

"ကျွန်မအခန်းထဲကို မည်းမည်းကြီး ဝင်လာတာ တွေ့လိုက်တယ်၊ ကြောက်ဖို့ကောင်းလိုက်တာ၊ အကောင်က အကြီးကြီးရယ်"

ထိုစကားကြောင့် နှင်းမြမှာ မျက်စိမျက်နှာ ပျက်သွားသည်။

"အခု ဘယ်ရောက်သွားပြီလဲ"

"မသိဘူး . . . ကျွန်မ အော်လိုက်တာနဲ့ ပြန်ပျောက်သွားတာ"

"ဟင် . . ."

"နှင်းမြအခန်းထဲလည်း ဝင်တာလည်း ငါ လှမ်းမြင်လိုက်တယ်၊ နင်ရော မြင်လိုက်သေးလား နှင်းမြ"

"အင်း . . . မြင်လိုက်တယ်၊ ခါတိုင်းဆိုရင် ငါ့အနားရောက်အောင် သူလာတယ်၊ အခု မလှမ်းမကမ်းမှာ ရပ်ပြီး မျက်လုံးပြူးလိုက်၊ သွားဖြဲပြလိုက်၊ လက်သီးဆုပ်ပြလိုက်၊ အံ





ကြိတ်ပြလိုက် လုပ်ပြနေတယ်"

"နောက်တော့ရော . . ."

"နောက်တော့ မကျေမနပ်နဲ့ ပြန်ထွက်သွားပြီး နှင်းလှအခန်းထဲ ဝင်သွားပုံရတယ်"

"ကျွန်မဆီတော့ အနားရောက်အောင် ဝင်လာတယ်၊ အော်လိုက်တော့မှ ပြန်ထွက်သွားတာ"

"ဒီအတိုင်းဆိုရင်တော့ ဆရာကြီး ဦးဇန်ကောင်း ပြောသွားသလို ငါတို့အိမ်မှာ အနှောင့်အယှက် ရှိနေပုံရတယ်၊ မဖြစ်ဘူး . . . မနက်လင်းတာနဲ့ အဖေတို့ အမေတို့နဲ့ တိုင်ပင်ပြီး ဒီအိမ်မှာ ပရိတ်တရားနာဖို့ လုပ်ရမယ်"

"ဒီလိုလုပ်လို့တော့ မဖြစ်ဘူး နီမောင်၊ အဲဒီလို လုပ်လို့လည်း သူက ဒီက ခွာသွားမှာ မဟုတ်ဘူး"

"မခွာရင် ဘယ်မှာ နေတာလဲ"

"သူက . . ."

နှင်းမြက မပြောဝံ့သည့်အလား အတန်ကြာအောင် ငြိမ်သွားလေသည်။

"ပြောလေ နှင်းမြ၊ သူရှိနေတာကို နင် သိတယ်မဟုတ်လား၊ သူ ဘယ်မှာ နေတာလဲ"

ဟု မေးလိုက်တော့မှ ကြောက်ကြောက်လန့်လန့်ဖြင့် ပြောပြသည်။

"သူက ဒီအိမ်မှာ ရှိတယ်၊ ငါပြောရင် ကလေးကို သတ်စားပစ်မယ် ပြောလို့ မပြောဝံ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာကောင်လဲ"

"ဘီလူး . . သစ်စောင့်ဘီလူးလို့ ငါထင်တယ်"

"ဘီလူး ဟုတ်လား"

"ဟုတ်တယ်"

"နင်က ဘယ်လိုသိတာလဲဟင်"

နှင်းမြက တောထဲမှာ သူနှင့် တွေ့ပုံများကို ပြောပြလေသည်။

ထိုစကားကြားသောအခါ နီမောင်ရော နှင်းလှပါ နှစ်ယောက်စလုံး ထိတ်လန့်သွားကြသည်။

"ငါက အကြောင်းမသိခင်တုန်းကတော့ ဒီတိုင်မှာ နင်ရှိတယ်ထင်ပြီး တကူးတက တောထဲက ခွာလာခဲ့ရတာ၊ အခုတော့ ဒီမိစ္ဆာကောင်က လူတွေကို ဒုက္ခပေးဖို့ ဒီအိမ်ကို ရောက်အောင် လာနေခဲ့တာကိုး၊ ဒီအကြောင်းတွေကို ဆရာကြီး ဦးဖန်ကောင်းကို အကြောင်းကြားရမယ်"

"နီမောင် . . အဲဒီလို လုပ်လို့ သူ့ကို နိုင်မှာ မဟုတ်ဘူး၊ အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"အဖေကို ပြောပြရင် မကောင်းဘူးလား၊ အဖေက ဂန္ထဝင်တွေကို နိုင်တာဆိုတော့ သူ နှင်ထုတ်ပေးရင်များ ရနိုင်လား မသိဘူး"

"အဲဒီလိုဆိုရင်လည်း မနက်လင်းတော့ ဦးလေးကို အကျိုးအကြောင်း သွားပြောပြကြတာပေါ့"





ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ထိုညကတော့ နောက်ထပ် အန္တရာယ် တစ်စုံတစ်ရာ မတွေ့ကြရသော်လည်း ဘယ်သူမှ မအိပ်ဝံ့ကြတော့သဖြင့် မအိပ်ပဲ ထိုင်စောင့်ကြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ထိုအကြောင်းကို ဦးတာတေအား သွားပြောပြလိုက်သည်။

"မင်းတို့အိမ်မှာ သစ်ဘီလူး ရောက်ပြီး မွေနေတာဖြစ်မယ်၊ ညကျတော့ ငါလာခဲ့မယ်၊ အမဲသားတစ်အိုး ချက်ထားပြီး အရက်နှစ်ပုလင်းလည်း အဆင်သင့် ဆောင်ထားပါ၊ နောက်ပြီး မင်းတို့ သုံးယောက်လည်း ခေါင်းရင်းဘက်က အိမ်ကို ရွှေ့နေကြ၊ အဲဒီလို ရွှေ့သွားရင်းနဲ့ ဘုရားစင်ပေါ်က ဘုရားပုံတော်တွေ ရုပ်ပွားတော်တွေကိုပါ တစ်ခုမှ အိမ်မှာ မထားနဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ ဦးလေး"

"မိစ္ဆာကောင်နဲ့ တိုက်ခိုက်ရမှာ၊ ဒါတွေရှိနေလို့ မဖြစ်ဘူး"

"ဟို . . ဟို . . ဦးလေး ဖြစ်ပါ့မလား"

"ဒါကတော့ ညရောက်တော့မှ သိရတော့မပေါ့"

ဟု ပြောလိုက်သဖြင့် နီမောင်လည်း ပြန်လာသည်။

ထို့နောက်တွင် ဦးတာတေ မှာလိုက်သည့်အတိုင်း အမဲသားတစ်အိုး ချက်ကာ အရက်နှစ်ပုလင်းကိုပါ အဆင်သင့် ဆောင်ထားလိုက်လေသည်။

နေဝင်ရီတရောအချိန် ရောက်သောအခါ ဘုရားပုံတော်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရုပ်ပွားတော်များကိုပါ သယ်ဆောင်၍ ခေါင်းရင်းဘက်အိမ်သို့ ရွှေ့နေကြသည်။

ညဦးပိုင်း မှောင်ရီပျိုးစအချိန် ရောက်သောအခါ ဦးတာတေ ရောက်လာလေသည်။

"ငါပြောထားတာတွေ အဆင်သင့် လုပ်ထားပြီလား"

"လုပ်ထားတယ် ဦးလေး"

"အဲဒါတွေ ငါ့ကို ပေး"

ဟု တောင်းသဖြင့် အရက်နှစ်ပုလင်းနှင့် အမဲသားအိုးကို ပေးလိုက်သည်။

အမဲသားမှာ နူးအောင် ချက်ထားခြင်းမဟုတ်ပဲ ရေတစ်ပွက်နှစ်ပွက် ဆူရုံမျှသာ ရှိသေးသည်။

ဦးတာတေက. . .

"ညရောက်ရင် ဟိုဘက်အိမ်က ဘယ်လိုအသံမျိုးတွေပဲကြားကြား ဘယ်သူမှ မလာခဲ့ကြနဲ့နော်"

ဟု မှာကြားကာ အမဲသားဟင်းအိုးကို တစ်ဖက်ကိုင်၊ အရက်နှစ်ပုလင်းကို တစ်ဖက်ကိုင်ကာ နီမောင်တို့အိမ်ဘက်သို့ လာလေသည်။

အိမ်မှာ မီးရောင်မရှိသောကြောင့် မှောင်နေသည်။

ဦးတာတေက အိမ်ပေါ် ရောက်သောအခါ ယူဆောင်လာသော အရက်နှစ်ပုလင်းနှင့် အမဲသားအိုးကို အလယ်တိုင် အနီး ကြမ်းပြင်ပေါ်မှာ ချလိုက်သည်။

"ကဲဟေ့. . . အမဲသားနဲ့ အရက်ရောက်ပြီ၊ လာဆင်း





စားလှည့်. . . သောက်ရအောင်ကွယ့်"

ဟု လှမ်းပြောကာ အရက်ပုလင်းကို ဖွင့်လိုက်သည်။

ထို့နောက် ပုလင်းလိုက် မော့သောက်လိုက်လေသည်။

ပြီးလျှင် အိုးထဲမှ အမဲသားဟင်းများကို လက်ဖြင့် နှိုက်ကာ စားလေသည်။

ထိုသို့ စားလိုက်သောက်လိုက် လုပ်နေပြီး အတန်ကြာသောအခါ သူ့နံဘေးမှာ မည်းမည်းသဏ္ဌာန်တစ်ကောင် လာရပ်နေသည်။

ဦးတာတေက အရက်သောက်ရင်း တစ်ချက်ငဲ့ကြည့်သည်။

"မင်းက ဘာကောင်လဲ"

". . . . . . . . . ."

"သစ်စောင့်ဘီလူး ဟုတ်လား၊ ဘယ်မှာ နေတာလဲ"

". . . . . . . . . ."

"ဒီအလယ်တိုင်ထဲမှာ နေတာတော့ ဟုတ်ပါပြီ၊ ဘာကြောင့် ဒီအိမ်မှာ လာနေတာလဲ"

". . . . . . . . . ."

"ဘာ. . . ဒီအိမ်က လူတွေကို စားမလို့ ဟုတ်လား၊ ဒီလို စားလို့ ဖြစ်မလားကွ၊ ဒီအိမ်မှာ ရှိတဲ့လူတွေက ငါ့သားတွေ သမီးတွေပဲ၊ ငါရှိနေရက်သားနဲ့ မင်းလုပ်ချင်တိုင်း လုပ်လို့ရတဲ့လား၊ ကိုင်း. . . ဒီလိုလုပ်မယ်၊ အခုည မင်းနဲ့ငါနဲ့ နပန်းလုံးမယ်၊ မီးမလင်းမချင်း လုံးမယ်၊ ရှုံးတဲ့လူက ဒီအိမ်က ထွက်သွားရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလဲ"

"..........."

"အေး. . . ငါလည်း ဒါမျိုးမှ သဘောကျတာ၊ နပန်းမလုံးခင် ငါယူလာတဲ့အရက်နဲ့ အမဲသားကို စားလိုက် သောက်လိုက်ဦးဟေ့"

ဟု ဦးတာတေက ပြောသဖြင့် မည်းမည်းသဏ္ဍာန်က သူ့အနားမှာ ဆောင့်ကြောင့်လာထိုင်ပြီး အမဲသား စားလိုက် အရက်ပုလင်း မော့သောက်လိုက် လုပ်နေသည်။

ဦးတာတေကလည်း အနားမှာ မည်းမည်းသဏ္ဍာန်ကြီး ရှိနေသည်ကို ဆုံးဝ အမှုမထားပဲ စားလိုက်သောက်လိုက် လုပ်နေသည်။ အတန်ကြာသောအခါ အမဲသားလည်းကုန်၊ ပုလင်းထဲမှာလည်း အရက်က တစ်စက်မှ မကျန်တော့ပေ။

စားသောက်ပြီးသည်နှင့် တစ်ယောက်နှင့်တစ်ယောက် ဖက်ကာ နပန်းလုံးကြလေသည်။

အလုံးအထည်နှင့် အရုပ်အမောင်းက သစ်စောင့်ဘီလူးက ဦးတာတေနှင့် အနည်းငယ် သာသော်လည်း ထိုးကြိတ်သတ်ပုတ်ရာမှာတော့ ဦးတာတေက သာလေသည်။

ဒီဘက်အိမ်မှ အခြေအနေကို နားစွင့်နေကြသော ဦးဘရှိန်တို့တတွေမှာလည်း ဘယ်သူမှ မအိပ်ဝံ့ကြပဲ တစ်ဖက်အိမ်သို့ နားစွင့်နေကြရာ တစ်ညလုံး အိမ်အတွင်းမှ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် နပန်းသတ်နေသောအသံများ၊ ထိုးကြိတ်သံ၊ တန်ကျောက်သံများ၊ ကြိမ်းမောင်းသံ၊ မာန်ဖီသံတို့ကိုပါ အတိုင်းသား





ကြားနေရသည်။

"နီမောင်. . . တယ်ပြီးကြမ်းလှပါလား၊ ဖြစ်မှ ဖြစ်ပါ့မလား"

ဦးဘရှိန်က စိုးရိမ်တကြီး မေးလိုက်သည်။

"ဖြစ်ပါတယ် အဖေရဲ့. . . မစိုးရိမ်ပါနဲ့"

"ဦးတာတေများ တကယ်လို့ မနိုင်ရင် ငါတို့အိမ်ဘက်များ တက်လာလေမလား"

"မလာပါဘူး အဖေရဲ့၊ သူနိုင်မှာပါ"

ဤသို့ဖြင့် တစ်ညလုံးလိုလို ဆူညံသံများ ကြားရပြီး အရုဏ်တက်ချိန် ရောက်တော့မှ တဖြည်းဖြည်း ငြိမ်ကျသွားသည်။

အရိပ်အခြေ ကြည့်တော့လည်း ဦးတာတေလည်း အပြင်သို့ ထွက်မလာပေ။

သို့ကြောင့် အနည်းငယ် အလင်းရောင် ရသောအချိန်တွင် နီမောင်နှင့် စောထီး၊ ငမဲအောင်၊ နှင်းမြ၊ နှင်းလှတို့တတွေ ထိုအိမ်ဘက်သို့ ကူးလာကြသည်။

အိမ်ပေါက်ဝ ရောက်တော့ အခြေအနေကို လှမ်းကြည့်လိုက်သောအခါ ကြမ်းပြင်ပေါ်မှာ စန့်စန့်ကြီး လဲနေသော ဦးတာတေကို လှမ်းမြင်ရသဖြင့် ကပျာကယာ အိမ်ပေါ် တက်သွားပြီး ကြည့်သောအခါ ဦးတာတေတစ်ယောက် မျက်လုံးပြူးလျှာထွက်ကာ ပါးစပ်၊ နှာခေါင်း၊ မျက်လုံးထဲမှ သွေးများ ထွက်ကာ အသက်ပျောက်နေသည်ကို တွေ့မြင်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးတာတေတစ်ယောက်ကတော့ ဘဝဆိုးမှ လွတ်မြောက်သွားလေပြီလား။

နှင်းမြနှင့် နှင်းလှတို့ ငိုသံများက ပေါ်ထွက်လာလေတော့သည်။





## အခန်း [ ၁၅ ]

## သစ်ဘီလူးနှင့် တစ်ပွဲစားဝိညာဉ်

ဦးတာတေ သေဆုံးသွားပြီးနောက် နီမောင်က စေခိုင်းလိုက်သဖြင့် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ဆရာကြီးဦးဗန်ကောင်းကို ခေါ်လာကြသည်။

ရောက်လျှင်ရောက်ချင်း ဦးဗန်ကောင်းက အိမ်ပေါ်မှာ သေဆုံးနေသော ဦးတာတေအလောင်းကို ဝင်ရောက်ကြည့်ရှုလေသည်။

လည်ပင်း၌ လက်ငါးချောင်းရာများထင်နေပြီး အသက်ပျောက်နေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဤသို့ပြောသည်။

"သူ့ကို ချက်ချင်း မသင်္ဂြိုဟ်နဲ့ဦး၊ သုံးရက်ပြည့်အောင်ထားပြီးမှ သင်္ဂြိုဟ်ကြပါ"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"အခုအချိန်မှာ ချက်ချင်း သင်္ဂြိုဟ်လိုက်ရင် အိမ်သူအိမ်သားတွေကို ထိခိုက်စရာတွေ ရှိတယ်၊ ဒီတော့ သူ့အလောင်းကို တောထဲမှာ အလောင်းစင် မြင့်ပြီး တင်ထားလိုက်ပါ၊ ဒီအိမ်မှာ လုပ်စရာရှိတာ လုပ်ပြီးလို့ သုံးရက်ပြည့်တော့မှ မီးရှို့ပြီး သင်္ဂြိုဟ်လိုက်ပါ"

ဟု မှာသဖြင့် ဦးတာတေအလောင်းကို တောထဲသို့ သယ်ယူသွားပြီးနောက် လေးတိုင်စင် အလောင်းစင် ဆောက်လုပ်၍ တင်ထားကာ အပေါ်မှာ သပေ့ါဖျာ အုပ်ထားလိုက်သည်။

ထို့နောက် ရွာသို့ ပြန်လာကြသည်။

"ဟဲ့ . . နီမောင်၊ မင်းတို့သုံးယောက်က ငါနဲ့ ဟိုဘက်အိမ်ကို လိုက်ခဲ့ပါ"

ဟု ခေါ်သဖြင့် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်က ဦးဇန်ကောင်းနှင့် တစ်ဖက်အိမ်သို့ လိုက်သွားကြသည်။

တစ်ညလုံး နပန်းသတ်ထားကြဟန်ဖြင့် တစ်အိမ်လုံး ကျိုးပဲ့ပျက်စီးကာ ပြန့်ကျဲလျက်ရှိသည်။

"နီမောင်ရေ . . ဘုရားစင်ပေါ်က ဘုရားရုပ်တုတွေ ဘယ်ရောက်ကုန်ပြီလဲဟ"





"ဟိုဘက်အိမ် ရွှေ့ထားဆိုလို့ ရွှေ့ထားတယ် ဆရာကြီး"

"ရုပ်ပွားတော်တွေရော ပုံတော်တွေပါ ဒီကို ပြန်ပင့်လာကြ"

ဟု ခိုင်းသဖြင့် တစ်ဖက်အိမ် ရောက်နေသော ဘုရားပုံတော်နှင့် ရုပ်ပွားတော်များကို ပြန်ပင့်ကာ ယူဆောင်လာကြသည်။

ဘုရားစင်ပေါ် နေသားတကျ ပြန်တင်ပြီးသောအခါ ဦးဇန်ကောင်းက ဝှင်းစီရင်ထားသော လက်ဖွဲ့ကြိုးတစ်ချောင်းစီကို ပေးသဖြင့် သုံးယောက်စလုံး လည်ပင်း၌ ဆွဲထားကြသည်။

"မင်းတို့က ငါ့အနားမှာပဲ နေကြ၊ ဘာကိုမှ ကြောက်စရာ မရှိဘူး"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော်တို့ မကြောက်တတ်ပါဘူး"

"ဒါထက် မိစ္ဆာကောင်တွေ ထွက်လာတာ ဘယ်တိုင်လဲကွယ့်"

"အလယ်ခေါင်တိုင်ပါ"

ဦးဇန်ကောင်းက နီမောင်ပြသောတိုင်ကို တစ်ချက်မော့ကြည့်သည်။

ထိုအခါ အပေါ်မှ ငုံ့ကြည့်နေသော ကြောက်မက်ဖွယ်မျက်နှာတစ်ခုကို သတိပြုမိလိုက်သည်။

ပြီးလျှင် ပရိတ်ကြိုးများဖြင့် ထိုတိုင်ကို ပတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပတ်ထားပြီးသည်နှင့် အိမ်တစ်ခုလုံးကိုပါ အပြင်ဘက်မှ ပတ်ထားစေရာ နီမောင်တို့က လုပ်ပေးရသည်။

ထိုသို့ ပတ်ထားခဲ့ပြီးနောက် တစ်ဖက်အိမ်သို့ ပြန်လာကြသည်။

ထိုအိမ်မှာပင် ထမင်း၊ ကွမ်းဆေး၊ လက်ဖက်တို့ကို စားသောက်ရင်း နားလေသည်။

ထိုသို့ နားရင်းမှာပင် နီမောင်က သူသိချင်တာကို မေးကြည့်ရလေသည်။

"ဆရာကြီး . . . ကျွန်တော်တို့အိမ်မှာ နှောင့်ယှက်နေတာ ဘာလဲဟင်"

"သစ်ဘီလူးပါ"

"သစ်ဘီလူးက ဘာကြောင့် ဒီအိမ်ရောက်နေတာလဲဟင်"

"မင်းတို့က သူရှိတဲ့သစ်ပင်ကို ခုတ်ယူလာပြီး အိမ်တိုင်တောင် လုပ်ထားမှတော့ သူက လိုက်နေတော့တာပေါ့၊ ဘယ်လိုကနေဘယ်လို ရခဲ့တယ်ဆိုတာကိုလည်း တဆိတ်လောက် ပြောပြပါဦး"

ဟု မေးသဖြင့် နီမောင်က နှင်းမြကို အိပ်မက်မက်ရာမှ အစ ထိုသစ်ပင်၌ နှင်းမြ ရှိနေသည်ဟု အယူစွဲကာ သစ်ပင်ကို ခုတ်ယူလာပြီး အိမ်တိုင်လုပ်ထားပုံကို ပြောပြလိုက်သည်။

"နှင်းမြဆိုတာ ဟိုကိုယ်ဝန်နဲ့ မိန်းကလေးလား"

"ဟုတ်ပါတယ် ဆရာကြီး"





"သစ်ဘီလူးက အဲဒီကလေးမကို အရင်ဝင်နှောက်တာ ပြီးမှ မင်းတို့အိမ်ကို ရောက်လာအောင်လို့ သူကပဲ ကမ္မဇိတ္တိ တန်ခိုးနဲ့ တဖြည်းဖြည်း ဖန်တီးယူခဲ့တာ၊ သူ့ရဲ့အကြံအစည်တာတော့ တစ်ယောက်ပြီးတစ်ယောက် စားဖို့ပါပဲ"

"အဲဒီလို စားလို့ရော ရသလား ဆရာကြီး"

"ရတာပေါ့ . . . လူကို အန္တရာယ်ပြုတဲ့ သစ်အမျိုးအစားတွေထဲမှာ သစ်ဘီလူး၊ သစ်စုန်း၊ သစ်ကျတ်စွဲ၊ သစ်တံခါး၊ သစ်ညီနောင် စတဲ့ အမျိုးအစားတွေက လူတွေကို ဒုက္ခပေးလေ့ရှိတယ်၊ အဲဒီမှာမှ ကြောက်စရာ အကောင်းဆုံးကတော့ သစ်စုန်းနဲ့ သစ်ဘီလူးပဲ"

"သူတို့က ဘယ်လိုဒုက္ခပေးတာလဲ"

"သစ်စုန်းက ညဘက်တွေမှာ အသက်ဝင်လာပြီဆိုရင် လူတွေကို လိုက်သတ်ပြီး သွေးစုပ်လေ့ရှိတယ်၊ သစ်ဘီလူး ရှိတဲ့ သစ်ပင်၊ သစ်သားကို အသုံးပြုပြီး ဆောက်ထားကဲ့အိမ်မှာ နေတဲ့ လူ မှန်သမျှ တစ်ယောက်ပြီးတစ်ယောက် သေလေ့ရှိတယ်၊ သစ်ဘီလူး ဆိုရာမှာတောင် နှစ်မျိုးနှစ်စား ရှိတယ်၊ တစ်ပျိုးက သဘာဝအတိုင်း ဖြစ်နေတဲ့ သစ်ဘီလူးပေါ့"

"သဘာဝအတိုင်း ဖြစ်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာကြီး"

"သဘာဝအတိုင်း ဖြစ်တယ်ဆိုတာ သစ်ပင်ရဲ့အပြင်ဘက်မှာပဲဖြစ်ဖြစ်၊ အတွင်းသား အနှစ်ပိုင်းထဲမှာပဲဖြစ်ဖြစ် ဘီလူးမျက်နှာမျိုး ပေါ်နေတတ်တယ်၊ အဲဒါက သဘာဝသစ်ဘီလူး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်မျိုးက လူတွေ ဖန်တီးပြုလုပ်တဲ့ သစ်ဘီလူးဆိုတာ ရှိသေးတယ်"

"ဘယ်လိုဟာမျိုးလဲ ဆရာကြီး"

"ကျောင်းဆောက်ရာမှာပဲဖြစ်ဖြစ် အိမ်ကြီးအိမ်ကောင်းတွေ ဆောက်တဲ့အခါမှာ လက်သမားဆရာက မကြည်ဖြူလို့ တိုင်ရဲ့တစ်နေရာမှာ ဘီလူးမျက်နှာ ဒါမှမဟုတ် ဘီလူးရုပ် တစ်ခုခု ထွင်းထားခဲ့တာမျိုးပေါ့၊ တစ်နေ့ကျလို့ အဲဒီဘီလူးရုပ်က အသက်ဝင်လာတဲ့အခါ အဲဒီအိမ်မှာ ဘယ်သူမှ နေလို့မရအောင် ဒုက္ခပေးလေ့ရှိတယ်၊ အဲဒါကို ပုဏ္ဏကတိုက်တယ်လို့ ခေါ်ကြတယ်"

"တယ်လည်း ကြောက်ဖို့ကောင်းပါလား"

"အသက်ဝင်နေတဲ့ မိစ္ဆာတွေ မှန်သမျှတော့ အားလုံး ကြောက်ဖို့ကောင်းကြတာချည်းပါပဲ၊

တခြားမကြည့်နဲ့၊ အခုကိစ္စကိုပဲ ကြည့်ပေတော့၊ တောထဲမှာ သစ်ဘီလူး ရှိတဲ့အပင်က ဒီအိမ်ကို ရောက်လာဖို့ဆိုတာ တော်ရုံ လွယ်တာမှ မဟုတ်တာ၊ သူက အသက်ဝင်နေပြီး မရောက်ရောက်အောင် လုပ်လို့သာ အခုလို ရောက်နေရတာပေါ့"

"ဒါဖြင့် အခု ဘယ်လိုလုပ်မှာလဲ ဆရာကြီး"

"ဖျက်ဆီးပစ်ရမှာပေါ့. . . ဒီထက် အချိန်ကြာလာရင် သူ့ကို နိုင်မှာ မဟုတ်တော့ဘူး၊ အဲဒီအချိန်ကျမှဆိုရင် သူက အားလုံးကို ဒုက္ခလိုက်ပေးတော့မှာ"





ဟု ပြောပြလေသည်။

"ဒါထက် ဆရာကြီးရော သူ့ကို နိုင်ပါမလားဟင်"

"ကျုပ်ကတော့ ဆေးကုနေတဲ့ဆရာဆိုတော့ သူ့ကို နိုင်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ သူတို့ကို နိုင်တဲ့အရာတွေ ရှိပါတယ်"

"ဘာတွေလဲ ဆရာကြီး"

"ဘုရားဂုဏ်တော် တရားဂုဏ်တော်တွေဟာ ဘယ်မိစ္ဆာတွေကိုမဆို နိုင်ပါတယ်၊ မိစ္ဆာတစ်ကောင်ဟာ ဘယ်လောက်ပဲ စွမ်းအားကြီးနေပါစေ၊ ပရိတ်တရားတော် တစ်ပိုဒ်ကိုတောင် မခံနိုင်ပါဘူး၊ ဒါကြောင့် ကြောက်စရာ မလိုပါဘူး၊ အခုလည်း ပရိတ်ကြိုးတွေနဲ့ အိမ်တိုင်ရော အိမ်ကိုပါ ဝိုင်းပတ်ထားတော့ သူ ထွက်ပြေးလို့ မရတော့ဘူးပေါ့"

"ဒါဖြင့် ဘယ်အချိန် သွားကြမလဲ ဆရာကြီး"

"နေဝင်တာနဲ့ သွားကြတာပေါ့"

ဟု ပြောဆိုကာ တစ်နေ့လုံး ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ထားကြလေသည်။

ညနေပိုင်း နေဝင်ရီတရောအချိန် ရောက်သည်နှင့် ဦးဇန်ကောင်းနှင့် နီမောင်တို့သုံးယောက် အိမ်ဘက် ပြန်လာကြသည်။

အိမ်ပေါ် ရောက်သည်နှင့် ညည်းညူသံလိုလို ဝူးဝူးဝါးဝါး အသံလိုလို မသဲမကွဲ ကြားကြရသည်။

ထို့ပြင်. . .



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်သံလိုလို အံကြိတ်သံလိုလို အသံများလည်း အတိုင်းသား ကြားနေရသည်။

"ဘာပဲတွေ့တွေ့ မကြောက်ကြနဲ့၊ မင်းတို့ကို သူ ဘာမှ လာမလုပ်နိုင်ဘူး၊ အနားကပ်လာရင် သမ္ဗုဒ္ဓေဂါထာကိုသာ ရွတ်လိုက်၊ ရတယ်မဟုတ်လား"

"ရပါတယ် ဆရာကြီး"

ထို့နောက်. . .

ဦးဇန်ကောင်းက ဘုရားစင်ပေါ်မှာ ဖယောင်းတိုင်များ ထွန်းသည်။ အိမ်အလယ်တိုင် ပတ်လည်ကိုပါ ဖယောင်းတိုင်လေးတိုင် အထွန်းခိုင်းသဖြင့် နီမောင်က ထွန်းလိုက်သည်။

"အဲ့ဒီမီးမပြတ်အောင် မင်းတို့သုံးယောက်က တာဝန်ယူကြ"

"ဟုတ်ကဲ့ ဆရာကြီး"

ပြီးသည်နှင့် ဆရာကြီး ဦးဇန်ကောင်းက ဘုရားရှိခိုးသည်။

ဘုရားရှိခိုးပြီးသည်နှင့် စာအုပ်တစ်အုပ်ကို ဖွင့်ကာ ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်လေတော့သည်။

ဆရာကြီးမှာ ကြေးစည်ထုလိုက်၊ ပရိတ်ရွတ်လိုက်နှင့် ပြုလုပ်နေရာ အတန်ကြာတော့ တစ်အိမ်လုံး သိမ့်သိမ့်တုန်လာသည်။

လျှင်လှုပ်သကဲ့သို့ တုန်လာသဖြင့် လိုက်ကြည့်တော့လည်း ဘာမှ မတွေ့ကြရပေ။





နောက်တော့မှ တစ်အိမ်လုံး သွက်သွက်ခါအောင် လှုပ်နေခြင်းမှာ အခြားကြောင့် မဟုတ်ပဲ အိမ်၏အလယ်ခေါင်တိုင်ကို တစ်စုံတစ်ယောက်က ကိုင်လှုပ်နေသကဲ့သို့ သိမ့်သိမ့်တုန်နေခြင်း ဖြစ်လေသည်။

နီမောင်တို့ သုံးယောက်ကလည်း မနီးမဝေးမှ အခြေအနေကို ကြည့်နေကြသည်။

ဦးဇန်ကောင်းကလည်း ပရိတ်တော်များကို အဆက်မပြတ် ရွတ်ဖတ်ပူဇော်နေသည်။

အတန်ကြာတော့ အလယ်တိုင်အပေါ်ဘက်မှ မည်းမည်းသဏ္ဌာန်တစ်ကောင် တိုင်ကို ဖက်တွယ်၍ ဆင်းလာသည်။

"နီမောင် ဟိုမှာ ဆင်းလာပြီ"

"ဘာမှ မကြောက်ကြနဲ့၊ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဖို့ ဆရာကြီး မှာထားတယ် မဟုတ်လား. . . ရွတ်ကြတာပေါ့"

ဟု ပြောဆိုကာ သုံးယောက်သား သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်ကြလေသည်။

သူတို့သုံးယောက်ထံမှ သမ္ဗုဒ္ဓေဂါထာ ရွတ်သံကြားသောအခါ တိုင်ကို ဖက်၍ ဇောက်ထိုးဆင်းလာသော မည်းမည်းအကောင်မှာ ရပ်တန့်သွားသည်။

သို့သော် နီမောင်တို့ကို မျက်လုံးပြူးကြီးနှင့် အပေါ်မှ ငုံ့ကြည့်နေသည်။

ဖယောင်းတိုင်မီးရောင်ဖြင့် ၎င်း၏မျက်လုံးကြီးများမှာ နီရဲနေသည်ကို မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်းက အပေါ်မှ မျက်လုံးပြူးပြူးလိုက်၊ ပါးစပ်ဖြဲကာ မာန်ဖီလိုက်နှင့် လုပ်ပြနေသော်လည်း နီမောင်တို့က မကြောက်ပဲ တရားစာကို ရွတ်မြဲရွတ်နေကြသည်။

ခဏနေတော့ အပေါ်ပြန်တက်သွားသည်။

ဖယောင်းတိုင်မီးများ ငြိမ်းလျှင် နောက်တစ်တိုင် ထွန်းလိုက်၊ အပေါ်မှ မည်းမည်းသဏ္ဍာန် ဆင်းလာလျှင် သမ္ဗုဒ္ဓေ ဂါထာရွတ်လိုက်နှင့် ရှိနေရာ တဖြည်းဖြည်းနှင့် အချိန်ကလည်း သန်းခေါင်ယံအချိန် ရောက်ခဲ့ပေပြီ။

ဦးဗန်ကောင်းမှာလည်း ရွတ်ဖတ်မှုများကို အဆုံးမသတ်ဘဲ ရွတ်မြဲဆက်ရွတ်နေလေသည်။

နောက်တစ်ကြိမ်မှာတော့ မည်းမည်းအကောင်ကြီးမှာ တိုင်အတွင်း၌ ဆက်နေ၍ မရတော့ဟန်ဖြင့် အပေါ်မှ ဇောက်ထိုးဆင်းလာသည်။ အောက်ဖက်ရှိ တားထားသော ပရိတ်ကြိုးများအနီးသို့ ရောက်သောအခါ လျှပ်စစ်နှင့် ထိလိုက်သကဲ့သို့ တွန့်ကနဲ ဖြစ်သွားပြီးနောက် အပေါ်ပြန်တက်ပြေးသွားသည်။

အပေါ်ရောက်တော့လည်း မနေနိုင်ပဲ ပြန်ဆင်းပြေးလာပြန်သည်။

အောက်ရောက်တော့ ပြန်တက်ပြေးပြန်သည်။

ဤသို့ဖြင့် တစ်ညလုံး ခြောင်းဆန်အောင် ရှိနေပြီးနောက် စူးစူးဝါးဝါးအော်သံများ ကြားကြရသည်။

"ဝူး . . . ဝူး . . . ဝူး"

"ပူလှချည်ရဲ့ လောင်လှချည်ရဲ့၊ လမ်းဖယ်ပေးကြပါ၊





လမ်းဖွင့်ပေးကြပါ"

ဟူသောအသံနက်ကြီးနှင့် အော်ပြောသံကိုပါ အတိုင်းသား ကြားကြရသည်။

သို့သော်လည်း ဦးဗန်ကောင်းသည် လည်းကောင်း၊ နီမောင်တို့သုံးယောက်သည်လည်းကောင်း ရွတ်ဖတ်သရဇ္ဈာယ်နေမှုများကို မရပ်တန့်ကြပဲ ဆက်ရွတ်မြဲရွတ်ကြလေသည်။

နောက်ဆုံး အရုဏ်တက်ချိန်လောက် ရောက်သောအခါ အပေါ်မှ အော်သံများ တဖြည်းဖြည်းနှင့် ငြိမ်ကျသွားတော့သည်။

နံနက်လင်းသောအချိန်တွင် ဦးဗန်ကောင်းက ပြောသည်။

"မိစ္ဆာကောင်တော့ တိုင်အတွင်းမှာ ပိတ်မိသွားပြီ၊ ဒီတိုင်ကို ထုတ်ပြီး ဖျက်ဆီးပစ်လိုက်ရင် အန္တရာယ် ငြိမ်းပါပြီ"

ဟု ပြောသဖြင့် နောက်တစ်နေ့ နံနက်လင်းသည်နှင့် အိမ်၏အလယ်ခေါင်တိုင်ကို ဖြုတ်ကြလေသည်။ အိမ်မပျက်ပဲ အလယ်ခေါင်တိုင်ကိုသာ ဖြုတ်တောက်၍ ဖယ်ရှားရသဖြင့် အနည်းငယ် ခက်ခဲမှု ရှိလေသည်။

"မြေကြီးထဲ စိုက်ထားတဲ့ တိုင်ငုတ်ပါ မကျန်ရအောင် တူးပစ်ကြဟေ့"

ဟု ပြောသဖြင့် တိုင်ငုတ်ပါ မကျန်ရအောင် တူးထုတ်ကြသည်။

အားလုံး အပြင်သို့ ရောက်သောအခါ တိုင်ကို အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ဖြတ်စေရာ အလယ်နေရာ ရောက်သောအခါ တိုင်၏ အလယ်ခေါင် အနှစ်သားနေရာ၌ ထင်ထင်ရှားရှား ပေါ်နေသော သစ်ဘီလူးမျက်နှာကြီးကို အားလုံး တွေ့မြင်ကြရသည်။

"သစ်ဘီလူးဆိုတာ အဲဒါပဲ၊ သူက သစ်ပင်ရဲ့အတွင်းမှာ ရှိတာဆိုတော့ ဘယ်သူမှ မသိနိုင်ဘူး၊ ဒါတောင် အချိန်မီ သိလို့ တော်တာ၊ မဟုတ်ရင် လူတွေကို ဒုက္ခပေးမှာ အသေအချာပဲ"

"အခု ဘာလုပ်ရမှာလဲ ဆရာကြီး"

"အဲဒီတုံးတွေကို မီးပုံပြီး ရှို့လိုက်တော့ပေါ့"

ဟု ပြောသဖြင့် တိုင်ဖြတ်ထားသော အပိုင်းအဖြတ်များကို အိမ်ရှေ့ကွက်လပ် ထုတ်ပြီးနောက် မီးပုံရှို့လိုက်လေတော့သည်။

"သစ်ဘီလူးကတော့ ကိစ္စပြတ်သွားပြီ၊ ဒါပေမယ့် သူ့ရဲ့ ဝိညာဉ်ကတော့ တစ်နေရာကို ရောက်သွားမှာ အမှန်ပဲ၊ ကိုင်း.. ငါတို့ တောထဲ သွားကြရအောင်"

ဟု ခေါ်သွားသဖြင့် နီမောင်တို့လည်း ဦးပန်ကောင်း နောက်မှ လိုက်သွားကြလေသည်။

တောတွင်းသို့ ရောက်သောအခါ အလောင်းစင်ပေါ်၌ ဦးတာတေအလောင်းကို မတွေ့ရတော့ပေ။

အလောင်းစင်ပေါ်၌ တက်ခွေနေသော မြွေအနက် တစ်ကောင်ကိုသာ တွေ့ကြရသည်။

မြွေဟောက်နက်က သူတို့ လာသည်ကို မြင်သောအခါ 'ဖြီး' ကနဲ မာန်ဖီသံ တစ်ချက်ပေး၍ ခေါင်းထောင်ကြည့်သည်။





ပြီးလျှင် အောက်သို့ ဆင်း၍ တောထဲသို့ ဝင်သွားလေသည်။

"ဆရာကြီး.. ဦးတာတေအလောင်း ဘယ်ရောက်သွားပြီလဲ၊ တောကောင်တွေများ ဆွဲယူသွားပြီလား"

"မဟုတ်ပါဘူး.. ဦးတာတေက ငါတို့မျက်စိနဲ့ မမြင်နိုင်တဲ့ ဝိညာဉ်ဘဝကို ရောက်သွားပြီ၊ အမှန်တော့ သူက လူ့ဘဝကနေ သရဲဘဝကို ရောက်သွားပြီဆိုတော့ ငါတို့တွေ မမြင်နိုင်တော့ဘူး"

"ဒါဖြင့် သူ့အလောင်းကရော ဟင်"

"သူ့အလောင်းကိုလဲ သူပဲ ပြန်ယူသွားမှာပေါ့၊ တစ်ပွဲစားတွေဟာ လူ့ဘဝကနေ သရဲဘဝကို ဘဝမပြောင်းပဲနဲ့ တစ်ခါတည်း ကူးသွားနိုင်ကြတယ်"

ဟု ပြောကာ အလောင်းစင်ကို ဖျက်ဆီး၍ အိမ်သို့ ပြန်လာကြလေသည်။

အားလုံးကိုတော့ ဦးတာတေအလောင်းကို တောထဲမှာ မြေမြှုပ်၍ သင်္ဂြိုဟ်ခဲ့ပြီဟု ပြောထားလိုက်သည်။

နီမောင်တို့လည်း မိမိတို့အိမ်ကို ပြင်ဆင်၍ ထိုအိမ်မှာပင် ရွှေ့ပြောင်းနေသော်လည်း နောက်ထပ် အနှောင့်အယှက်များ မတွေ့ရတော့ပေ။ ဤသို့ဖြင့် တစ်ပတ်ခန့် ကြာသောအခါ နီမောင်မှာ ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် ဦးတာတေကို ပြန်တွေ့ရသည်။

သူသည် ယခင်အဝတ်အစားများနှင့်ပင် ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပုံပန်းသဏ္ဍာန်များကတော့ ပြောင်းလဲသွားလေသည်။

ခါတိုင်းထက် အရပ်အမောင်းရော အလုံးအထည်ပါ ပိုကြီးလာပြီး တစ်ကိုယ်လုံးမှာလည်း အမွေးရှည်များ ပေါက်လာသည်။

မျက်လုံးက အပြင်ဘက်သို့ ပြူးထွက်လာပြီး ပါးစပ်ကြီးက ပိုကျယ်လာသည်။

ပါးစပ်ထဲမှ အစွယ်နှင့်သွားများကို မြင်နေရရုံမက အပြင်သို့ ထွက်နေသော လျှာကိုပါ တွေ့ရသည်။

ဦးတာတေက ယခင်ကလို အိမ်အတွင်းသို့ ဝင်၍မရတော့သဖြင့် နီမောင်က အိမ်အပြင်သို့ ထွက်သွားရသည်။

"ဟင် . . . ဦးလေး ဘယ်ရောက်နေတာလဲဟင်"

"ငါ မင်းတို့ပတ်ဝန်းကျင်မှာပဲ ရှိပါတယ်"

"ကျွန်တော်တို့လည်း မမြင်ရတော့ပါလား"

"ငါ့ဘဝက မင်းတို့မြင်လို့ မသင့်တော်တဲ့ဘဝမျိုး ရောက်နေပြီမို့ မင်းတို့ မမြင်နိုင်တာပါ၊ ဒါပေမယ့် ဒီနားတစ်ဝိုက်မှာပဲ ရှိပါတယ်၊ ဒါပေမယ့် အစားအသောက်ကတော့ ချို့ချို့တဲ့တဲ့ စားသောက်ရတာပေါ့"

"ဒီလိုဆိုရင် ကျွန်တော်တို့ ကျွေးပါ့မယ်၊ ဘယ်လိုကျွေးရမယ်၊ ဘယ်နေရာမှာ ကျွေးရတယ်ဆိုတာသာ ပြောပါ"

နီမောင်က စိတ်မကောင်းစွာဖြင့် မေးလိုက်သည်။

"ငါ့ကို အဲဒီလို ကျွေးရင်လဲ ကြုံကြိုက်မှပဲ စားရတော့မှာပါ၊ ဒါပေမယ့် ငါ စားရနိုင်တာ တစ်နည်းတော့ ရှိတယ်၊ မင်းတို့ဆီ





က အလုပ်သမားတွေ အလုပ်ဆင်းကာနီးရင် တောပိုင်၊ ချောင်းပိုင်တွေကို ထုံးစံအတိုင်း တင်မြှောက်ကြရတယ် မဟုတ်လား။ အဲဒီလို တင်မြှောက်တဲ့အခါ ငါ့အတွက် တစ်ပွဲထည့်ပြီး တင်မြှောက်ရင်ဖြင့် ငါ စားရနိုင်ပါတယ်"

"ကောင်းပါပြီ . . . ဦးလေး ပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"အဲဒီလို ထည့်ပြီး တင်မြှောက်ရင် အလုပ်ဆင်းတဲ့သူတွေကို အနှောင့်အယှက်တွေ မပေးနိုင်အောင် ငါ လိုက်ပြီး စောင့်ရှောက်ကာကွယ်ပေးမယ်၊ နောက် . . ငါးပုဇွန်တွေလည်း ခါတိုင်းထက် ပိုရအောင် ငါလုပ်ပေးမယ်"

"ဟုတ်ကဲ့ . အလုပ်ဆင်းတဲ့လူတွေကို ဦးလေးအတွက် တစ်ပွဲထည့်မြှောက်ဖို့ ကျွန်တော်ပြောပါ့မယ်"

"နောက်တစ်ခုက ငါ့သမီးတွေကိုလည်း မင်းပဲ စောင့်ရှောက်ပေးပါ၊ ဒါပေမယ့် အကြီးမ နှင်းမြကတော့ ကလေးမွေးပြီးတာနဲ့ သူပေးခဲ့တဲ့ကတိအတိုင်း ဘဝဟောင်းကို ပြန်ရမှာပဲ"

"ဟင် . . . ဘယ်ကို ပြန်ရမှာလဲ ဦးလေး"

"ကလေးတစ်ယောက် မွေးပြီးရင် ပြန်ခဲ့ပါမယ်လို့ သူ ကတိလွှန်ထားခဲ့တယ်၊ ဒါကြောင့် သူ့ကတိအတိုင်း ကလေးမွေးပြီးရင်တော့ သူ ပြန်ရမှာပဲ၊

ဒါပေမယ့် ဒီအကြောင်းကိုတော့ သူ လုံးဝမသိပါစေနဲ့ နီမောင်ရယ်၊ မသေခင် သူ့ကို စိတ်ချမ်းသာအောင်သာ ထားပေးပါကွာ"

ဟု ပြောရာ နီမောင်မှာ စိတ်မကောင်းလှနေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောရမှန်းပင် မသိတော့ပေ။

"နှင်းမြကို ကယ်လို့ မရနိုင်တော့ဘူးလား ဦးလေးရယ်"

"သူ့ရဲ့ဘဝအကြောင်းက ဒီလောက်ပဲ ပါလေတော့ ဘယ်သူကယ်လို့မှ မရနိုင်တော့ဘူးကွာ၊ ဖြစ်သမျှ အကြောင်း အကောင်းလို့သာ စိတ်ထဲမှာ ထားပါတော့၊

ကဲ. . . ငါသွားတော့မယ် နီမောင်၊ ငါမှာတာတွေကို လည်း မမေ့ပါနဲ့ကွာ"

နီမောင်က ခေါင်းညိတ်ပြလိုက်ရာ ဦးတာတေ၏ရုပ် သွင်မှာ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့ သည်။

နီမောင် အိပ်ပျော်ရာမှ နိုးလာသောအခါ မျက်လုံးအိမ် မှာ မျက်ရည်များ စို့စွတ်နေသည်။

သူသည် အိပ်ယာနံဘေးမှာ အိပ်နေသော နှင်းမြကို လှည့်ကြည့်လိုက်သည်။

နှင်းမြမှာ သူ့ဘက်သို့ လှည့်ကာ ခပ်စောင်းစောင်းက လေး အိပ်နေရာမှ သူမကိုယ်ကလေးမှာ တသိမ့်သိမ့် လှုပ်နေပြီး ရှိုက်သံသဲ့သဲ့ကိုပါ ကြားရလေသည်။

"ဟင်. . . နှင်းမြ နင်မအိပ်သေးဘူးလား၊ နင်ငိုနေတာ လားဟင်"

နှင်းမြထံမှ အဖြေပေးသံ မကြားရသဖြင့် ပခုံးကို လှုပ် မေးလိုက်သည်။

"နှင်းမြ ဘာဖြစ်လို့လဲဟင်"





"ငါ အိပ်မက်ထဲမှာ အဖေ့ကို တွေ့ရတယ်"

"ဟင်. . . ဘယ်လိုပုံစံမျိုးနဲ့ တွေ့ရတာလဲဟင်"

နှင်းမြ ပြောပြသောပုံစံမှာ နီမောင်တွေ့ခဲ့ရသောပုံစံနှင့် တထပ်တည်း တူလေသည်။

"ဟို. . . ဟို သူက ဘာတွေ ပြောသွားလဲဟင်"

ပြောသွားသော စကားများမှာလည်း သူ့ကို ပြောသွား သည့်စကားများအတိုင်း တစ်လုံးမှ မလွဲအောင် တူလေသည်။

နီမောင်မှာ ထိုအကြောင်းများကို နှင်းမြသိနေပြီ ဖြစ် သောကြောင့် စိတ်မကောင်း ဖြစ်သွားမိသည်။

"အိပ်မက်ဆိုတာ စိတ်စွဲလန်းရင်လည်း မက်တတ်တာ မျိုးဆိုတော့ ဒါတွေကို အစွဲအလန်း မထားနဲ့နော်"

ဟု ပခုံးလေးကို ကိုင်ကာ နှစ်သိမ့်မှု ပေးလိုက်လေ သည်။

"နီမောင်ရယ်. . . ငါ ဒီအကြောင်းတွေကို အစောကြီး ကတည်းက သိပါတယ်၊ ဒီအတွက်လည်း ဘာမှ မကြောက်ပါဘူး၊ ငါ့ဘဝမှာ နင်နဲ့ ပေါင်းခဲ့ရတာ တစ်ခုတည်းနဲ့တင် ကျေနပ်ခဲ့ပါ တယ်၊ တကယ်လို့ ငါ သေသွားခဲ့ရင်သာ ညီမလေး နှင်းလှကို သာ တစ်သက်လုံး စောင့်ရှောက်ပြီးတော့ ငါတို့ရဲ့ရင်သွေးလေး ကိုသာ ကြီးပြင်းအောင် မွေးပါတော့"

ဟု ဝမ်းနည်းကြေကွဲသံဖြင့် ပြောဆိုမှာကြားလေသည်။

"နှင်းမြကလည်း. . . ဒီအကြောင်းတွေကို စိတ်ထဲမှာ မထားပါနဲ့၊ လူ့လောကဆိုတာ ကိုယ်ထင်သလို ဖြစ်ချင်မှ ဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆိုတော့ နှင်စွဲလန်းသလို ဖြစ်ချင်မှ ဖြစ်မှာပါ"

ဟု နှင်းမြ၏ကိုယ်ကလေးကို ထွေးဖက်၍ နှစ်သိမ့်မှု ပေးလိုက်ရလေသည်။

သို့စေကာမူ . . .

နီမောင်ရင်ထဲမှာလည်း စိုးရိမ်စိတ်ကြောင့် ပူလောင်လျက် ရှိလေသည်။



BURMESE CLASSIC .com



## အခန်း [ ၁၆ ]

## ချစ်ခြင်းဖြင့် သံသရာတည်စေ

နောက်ထပ် နှစ်အနည်းငယ် ကြာသောအခါ ထော်ပိုင်ရွာ၌ နီမောင်တို့၏စီးပွားရေးအခြေအနေမှာ တစ်နေ့တစ်ခြား တိုးတက်လာပြီး ချမ်းသာသူတစ်ယောက်ဘဝသို့ ရောက်ခဲ့ပေပြီ။

ငါးပုဇွန်ရွှေသော ရေစင်ကြီးကိုပင် ချောင်းအပြည့် ထိုး၍ နေ့ရောညပါ အလုပ်သမားများဖြင့် ငါးရွေး၊ ပုဇွန်ရွေး၊ ငါးခုတ် ပုဇွန်ခေါင်းဖြုတ်အလုပ်များ လုပ်ကြရသဖြင့် မီးရောင်တထိန်ထိန်နှင့် ရှိသလို လူသံသူသံများကလည်း မပြတ်တော့ပေ။

ယခုအခါ နီမောင်ဘဝမှာလည်း အပြောင်းလဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲခဲ့ချေပြီ၊ ဦးတာတေပြောသည့်အတိုင်း နှင်းမြခမျာမှာ တော့ သားဦးယောကျ်ားကလေး မွေးဖွားပြီးသည်နှင့် မီးတွင်းထဲမှာတင် သွေးတက်၍ သေဆုံးသွားခဲ့လေသည်။

ဒီတကြိမ်တော့ တကယ်သေဆုံးသွားခြင်း ဖြစ်သောကြောင့် နီမောင်ကိုယ်တိုင် ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်ရလေသည်။

နောက်ပိုင်းမှာတော့ တစ်ပွဲစား ဦးတာတေ၏ကူညီစောင့်ရှောက်ပေးမှုကြောင့် လုပ်ငန်းများမှာ အနှောင့်အယှက်များ ကင်းကာ တစ်နေ့တစ်ခြား ကြီးပွားတိုးတက်လာခဲ့လေသည်။

ဦးတာတေအတွက်လည်း အလုပ်ဆင်းကာနီးတိုင်း အရက်၊ ငါးဟင်း၊ အမဲဟင်းလျာ၊ ထမင်း စသည်တို့နှင့် တစ်ပွဲသီးသန့်ပြင်၍ တင်မြှောက်သော အလေ့အကျင့် ပြုလုပ်ခဲ့ကြသည်။

နီမောင်တို့က ထိုသို့ ပြုလုပ်သဖြင့် အလုပ်ဆင်းသည့် အခါတိုင်း အနှောင့်အယှက် အခြောက်အလှန့်များ ကင်းကာ ငါး ပုဇွန်များ ဖြစ်မြောက်အောင် ရသဖြင့် အခြားလူများကလည်း ယုံကြည်မှု ရှိကာ ထိုနည်းအတိုင်း လိုက်လုပ်ကြရာမှ အရပ်ဓလေ့တစ်ခုလို ဖြစ်လာတော့သည်။

နောက်ပိုင်းကာလ အချိန်ကြာမြင့်လာသောအခါ အရပ်ဓလေ့မှ အစဉ်အလာတစ်ခုကဲ့သို့ ဖြစ်လာတော့သည်။

ရေလုပ်သား အတော်များများတို့မှာ တစ်ပွဲစား ဦးတာ





တေကို မတင်မြှောက်ပဲ အလုပ်မဆင်းဝံ့ကြ‌ေ။

ထိုကဲ့သို့ ဆင်းမိလျှင် သရဲခြောက်ခြင်းတဲ့သို့ အနှောင့်အယှက် အမျိုးမျိုးတို့ဖြင့် ကြုံတွေ့ကာ ငါးပုဇွန်လည်း မရကြတော့ပေ။

ကြာလာတော့ အဘိုး၊ တောပိုင် တောင်ပိုင်နတ်များ အပြင် တစ်ပွဲစားတာတေအတွက်ပါ တစ်ပွဲထိုးကြလေရာ မိန်းမလှကျွန်း မျောက်တစ်ရာနှင့် ထော်ဆီထော်ပိုင်တကြောမှာတော့ နာမည်ကျော်ကြား လူသိများခဲ့ရပေသည်။

နောက်ပိုင်း နှင်းမြ မရှိတော့သည့်နောက်ပိုင်းတွင် နီမောင်မှာ နှင်းလှကို တရားဝင် ဇနီးမယားအဖြစ် အသိအမှတ်ပြုကာ ပေါင်းသင်းနေထိုင်လေသည်။

ထိုအခါ နှင်းလှက ပြောသည်။

"ကျွန်မမှာလည်း မပိုင်ဝက်မွေးဘဝနဲ့ နေခဲ့ရတာ၊ အခုမှပဲ စိတ်ချလက်ချ ရှိတော့တယ်"

"ဘာဖြစ်လို့လဲ နှင်းလှရဲ့"

"ဘာဖြစ်ရမလဲ အစ်ကိုရဲ့၊ အစ်ကိုနဲ့ လက်ထပ်ထားရပေမယ့် တရားဝင် နေခွင့်ရတာမှ မဟုတ်တာ၊ ကျွန်မဘဝက နေ့ထွက် မင်းသမီးဘဝလိုပဲ နေ့ဘက်မှာသာ အတူတူ ဟန်မပျက်နေရပေမယ့် ညဘက်ရောက်တော့ အစ်ကိုက အစ်မနှင်းမြနဲ့ အတူတူ နေတာ မဟုတ်လား၊ ဒါကြောင့် ကျွန်မက နေ့ထွက်မင်းသမီး၊ အစ်မ နှင်းမြက ညထွက်မင်းသမီး ဘဝမျိုးနဲ့ တူနေတာပေါ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ နီမောင်မှာ စိတ်မကောင်းဖြစ်သွားမိလေသည်။

"ဒါကတော့ နှင်းလှုရယ်၊ လုပ်ချင်လို့ လုပ်ရတာ မဟုတ်ပါဘူး၊ အခြေအနေအရ လုပ်ခဲ့ရတာပါ၊ နောက်ပြီး နှင်းလှုအဖေဦးတာတေရဲ့သဘောအတိုင်း လုပ်ခဲ့ရတာပါ"

"အဖေ့သဘောအတိုင်း လုပ်ခဲ့ရတာ ကျွန်မလည်း သိပါတယ်၊ ဒါပေမယ့် တကယ်တော့ အစ်ကိုက နှင်းလှုကို တကယ်ချစ်တာ မဟုတ်ပါဘူး၊ အစ်မနှင်းမြကိုပဲ တကယ်ချစ်ခဲ့တာ မဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး"

"အဖေရဲ့သဘောအတိုင်း ကျွန်မကို ဟန်ဆောင်လက်ထပ်ခဲ့တာကလွဲပြီး ကျွန်မကို မချစ်ဘူး မဟုတ်လား"

"ဟိုတုန်းက နှင်းမြ ရှိနေလို့ နှင်းလှုကို ညီမလေးတစ်ယောက်လို သံယောဇဉ် ထားခဲ့တာ မှန်ပါတယ်၊ အခု နှင်းမြမရှိတော့တဲ့အချိန်မှာတော့ နှင်းလှုကို ဘဝလက်တွဲဖော်တစ်ယောက်အနေနဲ့ ချစ်ပြီး တစ်သက်လုံး သစ္စာရှိရှိနဲ့ လက်တွဲသွားပါမယ်လို့ ကတိပေးပါတယ်"

ဟု ပြောဆိုကာ နှင်းလှုကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေသည်။

"ကျွန်မကတော့ ဘယ်လိုဘဝမျိုးနဲ့ပဲ နေရနေရ ကျေနပ်ပါတယ်၊ အခုဆိုရင် အစ်မနှင်းမြရဲ့ရင်သွေးကလေးကိုလည်း ပြုစုစောင့်ရှောက်ရဦးမှာဆိုတော့ သူ့အတွက် ပိုပြီးကျေနပ်စရာ





ကောင်းပါတယ်"

"တကယ်တော့ နှင်းလှုရယ်၊ ဘဝကံကြမ္မာဆိုတာ ကိုယ်တိုင် ပြုပြင်လို့ ရတာမျိုးမှ မဟုတ်တာကွယ်၊ သူ ပြုပြင်သမျှအားလုံးက လိုက်နာကြရတယ် မဟုတ်လား၊

အခု ကိုယ်တို့ဘဝပဲ ကြည့်လေ၊ တကယ်ချစ်ခဲ့တာက နှင်းမြ၊ ဘဝလက်တွဲဖော်အဖြစ် နေရတာက နှင်းလှုမဟုတ်လား၊ ဘာပဲဖြစ်ဖြစ် သဘာဝတရားက ပေးလာခဲ့တဲ့ ကံကြမ္မာတရားအတိုင်း လက်ခံပြီး အကောင်းဆုံးဖြစ်အောင်သာ ကြိုးစားကြရမှာပေါ့ကွယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတင်းတင်းဆုပ်ကိုင်ထားလိုက်ကြသည်တွင် ပရဆန်းကြယ် ပရိသတ်များအတွက် အထူးတင်ဆက်သော (မျောက်တစ်ရာမှ တစ်ပွဲစားတာတေ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီဿာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြိုသစ်

စာပြီးချိန်။ ။(၂၀၀၈)ခုနှစ်၊ ဒီဇင်ဘာ(၁၀)ရက်၊ အင်္ဂါနေ့၊ နေ့လည်(၁)နာရီ။



www.burmeseclassic.com